
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

**ဦးအောင်စိုး (မုဒ္ဒ) စီစဉ်သည်**


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၅၀၂၀

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၆၁၂၀

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ သြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ - စောမင်းဝေ

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုပေါက်

မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး

စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၁၊ ဇူလိုင်လ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၀၀ ကျပ်

ဖြန့်ချိရေး — [illegible]

အမှတ် ၁၇၅(B)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၇၃၀၅၁၆၆၄



၈၉၅.၈၃

မိုးစက်ဝိုင်

ကျောင်းစိမ်း / မိုးစက်ဝိုင် ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၀ ။
၁၆၈ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ကျောင်းစိမ်း


www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ငယ်သူငယ်ချင်းတစ်ယောက်နဲ့ တွေ့လို့ပဲဖြစ်ဖြစ်၊ ကျောင်းစိမ်းဝတ်စုံနဲ့ ကျောင်းသားကျောင်းသူလေးတွေကို တွေ့မိလို့ပဲဖြစ်ဖြစ်၊ ငယ်စဉ်တုန်းက ကျောင်းသားဘဝတွေကို ပြန်လွမ်းမောမိရင်ပဲ ဖြစ်ဖြစ်ပေါ့ . . .

ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ရင်ဘတ်ချင်း မညီနိုင်ပေမယ့် အားလုံးရဲ့ရင်ထဲမှာ ရွှေချထားတဲ့ ကျောင်းစိမ်းကာလာတွေ ရှိကြမှာပါ။ ဒီဝတ္ထုလေးဖတ်ပြီး ပြန်သတိရမိတယ်ဆိုရင် ကြိုးစားရကျိုးနပ်ပါပြီ။

ကဲ· · ·ကျွန်တော်တို့ ကျောင်းစိမ်းဝတ်စုံလေးတွေ ခဏလောက် ပြန်ဝတ်ကြည့်ရအောင်။

ငယ်သူငယ်ချင်းတွေကို သတိရလျက်

ကျွန်တော်

မိုးစက်ဝိုင်း




www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

ကောင်းကင်ဟာ အလင်းတန်းတွေကို အဝါစွေးစွေး ပစ်ချပေးနေတယ်။ လက်ဖက်ရည်ဆိုင်လေးရဲ့ ရှေ့မျက်နှာစာခြမ်း တစ်ဝက်လောက်ကို ဖြန့်မိုးထားသလိုပဲ။ ဒါဟာ နေမြင့်လာပြီဆိုတဲ့ ပြကွက်တစ်ခုပါ။ ဆိုင်လေးထဲမှာ သူ့သူ့ကျွဲပါးစပြုလာတယ်။ ကျွန်တော်တို့အုပ်စုကတော့ လူစုမကွဲကြသေးဘူး။ အားလုံးရဲ့ရင်ထဲမှာ တစ်စုံတစ်ခုကို ဆွဲဝေရင်ခုန်နေကြတယ်။

ဒီနေ့ဟာ ကျွန်တော်တို့ရဲ့ဘဝကို တစ်ဆစ်ချိုးပေးမယ့် ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ပါ။ ကျွန်တော်တို့အုပ်စု အကုန်လုံးလိုလို အောင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးထဲမှာ ဖိုးဇော်တစ်ကောင်ပဲ စာမေးပွဲရှုံးတာကိုး။ ကျွန်တော်တို့ဟာ လတ်တလော ပျော်ရွှင်ဖို့အတွက်ရယ်၊ အနာဂတ်အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့အတွက်ရယ် တစ်ယောက်နဲ့တစ်ယောက် ကြိုးညှိနေကြတာပေါ့။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြတယ်။ လက်ဖက်ရည်





ဆိုင်ပိုင်ရှင် ကိုညီကလည်း ရေနွေးကြမ်းတွေ တစ်အိုးပြီးတစ်အိုး လာချပေးနေလေရဲ့။ ကျွန်တော်တို့အုပ်စု စာမေးပွဲအောင်တာကို သူပါ ရောယောင်ပြီး ဝင်ပျော်နေပုံရတယ်။ ကျွန်တော်တို့ကလည်း စာမေးပွဲနီးတုန်းက ပြဿနာတွေ အမျိုးမျိုးဖြစ်ခဲ့တာကိုး။ ခုတော့ အားလုံးဟာ မပြယ်လွင့်ပေမယ့် ပြီးဆုံးသွားပါပြီ။ လူငယ်တွေပီပီ ကျွန်တော်တို့ခေါင်းထဲမှာ ဘာမှ အငြိုးအတေးတွေ ရှိနေမှာ မဟုတ်ပါဘူး။ ဟိုး အရင့်အရင်လို လွတ်လပ်ပျော်ရွှင်နေဆဲပါ။

တစ်ခုတော့ ပြောစရာရှိတယ်။ ကျွန်တော်တို့ ဝိုင်းတစ်ဝိုင်းလုံး ဆူညံပြောဆိုနေကြပေမယ့် ဖိုးဇော်တစ်ယောက်ကတော့ ငြိမ်ဆိတ်နေတယ်။ ဖြစ်သင့်ပါတယ်။ စာမေးပွဲကျတာကိုး။ စာမကျက်လို့ ကျတာပေါ့လို့ မပြောပါနဲ့။ ဒီကောင်က ဉာဏ်နည်းနည်းထိုင်းတယ်။ ဒါနဲ့ပဲ စပေါ်လိုက်ပြီး ရွေးကျက်ထားတာတွေက စာမေးပွဲမေးခွန်းမှာ ပါမလာဘူး။ ဘယ် သူမှ မကယ်နိုင်ဘူးလေ။ ဒါပေမဲ့ ဒီကောင်က မိဘတွေ ပိုက်ဆံတတ်နိုင်ပါတယ်။ နောက်လာမယ့်နှစ်ကို ရန်ကုန်မှာ သွားထားပေးမယ်ပြောလို့ ရှုံးလည်း ပျော်နေသလိုပဲ။ ငြိမ်နေတာက ဒီကောင် ရန်ကုန်သွားတက်ရမှာကို စိတ်ကူးယဉ်နေတာပါ။

အဲ . . . နောက်တစ်ယောက် ငြိမ်နေတာက ကျွန်တော်ပဲ။ ကျွန်တော်က စာမေးပွဲကို ဂုဏ်ထူးတစ်ဘာသာမှ မပါပေမယ့် အမှတ်တွေ မနည်းလောက်ဘူးဆိုတာ ဖြေခဲ့တဲ့ကိုယ်တိုင် သိပါတယ်။ ခု ဆယ်တန်းအောင်ပေမယ့်လည်း ကျန်တဲ့ကောင်တွေလို ရန်ကုန်မှာ တက္ကသိုလ်တစ်ခုခု သွားတက်ရမှာ မသေချာသေးပါဘူး။ အဖြေကတော့ ကျွန်တော်တို့မိသားစုရဲ့ စားဝတ်နေရေးအခြေအနေအရ အဝေးသင်တော့ တက်ဖြစ်မယ် ထင်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ညီလတ် ...ငါမေးနေတာ ကြားရဲ့လား"

"အန် ... ဘာလဲ"

ကျွန်တော်က ပြန်မေးလိုက်လို့ ဟန်လင်းဦးမျက်နှာကြီး ရှုံ့မဲ့သွားတယ်။ တစ်ဆက်တည်းပဲ ...

"မင်းကွာ ...ဒီလောက် ပြောနေကြတာကို မင်းအာရုံတွေ ဘယ်ရောက်နေတာလဲ"

"ဒီလိုပါပဲ၊ ဘာလဲ ...ခနီရည်သွားသောက်ကြတော့မှာလား"

"ရှီးတဲ့မှာပဲကွာ ...ဒီအချိန်ကစပြီးသောက်ရင် အကုန် ဖင်ထောင်နေမှာပေါ့၊ ခုနက ငါပြောတာက မင်း ခု စာမေးပွဲ အောင်ပြီဆိုတော့ ဘယ်ကျောင်းတက်မယ် စိတ်ကူးထားလဲလို့ မေးတာ၊ ငါတော့ နည်းပညာကောလိပ် လျှောက်မလားလို့"

"ငါက ဘယ်မေဂျာပဲရရ ...ဒေး (day) ပဲတက်မယ်"

ဖိုးချိုက ဝင်ပြောတာပါ။ ဘေးနားက ညီညီနိုင်ကလည်း

"ဒါဆိုရင်တော့ မင်းနဲ့ငါ အတူတူပဲ၊ တက္ကသိုလ်ဓာတ်လမ်းတွေ ဖတ်ထားတာ ...ခုမှ အကောင်အထည်ဖော်နိုင်တော့မယ် ...အဟိ"

"အင်း ...ငါကတော့ ဗိုလ်သင်တန်း လျှောက်မလားလို့ စဉ်းစားနေတယ်"

ညဏ်ထွန်းလင်းအပြောကို ဘယ်သူမှ ဘယ်သူ့ကို မကန့်ကွက်ကြပါဘူး။ ကိုယ့်အိပ်မက်ကို ကိုယ်တိုင်ရွေးချယ်နေကြတာပါ။ တစ်ယောက်တစ်ပေါက်ပြောကြရင်းနဲ့ ညဏ်ထွန်းလင်းစကားဆုံးတော့ ဟန်လင်းဦးက ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။





"အဲဒါကြောင့် မင်းကိုမေးနေတာ၊ ဒီကောင် ဖိုးဇော်ဆိုလည်း ရန်ကုန်မှာ ကျောင်းပြန်သွားတက်မယ်ဆိုတော့ ငါတို့နဲ့ အဆက်အသွယ် ပြတ်စရာမရှိဘူးလေ"

"ကောင်းတာပေါ့ကွာ၊ ငါတို့သဘောကတော့ ဘယ်ရောက် ရောက် ငယ်သူငယ်ချင်းတွေနဲ့ပဲ တွဲချင်တာပဲ"

ညီညီနိုင့်စကားဆုံးတော့ ကျွန်တော်က ...

"ငါ့အနေအထားနဲ့က ပြောလို့မရသေးပါဘူးကွာ၊ ဒေး (day) ပဲ တက်ဖြစ်မလား၊ အဝေးသင်ပဲ တက်ဖြစ်မလား မသိသေးဘူး"

အားလုံးရဲ့မျက်နှာတွေဟာ နည်းနည်း စိတ်မကောင်းဖြစ်သွားကြတယ်။ တကယ်လည်း အချို့တဲ့ဆုံးက ကျွန်တော်ပဲလေ။ ကျွန်တော့်တစ်ယောက်အတွက်နဲ့တော့ အားလုံးကို စိတ်မကောင်း မဖြစ်စေချင်ပါဘူး။

ဒါနဲ့ပဲ စကားကို ဖော့လိုက်ရတယ်။

"ကဲပါကွာ ...ဘာမှတောင် မလျှောက်ရသေးဘဲနဲ့၊ ပြီးတော့ ဘာမေဂျာတွေ, ဘယ်ကျောင်းတွေလဲဆိုတာလည်း မသေချာသေးတာ။ ခု သေချာတာကတော့ ကရင်ကြီးဆိုင်ပဲ၊ စာမေးပွဲနေအောင်တဲ့နေ့မှာ နည်းနည်းတော့ ကဲရအောင်"

ကျွန်တော်ပြောလိုက်လို့ မျက်နှာတွေအားလုံး ဝင်းတောက်ပသွားကြတယ်။ ဟုတ်တယ်လေ ...အထိမ်းအမှတ်ဆိုတာ ရှိသင့်တာပေါ့။

"ဟိုကောင် ဖိုးဇော် ..မင်းက ကျတယ်ဆိုပြီး စွတ်မသောက်နဲ့နော်"

"အောင်မာ ...မင်းကများ၊ မင်းသာ ခနီရည်ကို ပေးသွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဖုတ်နဲ့မြည်းပြီး မအနံ့နဲ့၊ ဟိုတစ်ခါ မင်းအန်တော့ ချေးစော်နံ
တယ်''

မသောက်ရသေးဘူး။ ဖိုးဇော်နဲ့ ဟန်လင်းဦးတို့က စငြိနေပြီ။

''ကဲ ကဲ ...တော်၊ ပါသမျှ အသပြာတွေ ထုတ်ကြတော့ ... အားလုံးစုလိုက်မယ်''

အားလုံးထဲမှာ စာမေးပွဲကျတဲ့ ဖိုးဇော်ရဲ့အလှူငွေက အများဆုံးပဲ။ ဒီကောင်က ပိုက်ဆံပြေလည်သလောက် သူငယ်ချင်းတွေကို ကျွေးချင်မွေးချင်စိတ် ရှိတယ်။ စုလိုက်တဲ့ပိုက်ဆံထဲကပဲ လက်ဖက်ရည်ဖိုးကို ရှင်းလိုက်တယ်။

ဆိုင်ပိုင်ရှင်ကိုညီက ကျွန်တော်တို့စားထားတာတွေကို ကြည့်ပြီး

''အင်း ...ငါ့ဆရာတွေ စားထားတာတွေထဲက မုန့်ဖိုးပဲ ယူလိုက်မယ်၊ လက်ဖက်ရည်ဖိုးတွေကိုတော့ မင်းတို့ အောင်ပွဲသွားခံရင် ထည့်သုံးလိုက်တော့''

''ဟေး''

တညီတညွတ်တည်း အော်လိုက်ကြတယ်။ ဒါတောင် ကိုညီက သူ့မိန်းမ မနန်းရှိနေလို့ ...မဟုတ်ရင် တစ်ပြားမှတောင် ယူမှာ မဟုတ်ဘူး။ ကိုညီက လူငယ်ဆန်ပြီး ကျွန်တော်တို့နဲ့ လုံးထွေးနေသလောက် မနန်းက မိန်းမပီပီ စီးပွားရေးဆန်ပါတယ်။ အင်းလေ ... ဈေးရောင်းနေတာကိုး။ ပြီးတော့ ကိုညီက မနန်းကိုလည်း ကြောက်တယ်။ (ဒါတောင် ကိုညီက တစ်ခါတစ်ခါ ရန်ကုန်ကို ဈေးဝယ်တက်ရင်း သူရဲ့ လျှို့ဝှက်သည်းဖိုဇာတ်လမ်းလေးတွေကို လက်သိမ်ထိုးခင်းလာတတ်သေးတယ်)

ပိုက်ဆံရှင်းလို့အပြီးမှာ ဖိုးဇော်က ဆိုင်အပြင်ဘက်ကို လှမ်း





ကြည့်ရင်း ...

''ညီလတ် ...မင်းသတိရသေးလား ...မနှစ်က ကျောင်းမဖွင့်ခင် တစ်ပတ်လောက်က ဒီဆိုင်မှာ ငါတို့ ထိုင်တုန်းကလေ''

''ဘာလဲဟ''

ရုတ်တရက်ဆိုတော့ ဘာမေးမှန်းမသိဘူး။ အရင်းမရှိ အဖျားမရှိ ဆိုတာမျိုးပေါ့။

''ခုလိုပဲ ပြောနေကြတယ်လေကွာ ...ဆယ်တန်းတက်ရတော့မယ်ဆိုတော့ အောင်ရင် ဘာလုပ်ကြမလဲဆိုပြီးတော့လေ''

''ဟာ ဖိုးဇော်ရာ ...ဒီအချိန်မှာ ညီလတ်ကို အစပြန်ဖော်ပေးမနေနဲ့တော့၊ ဒီကောင်တောင် အတင်းမေ့ထားတာကို''

စိတ်မကောင်းဖြစ်မှာစိုးလို့ ညီညီနိုင်က ဝင်တားလိုက်ပေမယ့်လည်း ကျွန်တော့်စိတ်အာရုံတွေဟာ ချက်ချင်းပဲ နောက်ပြန်လှိမ့်ဆင်းသွားတော့တယ်။ ဟုတ်တယ် ...။ အဲဒီနေ့က ခုလိုပဲ ရင်ခုန်တက်ကြွနေခဲ့ကြတာ။ ကျွန်တော့်စိတ်အာရုံထဲ မြင်ကွင်းတစ်ခုက ဖျတ်ခနဲ ပေါ်လာတယ်။

မိုး ...မိုးရယ်၊ ငါမှတ်မိနေသေးတယ်။

❖

''ညီလတ် ...မင်း ဆယ်တန်းအောင်ရင် ဘာလုပ်မလဲ''

အဲဒီနေ့တုန်းက ဖိုးဇော်မေးတဲ့အချိန်မှာ ကျွန်တော့်အကြည့်ဟာ ဆိုင်အပြင်ဘက် လမ်းမကိုရောက်သွားတယ်။ အောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် စက်ဘီးလေးစီးပြီး ဖြတ်သွားတာပါ။ သူ့နာမည် ကျွန်တော်မသိသေးဘူး။ ချစ်စရာကောင်းလွန်းတဲ့ ဖြူဖြူသေးသေး ကောင်မလေးတစ်ယောက် ရပ်ကွက်ထဲကို ပြောင်းလာတယ် ဆိုတာလောက်ပဲ သိသေးတယ်။ ဖြစ်နိုင်ရင် ကျွန်တော် သူ့ကို လိုက်စချင်မိတယ်။ သူ ဘယ်နှစ်တန်းရောက်ပြီလဲ မသိဘူး။ ကျွန်တော့်လို ဆယ်တန်းတက်ရမှာ ဆို သိပ်ကောင်းမှာပဲ''

တွေးရင်းနဲ့ ဖိုးဇော်အမေးကို ရယ်ပြီး ...

''မင်း မှတ်မိသေးလား ... ဟို ငပိန်ဇော်ဇော်ဆိုတဲ့ကောင် မီးစက်ဝင်းထဲက ခင်သီတာအေးကို စာပေးလို့ ထီးနဲ့ရိုက်တုန်းကလေ ဆရာမ ဆုံးမတာကို''

''ဘာတုံးဟ ... ဘယ်က ငပိန်ဇော်ဇော်က ပါလာရတာလဲ''

ဖိုးဇော်က ကြောင်တက်တက်နှင့် ပြန်မေးနေတယ်။

''ဩော် ... ဆရာမက မင်းတို့ ဒါတွေ စိတ်ကူးရမယ့် အရွယ် မဟုတ်သေးဘူးတဲ့၊ ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်မှ စဉ်းစားကြတဲ့''

''ဘာဆိုင်လို့လဲကွာ''

''ဆိုင်တာပေါ့၊ ငါလည်း ဆယ်တန်းအောင်ရင် ရည်းစားတစ်ယောက်လောက် ထားမလားလို့ ... ဟဲ ဟဲ''

''ကောင်းလိုက်တဲ့စိတ်ကူး ... တော်တော်ရည်မှန်းချက်ကြီးတဲ့ကောင်''

အဲဒီတုန်းက ဟန်လင်းဦးရဲ့ ငေါ့တော့တော့စကားကို ကျွန်တော် ရယ်ကျဲကျဲလုပ်နေခဲ့တယ်။ ကျွန်တော်က ဟိုကောင်မလေးကို မြင်ပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် ရွှတ်နောက်နောက်ပြောလိုက်တာကိုး။





ကျောင်းတွေစဖွင့်တဲ့နေ့မှာတော့ အဲဒီကောင်မလေးဟာ ကျောင်းစိမ်းဝတ်စုံလေးနဲ့ ကျွန်တော်တို့ရဲ့ အထက (၁) ကျောင်းတော်ကြီးဆီ ရောက်လာပါတော့တယ်။ ရှင်းသန့်ပြီး ချစ်စရာကောင်းတဲ့ ကျောင်းစိမ်းကောင်မလေးကို အတန်းကြီးကျောင်းတော်သား တော်တော်များများ သတိထားမိသွားကြတာပေါ့။ ဒါပေမဲ့ သူ ဘယ်အတန်း၊ ဘယ်အခန်းမှာ တက်မယ်မှန်း ဘယ်သူမှ မသိကြသေးဘူး။

ကျွန်တော့်အတွက်ကတော့ တိုက်ဆိုင်တယ်လို့ ပြောရမလား။ ကျောင်းစိမ်းကောင်မလေးရဲ့ နာမည်နဲ့ အတန်း၊ အခန်းတွေကိုပါ သိလိုက်ရတယ်။ အဲဒါထက်ထူးခြားတာက ကျွန်တော့် ကျောင်းစိမ်း အသစ်ကလေးကို ဈေးဦးပေါက် 'စ' လိုက်ရတာပဲ။

မိုးရယ် ...

အဲဒီတုန်းက မျက်စောင်းဖြူဖြူလေးကို ငါ အခုထိ အမှတ်ရနေတုန်းပါ။ ဒါပေမဲ့ နင် နောက်ဆုံး သူများတွေကို နှုတ်ဆက်နေတုန်းက ငါ့ကို နင် တစ်ချက်ပဲ လှမ်းကြည့်ခဲ့တယ်။ နင့်ရဲ့အကြည့်ထဲက မီးတောက်တွေကို ငါ့အတွက် လောင်မြိုက်ဖို့ ထားရစ်ခဲ့တာလား မိုးရယ်။ ငါလေ ငါလေ ... နင့်ကို ရှင်းမပြချင်တော့ဘူးဟာ။ ဘာဖြစ်လို့လဲဆိုတော့ ငါ နင့်ကို ...

ကျွန်တော့်ရဲ့မှတ်ဉာဏ်တွေဟာ မေ့မရတဲ့ ကျောင်းစိမ်းကာလများဆီ ပြန်လည်ချဲ့ထွင်နေပါတော့တယ်။ လူတိုင်း ရင်ထဲမှာလည်း ရွှေချထားတဲ့ ကျောင်းစိမ်းကာလတွေ ရှိနေမှာ အသေအချာပါပဲ။ အလွမ်းဆိုတာဟာ ကာလတိုင်းအတွက် အဖိုးတန် သဲလွန်စတွေပဲ မဟုတ်လား ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ကျောင်းစဖွင့်တဲ့နေ့ဆိုရင်ပဲ ကျောင်းလမ်းတစ်လျှောက်နဲ့ ကျောင်းဝန်းထဲမှာ အဖြူအစိမ်းတွေ ယိမ်းနွဲ့နေကြတယ်။ နံနက်ခင်းရဲ့ လေပြည်နဲ့အတူ ရင်ဖွင့်ထားတဲ့ ကျောင်းတော်ကြီးဆီ အုပ်ဖွဲ့စီးဝင်ကြ။ ခေါင်းလောင်းသံတို့ စည်ဝေရာဒေသဖြစ်တဲ့ ဒီဒေသဟာ ကျွန်တော်တို့ရဲ့တောင်ပံတွေကို အမြင့်ဆုံး ခတ်ထုတ်ပေးနိုင်ဖို့ အသင့်ဖြစ်နေလောက်ပြီ။

ဒီလို ကျောင်းစဖွင့်တဲ့နေ့ဟာ အရမ်းပျော်စရာကောင်းတယ်။ ကိုယ်တက်ရမယ့်အတန်းမှာ နေရာယူကြ၊ စကြ နောက်ကြနဲ့ နေ့တစ်ဝက်လောက်အထိ စာကို ဟုတ်တိပတ်တိသင်ရတာ မဟုတ်ဘူး။ လူအစုံဆုံးနေ့ဆိုရင်လည်း ဒီနေ့ကို ပြရမှာပဲ။ နယ်မြို့လေးရဲ့ အထက်တန်းကျောင်းဆိုတဲ့အတိုင်း ကျွန်တော်တို့ကျောင်းဟာ ခြံဝန်းအကျယ်ကြီးပါ။ အထဲမှာ ငါးတန်းကနေ ခုနစ်တန်းအထိ ကျောင်းဆောင်တစ်ဆောင်နဲ့ ရှစ်တန်းက ဆယ်တန်းအထိ ကျောင်းဆောင်ကြီးတစ်ဆောင်ရှိတယ်။





ကျောင်းဆောင်နှစ်ဆောင်ကြားမှာ ပန်းဥယျာဉ်နဲ့ကပ်လျက် မုန့်ဆိုင်တန်းလေးကွေ့လည်း စီရီလျက်ပါပဲ။ ကျောင်းခြံဝန်းပတ်ပတ်လည်မှာလည်း သီးပင်စားပင်တွေနဲ့ အပြင်ဘက်မှာ ဘောလုံးကွင်းကြီး ရှိတယ်။ အထက်တန်းကျောင်း လေးကျောင်းရှိတဲ့ ဒီမြို့နယ်မှာ ကျွန်တော်တို့ကျောင်းက နာမည်အရဆုံးပဲ။ ပညာရေးက အစ . . . အားကစားအဆုံးပေါ့။

ကျွန်တော်တို့ ကျောင်းကိုရောက်တော့ တက်ရမယ့်အခန်းကို သွားကြည့်ကြတယ်။ ဒီနေရာမှာ စာသင်ခန်းကြီးကို ကောင်း,မကောင်း ခုံတွေ ကျိုး,မကျိုး သွားကြည့်ကြတာမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့ကျောင်းမှာက မနှစ်ကအောင်တဲ့ ရမှတ်တွေနဲ့ တက်ရမယ့်အခန်းတွေကို အဆင့်အလိုက် သတ်မှတ်ထားတယ်။

စာကပ်ထားတဲ့ သင်ပုန်းကြီးကိုကြည့်ရင်း ဟန်လင်းဦးက ညည်းတယ်။

''အင်း . . . ထင်တော့ထင်သားပဲ . . . ငါ ဒီ (D) အခန်းမှာပဲ တက်ရမယ်ဆိုတာ''

ဖြစ်မှဖြစ်ရလေလို့ ကျွန်တော်တွေးမိတယ်။ အကျတွေထားတဲ့ အီး (E) အခန်းနဲ့ အက်ဖ် (F) အခန်းနဲ့မှ ဆယ်တန်းက ငါးခန်းပဲရှိတာကို။ အီး (E) မဟုတ်တဲ့ ဒီ (D) အခန်းကတော့ ဆယ်တန်းနှစ်သစ်တွေအတွက် ဘိတ်ချေးအခန်းပေါ့။ ဘဝတူတွေမို့ ကျွန်တော်က အားပေးလိုက်တယ်။

''မင်းက ပြင်းစီးပြီး အောင်လာတာကိုး။ ဒါပေမဲ့ **စိတ်ဓာတ်** မကျပါနဲ့ကွာ . . . မင်းအောက်မှာ ဆရာမကြီးတစ်ယောက်လုံး **ရှိပါသေး**တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဘယ်လို"

"ကိုးတန်းအောင်စာရင်းကပ်တုန်းက မင်းနာမည်ပြီးရင် မျဉ်း ပိတ်လိုက်ပြီလေ၊ အဲဒါ မင်း မျဉ်းစီးပြီးအောင်တာပေါ့၊ ဒါပေမဲ့ မင်း အောက်မှာ ပုံ ဒေါ်အုန်းမေ ဆရာမကြီးဆိုပြီး ရေးထားတာ မတွေ့ဘူး လား"

"မင်းကွာ ... ပေါက်ပေါက်ရှာရှာ တွေးတတ်တယ်"

ကျွန်တဲ့ကောင်တွေကလည်း တခွီးခွီးနဲ့ ရယ်ကြတော့တယ်။ ဖိုးဇော်က ကျွန်တော့်ဘက်လှည့်ပြီး ...

"ဒါနဲ့ ညီလတ် ... မင်းလည်း ခု ငါတို့လို ဒီ (D) အခန်းပဲ နော်၊ မင်းအဆင့်တွေက တစ်နှစ်ထက်တစ်နှစ် ကျလာပါလားကွ"

ဒီကောင်ပြောလည်း ပြောချင်စရာပါ။ ကျွန်တော်က မူလတန်း တုန်းက ပထမ၊ ဒုတိယ၊ တတိယ ဆုတစ်ခုခု နှစ်တိုင်းရနေကျ။ အလယ်တန်းတက်တော့ တစ်ကနေ တစ်ဆယ်ကြား ဖြစ်လာတယ်။ အဲဒီအထိတော့ အေ (A) ခန်းမှာ နေရတုန်းပဲ။ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းတွေမှာ သောင်းကျန်းလာလိုက်တာ ဆယ်တန်းတက်တော့ ဒီ (D) ခန်းကို ရောက်သွားတော့တာပဲ။ ဒီနှစ်တော့ အရေးကြီးလို့ အပျော်အပါးကို လျှော့ရမယ်လို့ တွေးထားလိုက်တယ်။ နှစ်စဉ်နှစ်တိုင်း လည်း ဒီလိုပဲ တွေးနေကျပါ။ ဒီကောင်တွေနဲ့ကလည်း ရှစ်တန်းမှာမှ စပြီး တွဲမိသွားကြတာ။

ကျွန်တော်က ခုမှ တစ်အုပ်စုလုံး တစ်ခန်းထဲမှာ စည်းစည်း လုံးလုံး နေရမှာကိုတွေးပြီး ...

"အေးကွာ ... မင်းတို့က မကြိုးစားလာတော့လည်း ငါက မင်းတို့နဲ့အတူတူ တက်ချင်တာကို။ ငါ့အရည်အချင်းကို လျှော့ချလာ





ရတာပေါ့"

"သွားစမ်းပါကွာ ... မင်းဟာမင်း ကျောင်းစာအပြင် ဝတ္ထု ဖတ်ရတာနဲ့၊ အခွေကြည့်ရတာနဲ့၊ ဂီတာတီးရတာနဲ့ လုံးထွေးနေလို့ အဆင့်ကျလာတာကိုများ"

"ထားပါတော့ကွာ ... ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ ငါတို့ အောင် ဖြစ်မယ်"

"အေး ... ဆယ်တန်းအောင်သွားတဲ့လူနဲ့ ကျတဲ့လူနဲ့ဟာ ကွာကယ်ကွာသွားတာကွ၊ တချို့ ပိုက်ဆံချမ်းသာပြီး သူတို့သားသမီး တွေ ဆယ်တန်းကျရင်ပြောတဲ့ မိဘတွေရှိသေးတယ် ... ဆယ်တန်း အောင်တော့ ဘာလုပ်ရမှာလဲတဲ့။ သူတို့အနေနဲ့ ဆယ်တန်းမအောင် လည်း အရေးမကြီးဘူးပေါ့ကွ။ ငါ တစ်ခုတွေးမိတယ် ... ဆယ် တန်းအောင်တဲ့လူရော၊ မအောင်တဲ့လူရော အောင်မြင်ကြီးပွားနိုင်ပါ တယ်။ သူတို့ပြောသလိုပေါ့ ... ဘာမှတော့ လုပ်လို့မရပါဘူး။ ဒါပေမဲ့ အောင်ပြီလား၊ အောင်၊အောင်လုပ်နိုင်ခဲ့လားလို့ မေးချင်တာ၊ အတူတူ ဆိုရင်တောင် ဆယ်တန်းအောင်တယ်ဆိုတာကတော့ ကွာသေးတာပဲ ဟုတ်လား"

"ဟုတ်တယ် ညီလတ် ... မင်း ရိုးရိုးလေးတွေးပေမယ့် ရှေ့ ကတ်တွေးရင် အရမ်းကျယ်ပြန့်လာမှာ သေချာတယ်၊ ငါ့ဦးလေးတစ် ယောက် ပြောသလိုပေါ့ကွာ ... ယောက်ျားမှန်ရင် တက္ကသိုလ် တက်ဖူးရမယ်၊ စစ်တိုက်ဖူးရမယ်၊ ပင်လယ်ခရီး ထွက်ဖူးရမယ် တဲ့။ နောက်ဆုံး တက္ကသိုလ်တက်ဖူးတဲ့လူက သင့်ကင်း (Thinking) တော့ ပိုထွားနိုင်တာပေါ့"

ဉာဏ်ထွန်းလင်းစကားကို အားလုံးက ခေါင်းညိတ် ထောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ကျွန်တော်တို့အုပ်စုကို တချို့တွေက တေပေသောင်းကျန်းနေကြတဲ့လူငယ်တွေလို့ ထင်ချင်ထင်လိမ့်မယ်။ ကျွန်တော်တို့မှာ ဒီလိုအတွေးတွေ ရှိမယ်လို့ ဘယ်သူမှ ထင်ကြမှာမဟုတ်ဘူး။

"ကဲ လာကြကွာ ... ငါတို့ရဲ့ နေရာသစ်ကို ချီတက်ကြမယ်"

"အေး"

ဒီလိုဆိုတော့လည်း တစ်ယောက်တစ်ပေါက်နဲ့ ဆူညံပွက်လောရိုက်ပြီး ဒီ (D) အခန်းကို ဝရောဆို ဝင်သွားလိုက်ကြတယ်။ အတန်းပိုင်ဆရာ ဘယ်သူဖြစ်မလဲဆိုတာ မျှော်ရင်းနဲ့ အခန်းထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေရဲ့။ ကျွန်တော်တို့ မက်မက်မောမော ထိုင်တတ်တာက နံရံကပ်နေတဲ့ နောက်ဆုံးခုံပါ။ အဲဒီခုံတန်းကိုတော့ ဘယ်ကျောင်းသားမှ အတင်းလုပြီး နေရာမယူထားပါဘူး။ လွယ်အိတ်တွေကို နေရာချပြီး ကိုယ့်နေရာကိုယ် ခဏတော့ ဖင်အသားကျအောင် ထိုင်ကြည့်လိုက်ကြတယ်။

ကျောင်းသားနဲ့ကျောင်းသူ နှစ်ခြမ်းခွဲထားတဲ့ ခုံအစွန်းမှာ ထိုင်ရတာက ညီညီနိုင်ပါ။ ဒီကောင် ဟိုဘက်အခြမ်းက ခေါင်းချင်းဆိုင်နေတဲ့ မိန်းကလေးအဖွဲ့ကို ကြည့်ရင်း ...

"ဟဲ့ စုဘူး"

"ဘာလဲ ... ဘာလဲ"

စုဘူးဆိုတဲ့ ကောင်မလေးက ငေါက်ဆတ်ဆတ်ဖြေရင်း လှည့်ကြည့်တယ်။ ဒီကောင်မလေးနာမည်က နီလာပါ။ အိမ်နီးနားချင်းသူငယ်ချင်းတစ်ယောက်က အိမ်နာမည်ကို လွှတ်ခနဲ ခေါ်မိလိုက်ကတည်းက စုဘူးလို့ ဖြစ်သွားတာ။ ငါတန်းလောက်ကပဲ စုလာတဲ့



စုဘူးဆိုတော့ အတော်ပြည့်နေလောက်ပါပြီ။

"ဟဲ့ ... နင်တို့ နေကြာစေ့စားနေကြတာလား"

"ပဲကြီးလှော်ဟဲ့ ပဲကြီးလှော်၊ တောင်းမစားနဲ့ ... မကျွေးဘူး"

ညီညီနိုင်မျက်နှာက ခပ်မှုန်မှုန်ဖြစ်သွားတယ်။ ပြီးမှ ...

"မစားပါဘူး၊ နင်တို့ကို ငါနဲ့ကပ်လျက်မို့ ပြောထားရဦးမယ် ... ပဲကြီးလှော်စားတာကတော့ စားပါ၊ စားပြီးရင် အောက်ဆီဂျင်နဲ့ ဟိုက်ဒရိုဂျင် ရောထားတာတွေကို စွတ်မသောက်နဲ့၊ ငါတို့ဘက်ကို ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ကာဗွန်မိုနော့ဆိုဒ် ရောထားတဲ့လေတွေ လွင့်ပျံ့လာဦးမယ်"

"ဘာ ... ဘာ ... ဘာပြောတယ်"

စုဘူးတင် မဟုတ်ဘူး ... တစ်ဖွဲ့လုံး မျက်လုံးပြူးသွားကြတယ်။ ဆယ်တန်းရောက်နေပေမယ့် ဝက်ဝုတ္တိတွေကို နားလည်ပုံမပေါ်ဘူး။ ကျွန်တော်ကပဲ ညီညီနိုင်ရဲ့ ခန္ဓာကိုယ်ကိုကျော်ပြီး

"ပဲကြီးလှော်စား၊ ရေသောက်ပြီး အီးမပေါက်နဲ့လို့ ပြောနေတာဟေ့၊ လေပုန်း၊ လေပုန်း မလွှတ်နဲ့"

ပြောပြီး ဝါးခနဲ ထရယ်လိုက်ကြတယ်။ ဟိုဘက်ကလည်း မသာ ... ခွေးကောင်တွေ .... လို့ အစုံဆဲဆိုပြီး ရမိရရာ ပဲကြီးလှော်ထုပ်တွေနဲ့ ကောက်ပေါက်တော့တာပဲ။ ဖိုးဇော်က သူ့ပုဆိုးထဲကျလာတဲ့ ပဲကြီးလှော်ထုပ်ကို လှမ်းပြရင်း ...

"ပြန်ယူဦးမလား၊ ရေအခဲ့ ကုန်းတစ်ဝက်ဆိုတော့ တစ်ဝက်ပြန်ပေးမယ်"

"နင်တို့ပဲ မျိုဆိုတော့၊ နင်တို့အနား ထိုင်ရတာ ငရဲကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ … ငါတို့ကလည်း တော်ရုံတန်ရုံပါရမီနဲ့ ငါတို့အနားမှာ လာထိုင်လို့မရဘူးဆိုတာ သိသားပဲ"

ရှုပ်ပွပွနဲ့ပြောရင်း စုဘူးတို့အုပ်စု ကျောင်းစိမ်းအင်္ကျီကို ဘယ်လိုဆင်တူချုပ်ကြမယ်ဆိုပြီး ပြန့်တိုင်ပင်နေကြတယ်။ သူတို့အထဲမှာ စုဘူးက နာမည်နဲ့လိုက်အောင် ညိုညိုလုံးလုံးလေးနဲ့ ချစ်စရာလေးပါ။ ကျန်တဲ့ ကေသီ၊ မိုးမိုးလှိုင်နဲ့ လင်းလင်းသော်တို့ကလည်း တစ်ယောက်တစ်မျိုး ကြည့်ကောင်းပါတယ်။ ဒါပေမဲ့လည်း ငယ်ငယ်ကတည်းကပဲ နှပ်ချေးတွဲလောင်းနဲ့ မြင်ခဲ့ရလို့ ဘယ်လိုမှ ခံစားလို့မရဘူး။ ကေသီ တစ်ခါ စာပေးခံရကတည်းက သူတို့အုပ်စု အပျိုလုပ်နေကြတာ။ ကျွန်တော်တို့ကတော့ သူငယ်ချင်းလို့ပဲ ဆက်ရှုခေါ်မည်ပဲ။ နိုး (No) ပါ။

ထွေရာလေးပါး ပြောနေကြတုန်း ဆရာမတစ်ယောက် ဝင်လာလို့ …

"မင်္ဂလာပါ ဆရာမ"

ဆိုပြီး ထရပ်လိုက်ကြတယ်။ ကိုးတန်းတုန်းက စာသင်ခဲ့တဲ့ ဒေါ်လှဲ့လှဲ့နှင်းဆိုတဲ့ ဆရာမပါ။ ခု ဆယ်တန်းလည်း သူသင်ဦးမှာလား မသိဘူး။ ဒုက္ခပါပဲ …။ သူက ကျွန်တော်တို့ကို ကြည့်တာ မဟုတ်ဘူး။ ကျွန်တော်တွေးနေတုန်းမှာပဲ …

"ဟိုကောင် … ဟိုကောင် … ညီလတ်ရှိလား"

"ရှိပါတယ် ဆရာမ"

လက်ညှိုးလေးထောင်ပြီး ကျွန်တော် ဖြေလိုက်တယ်။ ဆရာမက လှမ်းကြည့်ပြီး …

"ကဲ ကိုယ်တော် … ဆရာမကြီးက ကွခဲ့ပါဦးတဲ့၊ လာ





… လိုက်ခဲ့"

"ခင်ညာ"

လွယ်အိတ်ကလေးဆွဲပြီး ကုပ်ချောင်းချောင်းလေးနဲ့ ဆရာမနောက်က လိုက်သွားရတယ်။ ဆရာမကြီးရုံးခန်းဆိုတာ ကျွန်တော့်အတွက် မစိမ်းပါဘူး။ သူ့ရဲ့ အရွယ်အစားစုံတဲ့ ကြိမ်လုံးတွေဟာ စားစရာ,သောက်စရာတွေ ဆိုရင်တောင်မှ ကျွန်တော့်အတွက် စားအိမ်သောက်အိမ်လို ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒီနေ့လိုနေ့မျိုးမှာ ခေါ်တာဆိုတော့ စဉ်းစားလို့မရဘူး။ ဘာအပြစ်မှလည်း မလုပ်ထားသေးဘူးလေ။

ရုံးခန်းထဲမှာ ဆရာမကြီးက မိန့်မိန့်ကြီး ထိုင်နေတယ်။ ဘေးနားမှာ ရှိရှိလေးလုပ်နေတာက ကျောင်းစောင့်,ကိုလှိုင်ဝင်းထွန်းပါ။ ဆရာမက ခေါ်လာပါပြီလို့ ပြောလိုက်တယ်။ ဆရာမကြီးက ရွှေကိုင်းမျက်မှန်လေးပေါ်က သူ့ဖောက်သည်ဟောင်း ကျွန်တော့်ကို ကြည့်ရင်းပြောတော့တယ်။

"ကဲ ညီလတ် … မင်း မနှစ်က ကိုးတန်းအောင်စာရင်းထွက်တဲ့နေ့က ဘာလုပ်ခဲ့လဲ"

"ဗျာ"

"အဲဒီနေ့က ဘာလုပ်ခဲ့လဲလို့ မေးနေတာ"

ထပ်အော်လိုက်လို့ ကျွန်တော့်မှာ တုန်သွားရတယ်။ အမြန်စဉ်းစားလိုက်ပြီး …

"ကျွန်တော် … ကျွန်တော် အဲဒီနေ့က အောင်စာရင်း လာကြည့်ပါတယ် ဆရာမကြီး။ ပြီးတော့ အိမ်ကိုပြန်ပြေးပြီး အဖေနဲ့အမေကို ပြောပါတယ်၊ အမေက မုန့်ဖိုးပေးတယ်။ အဖေကတော့ သား ဒီနှစ်ဟာ ဆယ်တန်းတက်ရမှာ သားရဲ့ဘဝ တစ်ဆစ်ချိုးပဲတဲ့၊ ဒီ ဆယ်တန်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ကြီးကို ကျော် ကျော်နိုင်ဖို့ ...''

"တော်တော့ ... အဲဒါကိုမေးနေတာ မဟုတ်ဘူး၊ မင်းတို့ အုပ်စု အဲဒီနေ့က ညဘက် ကျောင်းနားလာပြီး ကျောင်းဝန်းထဲက အုန်းသီးကို တက်ခိုးစားကြတယ်ဆို''

"ခင်ညာ ... အဲ ... အဲဒါက''

သဘောပေါက်သွားပါပြီ။ ကျွန်တော် ကိုလှိုင်ဝင်းထွန်းကို ကြည့်လိုက်တယ်။ ဒင်းက မသိမသာ ခေါင်းခါပြတယ်။

"ငါ နောက်နေ့ အလှူရှိလို့ ကျောင်းဝန်းထဲက အုန်းသီး လာခူးတာ ဆယ်လုံးထက်မက ပျောက်နေလို့ လှိုင်ဝင်းထွန်းကို မေး ကြည့်တော့မှ မင်းတို့အဖွဲ့ လာခိုးစားသွားမှန်း သိရတာ ... ဘာပြော ချင်သေးလဲ''

"ဒီ ... ဒီလိုပါ ဆရာမကြီး ... အဲဒါက''

ကျွန်တော် ဖြေရှင်းမလို့ ကြိုးစားနေချိန်မှာပဲ ဆရာမကြီး ရုံးခန်းထဲကို မွှေးရနံ့လေးတစ်ခုနဲ့အတူ ကျောင်းစိမ်းကောင်မလေး တစ်ယောက် ရောက်ရှိလာပါတယ်။ အံ့ဩမှင်သက်ပြီး ကြည့်နေတုန်း သူနဲ့ပါလာတဲ့ ဆရာမက မိတ်ဆက်ပေးလိုက်တယ်။

"ဆရာမကြီး ... သူက ဒီနှစ် ဆယ်တန်းနဲ့ ပြောင်းလာတဲ့ ကျောင်းသူ မိုးဖြူမောင်ပါ''

"မင်္ဂလာပါ ဆရာမကြီး''

ကောင်မလေးက လက်အုပ်လေးချီပြီး တရိုတသေ နှုတ်ဆက် ပါတယ်။ ဆရာမကြီးက ပြုံးပြီး ...

"အေး ... မင်္ဂလာပါ သမီးရယ်၊ ကဲ ဆရာမ ... ဆို''

"ဒီလိုပါ ဆရာမကြီး ... ကျွန်မတို့ကျောင်းမှာက အဆင့်





အလိုက် အခန်းခွဲထားတော့ သူ့ကို ဘယ်အခန်းမှာ ထားပေးရမလဲလို့ လာမေးတာပါ''

ဆရာမကြီး စဉ်းစားသွားတယ်။ ဆရာမကြီးတွေဟာ အဲဒီလို စဉ်းစားလေ့ရှိတယ်။ ကောင်မလေးက ဆရာမကြီးဆီက အဖြေကိုစောင့် ရင်း ကျွန်တော့်ကို မသိမသာ ခိုးကြည့်တယ်။ စပ်စုတာလား မသိဘူး။ သူ့စိတ်ထဲမှာ ခုနက ပြောသံဆိုသံတွေ ကြားပြီး စောစောစီးစီး ရုံးခန်း ရောက်ရတဲ့ ကျောင်းသားလို့ ထင်ချင်ထင်နေမှာပေါ့။ ဆရာမကြီးက ကျွန်တော့်ဘက် တစ်ချက်ငဲ့ကြည့်ပြီး ...

ညီလတ် ... မင်းကြိုက်တဲ့ကြိမ်လုံး ရွေးထားတော့၊ ဘယ် ဟာကြိုက်သလဲဆိုတာသာ ပြော''

ပြောပြီး ကောင်မလေးဘက် လှည့်သွားပြန်တယ်။ ရိုက်မယ့် ဟာကိုများ အထာထားလိုက်သေးတယ်။

"သမီးက ကျောင်းသူအသစ်ဆိုပေမယ့် ဆရာမကြီးတို့ကျောင်း ရဲ့ စည်းကမ်းအတိုင်း ...''

"ကျွန်တော် ဘယ်ကြိမ်လုံးမှမကြိုက်ပါဘူး ဆရာမကြီး''

"ဘာ''

အော်ရင်းနဲ့ ဆရာမကြီး ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။ သူ့အသံကြီးကြောင့် ကောင်မလေး ဆတ်ခနဲ တွန့်သွားတယ်။

"အဲဒီတုန်းက ဆရာမကြီး အလှူလုပ်ဖို့ လာကြည့်သလို ရပ်ကွက်တိုင်းမှာလည်း ထမနဲထိုးပြီး အလှူလုပ်နေကြတဲ့ ရာသီပါ။ ကျွန်တော်တို့သူငယ်ချင်းတွေလည်း ရပ်ကွက်ထဲကအလှူမှာ ပါဝင်နွှင် တာနဲ့ ပြဿနာမရှိလောက်ပါဘူးဆိုပြီး လာခူးမိတာပါ''

"ဘာပဲဖြစ်ဖြစ် မသိအောင်ယူတာ မင်းတို့ခိုးတာပဲလေ''



www.burmeseclassic.com

"ဒါဆို ဆရာမကြီးက အလှူအတွက် ခူးဖို့ လာကြည့်တာလည်း ဘယ်သူမှမသိ ..."

"ဟော့ ... တော်တော်၊ မင်းပြောသလို ငါကပဲ ခိုးဖို့ ကြံစားသလိုမျိုး"

ဒါမျိုးကျတော့ ဆရာမကြီးက ပါးပါတယ်။ ဒီကျောင်းဟာ သူနဲ့ဆိုင်သလို ကျွန်တော်နဲ့လည်း ဆိုင်တာပဲမဟုတ်လား။ ဆရာမကြီး ဖြစ်သွားတဲ့ပုံစံကို ကြည့်ပြီး ဆရာမနှစ်ယောက် ပြုံးစိစိ ဖြစ်သွားကြတယ်။ ဟိုကောင်မလေးမျက်နှာလေးမှာလည်း အရယ်ကလေး ဖြတ်ပြေးလို့။

"အပြစ်ရှိတယ်ဆိုရင် ဆရာမကြီး ကြိုက်တဲ့ကြိမ်လုံးနဲ့ ရိုက်ပါ ဆရာမကြီး"

ကျွန်တော် မျက်နှာသေလေးနဲ့ ပြောလိုက်တော့ ဆရာမကြီး ခေါင်းစားသွားတယ်။ သူကြိုက်တဲ့ကြိမ်လုံးကို မြင်ယောင်ကြည့်ရင်း သူများ လာခူးမိရင်ဆိုပြီး တွေးချင်တွေးမိနေမှာပေါ့။ ပြီးမှ သက်ပြင်း အရှည်ကြီးချရင်းနဲ့ (အလှူအတွက်ဆိုတော့လည်း) ...

"ကဲ ကဲ ... မနှစ်ကအမှုကို ဒီနှစ်အစမှာ ရုံးခန်းရောက်ရတာလည်း မကောင်းဘူး။ တော်ကြာ ငါ့ကျောင်းက ကျောင်းသားကို ကျောင်းဖွင့်တဲ့နေ့မှာပဲ ရိုက်နှက်ဆုံးမရတယ်လို့ ဖြစ်နေကြဦးမယ်၊ မောင်ညီလတ်"

"ခင်ဗျာ"

"ဒီရုံးခန်းမှာ ကပ်ထားတဲ့သင်ပုန်းကို ကြည့်စမ်း ... အဲဒါ ဒီကျောင်းက လိမ်လိမ်မာမာ, ထူးထူးချွန်ချွန်နဲ့ အောင်သွားတဲ့ ကျောင်းသူကျောင်းသားနာမည်တွေချည်းပဲ၊ မင်းတို့အဖွဲ့က ဆိုးသွမ်းတာ





မဟုတ်ပေမယ့် သောင်းကျန်းလွန်းတယ်၊ ငါ့ရုံးခန်းထဲက သင်ပုန်းမှာ နာမည်ပါနိုင်အောင် ကြိုးစားပါ ... ကြားလား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

အရင်လိုပဲ ကတိတွေပေးရင်း၊ အကဲခတ်လိုက်တော့ ကောင်မလေးကလည်း နံရံကနာမည်တွေကို လိုက်ဖတ်နေတယ်။ ဆရာမကြီးကပဲ ...

"သမီးလည်း ကြိုးစားနော်၊ ဆရာမ ... သူ့ကို ဒီ (D) အခန်းမှာပဲ ထားလိုက်၊ ပြီးမှ အဆင့်အလိုက် ပြောင်းပေးပေါ့"

ဆရာမကြီးက ခေါ်သွားဆိုလို့ ကောင်မလေး ကျွန်တော့်ဘေးနားမှာ ကပ်ပါလာတယ်။ ကျွန်တော့်ရင်ထဲမှာ လင်းတစ်လှည့် မှောင်တစ်လှည့်နဲ့ တစ်မျိုးလေးပဲ။ အခန်းရှေ့နားရောက်တော့ ...

"မိုးဖြူမောင်နော် ... နင့်နာမည်က၊ နင် အရင်ဝင်သွားလိုက်တော့၊ တော်ကြာ ငါနဲ့တွဲဝင်လာလို့ ငါ့ကို ကျိန်တဲ့ကောင်တွေ မနာလိုဖြစ်နေဦးမယ်"

သူ့မျက်စောင်းဖြူဖြူလေးဟာ ကျောင်းဖွင့်တဲ့နေ့ကပဲ ကျွန်တော့်ဆီ စူးစိုက်စေခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

( ၃ )

နောက်ပိုင်းမှာ မိုးဖြူမောင်နဲ့ပတ်သက်ပြီး ကျွန်တော် တွေး ထင်ထားတဲ့ကိစ္စတွေဟာ တော်တော့်ကို မှန်ပါတယ်။ ဒီကြားထဲ ဘာမှ ထိခိုက်အထိရာမရလို့ သွေးထွက်အောင် မှန်တယ်လို့တော့ ပြောလို့မရ ပါဘူး။ မိုးဖြူမောင်ကို ရပ်ကွက်ထဲမှာ စတွေ့ဖူးကတည်းက ဒီရုပ်ဒီရေ လေးနဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျော်ကြားလာဦးမှာပဲလို့ တွေးထားတာ ပါ။ ၃ ကျောင်းတက်တော့လည်း မြို့ကြီးသူပီပီ ကျောင်းစိမ်းအကျီဖြူ ဒိုင်းဆန်းဆန်းလေးတွေနဲ့ သူမဟာ ရင်ပွင့်အောင် လှနေတော့တာပဲ။ ကျွန်တော့်ရဲ့ ဆယ်တန်းကျောင်းသားဘဝမှာ မိန်းကလေးတစ်ယောက် ရဲ့အလှကို ပထမဆုံး စူးစမ်းဖူးတာပါ။ အဲဒီတုန်းက အဲဒီထက် မပိုခဲ့ပါ ဘူး။

သူ့အဖေဟာ အရာရှိတစ်ဦးပါ။ ဒီမြို့ကို တာဝန်နဲ့ပြောင်းလာ လို့ မိုးဖြူမောင်ဟာ ကျောင်းပြောင်းတက်ရတာပေါ့။ သူ့မှာ သူ့လောက် နီးနီးလှတဲ့ (ကျွန်တော့်အမြင်ပါ) အစ်မတစ်ယောက် ရှိသေးတယ်။





ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းကပဲ မြင်ဖူးတယ်။ သူ့အစ်မက တက္ကသိုလ်တက်ဖို့ စောင့်နေတာလို့ သတင်းကြားရတယ်။ ထားပါတော့ . . . ဒီနေရာမှာ သူ့အစ်မအကြောင်း စာလုံးပေါင်းနေစရာ မလိုပါဘူး။

ကျောင်းဖွင့်လို့ တစ်ပတ်နှစ်ပတ်အကြာမှာတော့ ကျွန်တော် တို့ရဲ့ ဒီ (D) အခန်းဟာ နာမည်ကြီးလာပါတယ်။ စာတွေ အရမ်းတော် လာကြတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို ကြည့်မရတဲ့ စုဘူးတို့အုပ်စု က လှတာပတာလေးတွေ ဖြစ်နေရတဲ့အထဲ မိုးဖြူမောင်က သူတို့နဲ့အဖွဲ့ ကျသွားတော့ မုန့်စားကျောင်းလွှတ်ချိန်ဆိုရင် လာကြည့်ကြတဲ့ ကျောင်း သားတွေ တဖွဲဖွဲပါပဲ။ ကျွန်တော်တို့ကတော့ ခုံတန်းချင်းကပ်လျက် ဆိုတော့ အနီးကပ်ကြည့်ခွင့်၊ အနီးကပ် စခွင့်တွေကို မပေးဘဲ ရထား တယ်၊ မတောင်းဘဲ ပြည့်တဲ့ဆုပေါ့။

ခုလည်း အတန်းတစ်ချိန်ပြီးသွားလို့ ဆရာမလာသေးခင်မှာ စုဘူးတို့က မိုးဖြူမောင်ကို အင်တာဗျူးတာ ကြားနေရတယ်။

"ဟဲ့ မိုးဖြူ . . . ဟိုလေ . . . နင့်အကျီရင်ဘတ်မှာ စီးကွင့်ထိုး ထားတာက ဟို . . . ရန်ကုန်မှာ ထိုးလာတာလား"

"ဟင့်အင်း . . . အိမ်ကမမ ထိုးပေးတာလေ၊ မမက အဲဒါတွေ ဝါသနာပါတယ်၊ ငါ့အကျီတွေဆိုရင် သူပဲ အကုန်ထိုးပေးထားတာ"

"ငါတို့လည်း လိုချင်လိုက်တာဟာ၊ ဒီမှာက စီးကွင့်ကောင်း ကောင်း ထိုးတတ်တဲ့ဆိုင် သိပ်မရှိဘူးဟ"

"ဟုတ်လား"

အဲဒီအသံတွေကြားနေရတုန်းမှာပဲ ဖိုးဇော်က တစ်စခန်းထ လာပါတယ်။ ထင်တဲ့အတိုင်းပဲ . . .။

"ညီလတ် . . . မင်းပုဆိုးဖင်ပေါက်ကို ဘယ်မှာ ချုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ လက်ရာက ညီတယ်ကွ . . . ကင်းခြေမျှား ကပ်နေတဲ့အတိုင်း ပဲနော်''

ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပါတယ်။ ခပ်တည်တည်ပဲ . . .

''အေး . . . တွေ့တဲ့အတိုင်းပဲ၊ အိမ်က ငါ့အမေက ဒါမျိုး သိပ်ကျွမ်းတာကွ၊ ငါ့ပုဆိုးအပြဲတွေကို သူပဲ ဒိုင်ခံဖာပေးတာ၊ ဒီမှာ ကြည့်ဦးလေ . . .''

ကျွန်တော်က မတ်တတ်ရပ်ပြီး အတွင်းထဲမှာ ထည့်ဝတ်ထားတဲ့ နောက်ဖာရာလေးတစ်ခုကိုတောင် ထပ်ပြလိုက်သေးတယ်။ ဟိုဘက်ကအုပ်စုလည်း ဝုန်းခနဲ လှည့်ကြည့်ကြလေရဲ့။ ဖိုးဇော်ကတော့ မသိချင်ဟန်ဆောင်ပြီး ဆက်မေးနေတယ်။

''အေးကွာ . . . ငါတို့ပုဆိုးတွေလည်း ဖာချင်လိုက်တာ၊ အိမ်က ငါ့အဒေါ် ဖာပေးလိုက်ရင် တွန့်ကုန်ရောကွ''

''ဟုတ်လား . . . မပြဲအောင် ဝတ်ပေါ့ကွာ၊ ငါ့အမေကတောင် နင့်ဖင်မှာ ဘာပါနေလားဆိုလို့ ငါလည်း မပြဲအောင် ဂရုစိုက်နေရတယ်''

''အတီး . . . ဟုတ်တယ်ကွ . . . ငါတို့ကလည်း ငါတို့ပဲ၊ ပြဲရပေါက်ရတာနဲ့''

''ဖိုးဇော်ကြီး''

ဟိုဘက်အုပ်စုက မိုးမိုးလှိုင် လှမ်းအော်လိုက်တာပါ။ ဖိုးဇော်က 'ညတ်ချာဖြား' လို့ အသံလုပ်ပြီး လန့်သွားသလို ပြန်ကြည့်လိုက်တယ်။ မိုးမိုးလှိုင်ကပဲ . . .

''နင်တို့က ဘာသဘောလဲ''





''ဟ . . . ဘာသဘောရမှာလဲ . . . ဒီမှာ ပုဆိုးပြဲလို့ ဖာရတဲ့ အကြောင်း ပြောနေတာလေ''

''နင် မမိုက်ရိုင်းနဲ့နော်''

''အာ မိုးမိုးရယ် . . . နင် မယုံဘူးလား၊ ညီလတ် ထပြီး လှန်ပြလိုက်''

''အေး အေး''

ကျွန်တော် ဆတ်ခနဲ ထရပ်လိုက်လို့ မိုးမိုးလှိုင် မျက်နှာရဲ သွားတယ်။ ပြတောင်မပြလိုက်ရပါဘူး။ စဘူးက ကြားဖြတ်ပြီး . . .

''တော် တော် . . . နင့်ဖာတစ်ရာပုဆိုးကို ဘယ်သူမှ မကြည့်ချင်ဘူး''

''အဲလိုမပြောပါနဲ့ဟာ . . . ဖာတစ်ရာဆိုတာ အလှူတစ်မျိုးလို့ ငါကြားဖူးတယ် . . . ဟို . . .''

''ညီလတ် . . . နင်လည်း တော်နော်၊ ငါတို့ မိုးဖြူကို မေးနေတာကို နင်တို့ ဝင်လျှောက်နေကြတာ မဟုတ်ဘူးလား . . . ကဲ ဖြေလေ''

''ဟုတ်တယ် . . . ဖြေလေ . . . မဟုတ်ရင် ဆရာမနဲ့ တိုင်မယ်''

ကေသီနဲ့ လင်းလင်းသော်ကပါ ဝင်ပြီး မာန်မဲနေသေးတယ်။ ကျွန်တော် အမှတ်မထင် ကြည့်လိုက်တော့ မိုးဖြူမောင်ရဲ့မျက်နှာလေးဟာ စိတ်ဆိုးတာရော၊ ကျွန်တို့ကျောင်းသူ၊ကျောင်းသားတွေကပါ ပြူးစိစိနဲ့ ကြည့်နေကြတာကြောင့် ရှက်နေတဲ့ပုံစံလေးရော ပြိုင်တူ ဖြစ်နေတယ်။ ပြီးမှ အားလုံးထဲမှာ ငပွကြီးလို့ယူဆရတဲ့ ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း . . .

''နင်တို့ အဲလို လိုက်လျှောင်နေတာ အရမ်းအောက်တန်းကျ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ပြောပြီး တစ်ဖက်ကို မျက်နှာလှည့်သွားလေရဲ့။ ကျန်တဲ့ စုဘူးနဲ့ အပေါင်းပါတွေကတော့ ကဲ ... မှတ်ပြီလား ဆိုတဲ့ အားရသွားသလိုပုံစံတွေနဲ့ ကြည့်ကြတယ်။ အဲဒါ သူတို့အမှားပဲ။ ကျွန်တော့်မှာ အမှတ်မှ မရှိတာ ... သူတို့သိရဲ့နဲ့။ မိုးဖြူမောင်စကားကို စိတ်မနာမိပေမယ့် ကျွန်တော့်မျက်နှာလေးကို ညှိုးငယ်အိုစာသွားသလို ဖန်ဆင်းပစ်လိုက်တယ်။ သူတို့တစ်ဖွဲ့လုံးကို (မိုးဖြူမောင်ကတော့ တစ်ဖက်လှည့်နေဆဲပါ) ရီဝေဝေကြည့်ရင်း လေသံအက်အက်လေးနဲ့ ...

''စုဘူးရာ ... နင်တို့တွေကို ငါ ဟိုးသူငယ်တန်းကတည်းက ဝလာတာပါ။ ဒါ ကျောင်းသားဘဝရဲ့ ပျော်စရာတွေ မဟုတ်ဘူးလား။ ခုကျမှ ဒါဟာ အောက်တန်းကျတာတဲ့လား။ ရပါတယ်ဟာ ... ငါတို့နောက်ကို ဘယ်တော့မှ မစတော့ပါဘူး။ ငါ တကယ် ဝမ်းနည်းတယ်ဟာ ... ဘဝမှာ အဲလို တစ်ခါမှ အပြောမခံရဖူးဘူး။ နင်တို့ကို ပျော်စေချင်တဲ့စိတ်နဲ့ပဲ၊ ငါကျေနပ်ပါတယ် ... ဟူး''

''ညီလတ် သူငယ်ချင်း''

ညီညီနိုင်က စိတ်မကောင်းဟန်နဲ့ ကျွန်တော့်ကို လှမ်းဆွဲတယ်။ ရှီးချိုတလည်း ထားလိုက်ပါကွာ၊ သိပ်ခံစားမနေပါနဲ့ ဆိုပြီး နှစ်သိမ့်နေတယ်။ သူတို့လည်း တစ်မျိုးဖြစ်သွားတဲ့ပုံပဲ။ကျွန်တော်က အဝေးကို ကြည့်ပြီး (နံရံခံနေလို့ နံရံကြီးကိုပဲ မြင်ရပါတယ်)

''အေးပါကွာ ... မင်းတို့လည်း နောက်ကို မစကြနဲ့နော်၊ ငါတို့က သူတို့ထင်သလို ...''

ကျွန်တော့်အသံကို တိမ်ဝင်ပစ်လိုက်တယ်။ ဆို့နစ်သွားသလိုမျိုးပေါ့။ ဝေးကြောင်ပြီးကြည့်နေကြတဲ့ စုဘူးတို့အဖွဲ့လည်း နှုတ်ခမ်းတွေ





လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ကေသီက မိုးဖြူမောင်ကို ဘာတစ်ပြောလိုက်လဲ မသိဘူး ... လှည့်ကြည့်လာတဲ့ သူ့မျက်ဝန်းလေးထဲမှာ အားနာမှုတွေ ပေစွန်းနေတယ်။ ကေသီက စိတ်မကောင်းဟန်လေး ဖြစ်သွားတဲ့ပုံစံနဲ့ ...

''ညီလတ် ... ဆောရီးဟာ၊ မိုးဖြူက နင့်ကို အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး။ လွန်သွားရင် ငါတို့ပဲ တောင်းပန်တယ်ဟာ၊ နင်စတာက ငါတို့အတွက် ရီးနေပေမယ့် သူ့အတွက်ကျတော့ တစ်မျိုးဖြစ်နေမှာပေါ့၊ ငါတို့တောင် ပထမ စိတ်ဆိုးသေးတာ''

''အေးလေဟာ ... ညီလတ်ကလည်း စိတ်မကောင်းမဖြစ်ပါနဲ့''

လင်းလင်းသော်ကလည်း ဝင်ဖေးမတယ်။ ဒါတောင် ကျွန်တော့်မျက်နှာက ညှိုးငယ်နေတုန်းပဲ။ သူတို့အားလုံးကို ခြုံငုံကြည့်လိုက်ရင်း ...

''ရပါတယ်ဟာ ... ငါကျေနပ်ပါတယ်၊ ငါ့ဘက်ကလည်း တောင်းပန်ရမှာပါ၊ ငါကလည်း အမြဲစနေမိတာကိုး။ စုဘူး ... နင်မှတ်မိသေးလား''

''အန် ... ဘာလဲ''

''ဟို ... သုံးတန်းတုန်းကလေ၊ ငါ နင့်ကို နောက်ကနေ ဘောင်းဘီဆွဲချွတ်ချတော့ နင်ငိုပြီး ရှူးရှူးတွေထွက်ကျခဲ့တာကို၊ ငါလည်း ငါပဲဟာ''

''ဟဲ့ ဟဲ့ ... ညီလတ် ... ဘာတွေ ...''

မျက်နှာတစ်ခုလုံး ရဲပလောင်းခတ်ပြီး စုဘူးခမျာ မ[illegible] ဖြစ်သွားရတယ်။ နာမည်နဲ့တောင် မလိုက်ဘူး။ အမုန်တ[illegible]ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နိုးဖိထားလို့ ဘယ်ရမလဲ။ ကျွန်တော်က စကားကို မရပ်သေးဘူး။

"ပြီးတော့ ကေသီဆိုလည်း ခံရတာပဲ၊ ကေသီက ငယ်ငယ်က အစားပုတ်တယ်လေ၊ ငါ သူ့နောက်တန်းမှာ ကပ်ထိုင်ရတုန်းက သူက အီးခဏခဏပေါက်တာ၊ ငါလည်း နံလွန်းလို့ စိတ်မရှည်တာနဲ့ ကေသီ့အတွက်လို့ ပြောင်းဖူးရိုးကြီးမှာ စာကပ်ပြီး လွယ်အိတ်ထဲ ထည့်ထားပေးလိုက်တာ။ မိုးမိုးလှိုင်တုန်းကလည်း ..."

"ဟယ် ညီလတ် ... မသာ ... တော်တော့၊ ငါတို့ခုံတန်းနောက်ကျောမှာ အီးသံကင်းမဲ့ဖုန်လို့ ကပ်ထားတာတွေ, နင် ငါ့လွယ်အိတ်ထဲ ဖားတွေ လာလာထည့်တာ ပြောဦးမှာမဟုတ်လား ... ငယ်ကျိုးငယ်နာတွေ မဖော်နဲ့နော်"

သူဖြေရှင်းတော့မှပဲ အကုန်ပေါ်သွားရတယ်။ ဒါပေါ့ ဒေါ်သရွှေထား မှားတယ်ဆိုတာ။

"အဟီး ... နင်ပဲ ကြီးရင် ဆရာဝန်လုပ်ချင်တယ်ဆို၊ ဖားကျတော့ ကြောက်တယ်"

ခဏနေတော့မှ ပြုံးစိစိဖြစ်နေကြတဲ့ သူတို့ပါးစပ်က ...

"ညီလတ် ... မသာကြီး"

လို့ သံပြိုင်အော်ကြတော့တယ်။ သူတို့မျက်နှာတွေမှာ စိတ်ဆိုးတဲ့အရောင်တွေ မရှိတော့ပါဘူး။ မိုးဖြူမောင်တစ်ယောက်ပဲ ကျွန်တော့်ကို ကြောင်တက်တက်တလေးနဲ့ ကြည့်နေတယ်။ ခဏနေတော့ သူ့မျက်နှာကို ဆံပင်စင်းစင်းလေးတွေနဲ့ ဖုက်ကွယ်လိုက်လေရဲ့။ သူလည်း ရယ်ချင်ရှာမှာပေါ့လို့ တွေးမိတယ်။

ဆရာမ,ဝင်လာလို့ စကားတွေ ပြတ်သွားကြတယ်။ စာသင်နေရလို့ ပြန်ဆက်လို့လည်း မရပါဘူး။ ညနေ ကျောင်းဆင်းတော့





လင်းလင်းသော်က ကပ်ပြောသွားသေးတယ်။

"နင်ဟာလေ တော်တော်မလွယ်တဲ့ကောင်ပဲ၊ ငါတို့တင်မဟုတ်ဘူး ... အစတုန်းက မိုးဖြူလည်း နင့်ကိုအားနာပြီး တကယ်စိတ်မကောင်းဖြစ်သွားတာဟ၊ ပြီးမှ နင် တမင် ဟန်လုပ်ပြီး ပေါက်ကရတွေ ပြောတော့မှ ..."

"ဘာလဲ ... ငါ့ကို သဘောထားပြည့်တယ်ဆိုပြီး သဘောကျသွားလို့လား ... ဟဲ ဟဲ"

လင်းလင်းသော်က နှာခေါင်းရှုံ့ပါတယ်။ ကျွန်တော့်ကို မျက်စောင်းခဲပြီး ...

"ကျပါလိမ့်မယ် အားကြီးကြီး ... နင့်ကို မျက်နှာရှုံးလို့ ပြောသွားတာ ... သိပြီလား"

ဘယ်လိုမှ မခံစားရပါဘူး။ မျက်နှာရှုံးဆိုတာ ဟန်ဆောင်ထားတဲ့ မျက်နှာတွေထက် အပြစ်ကင်းတယ်လို့တောင် ပြောလိုက်ချင်သေးတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

မိုးနေ့တွေဟာ ကျောင်းသားဘဝတွေကို စွတ်စိမ့်စေခဲ့ပြီး မြောက်ပြန်လေနဲ့အတူ နှင်းရိုင်းတွေဟာ ကျွန်တော်တို့လွယ်အိတ်တွေထဲကို ခစားခိုဝင်လာတော့မယ်။ ကျွန်တော့်ရာသီခွင်မှာတော့ မိုးဖြူမစဲခဲ့သလို မိုးမည်းကြီးလည်း မရွာခဲ့ပါဘူး။ မိုးဖြူဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်မှုတွေဟာ ဖြူဖြူစင်စင်နဲ့ တစ်နှယ်ပြီးတစ်နှယ် ငင်လာတော့တာပဲ။ ဒါကို ဘယ်လိုခံစားမှုလို့ အမည်ပေါက် မတပ်ရဲပေမယ့် သူငယ်ချင်းသံယောဇဉ်ဆိုတာထက်တော့ ပိုကောင်းပိုမှာပါ။ ဖြစ်နိုင်ရင် နောင်တစ်ချိန်ကျရင်ပေါ့။ သူငယ်ချင်းလွယ်အိတ်ထဲမှာ ချစ်သူဆိုတာကို ကျွန်တော် စိတ်ကူးနဲ့ ရွယ်ခူးချင်ပါတယ်။

မိုးဖြူဟာ ခေတ်ဆန်သွက်လက်သူမျိုး မဟုတ်ပေမယ့် ခေတ်မီနှံ့ရှင်းသူလေးပါ။ ကျွန်တော်ကတော့ သူ့ကို စလိုက် စိတ်ပြေအောင်ပြန်လုပ်လိုက်နဲ့ ဘယ်နေ့တွေမှာမှ ပြဿဒါးဆိုတာနဲ့ အဆုံးမသတ်ရပါဘူး။ တစ်ရက်လုံး စိတ်ဆိုးနေပါစေ ... အိမ်ပြန်ချိန်ရောက်ရင်





မိုးဖြူ စိတ်ကြည်လင်သွားအောင် ကျွန်တော် တတ်နိုင်ခဲ့ပါတယ်။

တစ်ခါတစ်ခါ အာရုံမကျလို့ ကျွန်တော်တို့ မစ,မနောက်မိဖြစ်တဲ့နေ့များမှာဆို သူတို့အဖွဲ့နဲ့ စကားကောင်းကောင်း ပြောဖြစ်ကြတယ်။ အဲဒီအခါကျရင် မိန်းကလေးတွေရဲ့ထုံးစံအတိုင်း ကြီးလာရင်ဘာလုပ်မယ်၊ ဘာကိုင်မယ်ဆိုပြီး စပ်စုကြတော့တာပဲ။ စုဘူးက ပြောလာတာပါ။

"ဟဲ့ ဖိုးဇော် ... နင်ကြီးလာရင် ဘာလုပ်မှာလဲ"

ရုတ်တရက် အရင်းမရှိ,အဖျားမရှိ မေးလိုက်လို့ ဖိုးဇော် လန့်သွားတယ်။ တခွီးခွီးရယ်ပြီး ...

"ဘာကြီးတာကို ပြောတာလဲဟ"

"နင်နော် ... အသက်ကြီး, ဘွဲ့ရရင် ပြောတာပေါ့ ... တွေးရင် ပေါက်ကရတွေချည်းပဲ"

"အင်း ... ကြီးလာရင်လား ငါက ဝန်ထမ်းထက် ကိုယ်ပိုင်စီးပွားရေးလုပ်ချင်တာဟ၊ ဥပမာ ... ဈေးဆိုင်ရောင်းတာမျိုးပေါ့ဟာ၊ ပြီးရင်တော့ မိန်းမယူမှာပေါ့"

"အောင်မာ ... ဆယ်တန်းတောင် မအောင်သေးဘူး ... မိန်းမက ပါလာပြီ"

"ဒါကတော့ဟာ ငါလည်း ပုထုဇဉ်ပဲလေ၊ ငါ့ကိုချည်း မပြောနဲ့ ... နင်တို့ထဲမှာလည်း စာပေးခံရတာတွေ ရှိသားပဲ၊ ငါ မပြောလိုက်ချင်ဘူး"

ဖိုးဇော်စကားကြောင့် ကေသီ မလုံမလဲ ဖြစ်သွားတယ်။ ဘာမှမပေါ်ပေမယ့်လည်း ကေသီက စာပေးခံရဖူးတယ်။ ဒါပေမဲ့ ပြန်ကြိုက်ခဲ့တာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့အထဲမှာ ညီညီနိုင်က ဇေသီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခုတလော ခိုးခိုးကြည့်နေတာကိုး။ ဒါကို ကာယကံရှင် ဒင်းက သိပုံရတယ်။ ရှက်ကိုးရှက်ကန်းနဲ့ ကေသီက ...

"သူ့ဟာသူ စာပေးတာပဲ ... ငါ ပြန်ကြိုက်တာ မဟုတ်တာ၊ ဆရာမကို တိုင်လိုက်တာ နင် မမြင်ဘူးလား"

"သိပါတယ် ... အဲဒါကြောင့်လည်း တချို့ကောင်တွေ လန့်နေပုံရတယ်၊ ဟဲ ဟဲ ... မျှိုသိပ်ပေါ့ဟာ ... ဟဲ ဟဲ"

ညီညီနိုင်ကို စွေကြည့်ပြီး မထိတထိပြောလိုက်လို့ ဒီကောင်မျက်နှာမည်းသွားတယ်။ နဂိုကမှ မဖြူတော့ ရဲမသွားဘူးလေ။ စုဘူးက ကေသီ ပိုရှက်သွားတာကို ကြည့်ပြီး ...

"နေကြစမ်းပါဦးဟာ ... ဟန်လင်းဦး ... နင်ကကော ဘာလုပ်ဖို့ရည်ရွယ်ထားလဲ"

"ငါလား ... ငါက အင်ဂျင်နီယာလုပ်ချင်တာဟ"

"အေး အေး ... နောက်မှ နင့်ကို ငါ့အိမ်လာဆောက်ခိုင်းဦးမယ်၊ ဒါနဲ့ ညီလတ် နင်ကော"

ဝပ်ဖြိုးဖြိုးပြောရင်း စုဘူးက ကျွန်တော့်ဘက်လှည့်လာတယ်။ ကျွန်တော်က ပြုံတီတီလုပ်ရင်းနဲ့ ...

"ငါလား ... ဘွဲ့မှ မရသေးဟာတာ၊ ဘွဲ့ရလို့ မိန်းမယူရင် နင့်ကိုတော့ မစဉ်းစားဘူး"

"အေးပါ ... ငါလည်း ဝမ်းသာပါတယ်၊ နင့်မှာက ယူမယ့်သူရှိတာပဲ ... ခစ် ခစ်"

သူ့စကားကြောင့် ကျွန်တော် ရှက်သွားတယ်။ စုဘူးက ဖိုးချိအစ်မနဲ့ ကျွန်တော့်ကို ရည်ရွယ်ပြီး စနေတာပါ။ မိဘချင်း ရင်းနှီးလို့ အဖေတွေက ကြီးလာရင်ပေးစားမယ်လို့ ပြောဖူးတယ်ဆိုပြီး ကျွန်





တော်က (မိုးဖြူ မပြောင်းလာခင်အထိ) မျက်နှာပြောင်ဖူးတယ်။ ကျွန်တော်က ဖိုးချိအစ်မကို (လုံးဝ) မကြိုက်သလို သူ့အစ်မကလည်း ကျွန်တော့်ကို ခံစားလို့ရတာ မဟုတ်ဘူး။ ခုတောင် 'အဆီ'လို့ နာမည်ရတဲ့ကောင်တစ်ကောင်နဲ့ ဘာလိုလိုဖြစ်နေလို့ ဖိုးချိခမျာ ဖင်ကျိန်းနေတာ။ ခုလည်း မိုးဖြူရှေ့မှာမို့ ဘာကြောင့်မှန်းမသိဘဲ ရှက်သွားတာပါ။

ကျွန်တော်က အဲဒီအမေးကို မတုံ့ပြန်ဘဲ စုဘူးကို ပြန်မေးလိုက်တယ်။

"ထားပါတော့ ... နင်ကကော ဘာလုပ်မှာလဲ၊ နင့်ပုံစံကတော့ ဘွဲ့မရခင်မှာ လင်ရမယ့်ပုံစံမျိုးပါ"

"ဝေးသေး ဝေးသေး ... ငါက ကျောင်းဆရာမ,လုပ်မှာ"

"တယ်ဟုတ်ပါလား ... ဒါနဲ့ မိုးဖြူကကော"

ဖျတ်ခနဲ မေးလိုက်လို့ မိုးဖြူမျက်နှာလေးက လက်ခနဲ ဖြစ်သွားတယ်။ ရှက်ဝါးဝါးပုံစံလေးနဲ့ ...

"နင်တို့ မရယ်ရဘူးနော် ငါပြောရင်"

"အဟီး ... မရယ်ပါဘူးဟ"

ကျွန်တော့်ဆီ မျက်စောင်းလေး ဝင့်ခနဲ ရောက်လာသေးတယ်။ ပြီးမှ ...

"ငါက လုပ်ချင်တာ နှစ်ခုရှိတယ်ဟ၊ ပထမက ဆရာဝန်ဖြစ်ချင်တာ၊ နောက်တစ်ခုကတော့ မပြောချင်သေးဘူး"

"ငါ့ရည်းစား ဖြစ်ချင်တာလား"

ဟဲ ဟဲ ... အဲလိုမပြောရဲပါဘူး။ ပါးရိုက်ခံရမှာပေါ့။ စိတ်ထဲက ကျူးကျူးကျော်ကျော် စလိုက်တာပါ။ ပါးစပ်ကတော့ ...

"ဖြစ်မှာပါဟာ ... နင်က စာတော်တာပဲ၊ ငါလည်း နင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်မှ နေမကောင်းလာဖြစ်ပြဦးမယ် ... ကုပေးမှာလား''

''ကုပေးမှာပေါ့ ... ဆရာဝန်ဆိုတာ အမြင်ကတ်တာတွေ၊ မုန်းတာတွေ ရှိလည်း ဆရာဝန်စိတ်ကို မွေးထားရတာ''

မိုးဖြူစကားကြောင့် အားလုံးမျက်နှာတွေ ပြုံးရိပ်သန်းသွားကြတယ်။ ဒါ ကျွန်တော့်ကို အမြင်ကတ်တယ်လို့ ပြောချင်တဲ့ပုံပဲ။

ကျွန်တော်က ...

''ငါလည်း ပထမဖြစ်ချင်တာကို မပြောသေးဘူး ဒါပေမဲ့ နောက်တစ်ခုဖြစ်ချင်တာက ကဗျာဆရာဟ၊ အဲဒါမှ ငါချစ်တဲ့၊ ငါမြတ်နိုးတဲ့လူကို ရည်ညွှန်းဖွဲ့သီလို့ရမှာပေါ့''

''ကဗျာဆရာ ... ဟုတ်လား၊ ငါကတော့ ငယ်ငယ်က သင်ခဲ့ဖူးတဲ့ ဒီကဗျာလေးကို အချစ်ဆုံးပဲ''

လွယ်အိတ်ထဲက စာအုပ်ကိုထုတ်ရင်း မိုးဖြူက ကဗျာလေးတစ်ပုဒ် ကူးထားတာကို တကူးတကန့်ပြပါတယ်။ လက်ရေးဝိုင်းဝိုင်းလေးတွေနဲ့ပေါ့။

တောင်တောရယ်သာ
မာလာက ငုံဖူး
တစ်ပင်ကို နှစ်ပင်ယှက်တယ်
ကျေးငှက်ကမြူး။

အဲဒီကဗျာလေးကို ကျွန်တော်လည်း ချစ်ပါတယ်။ သူ့ကိုချေင်လာတာနဲ့ ကျွန်တော့်မှာ မနေနိုင်တော့ပါဘူး။ တတ်သည့်ပညာမနေသာဆိုသလို သူ့ကဗျာအောက်မှ ဒီလိုလေး ထပ်ရေးပေးလိုက်တယ်။

တောင်တောရယ်သာ





မာလာက နုပင်
တစ်ပင်ကို တစ်ပင်မွှတ်တယ်
ကျေးငှက်က ပြွတ် ...။

လို့။ မျက်ခုံးလေး နှစ်ဖက်စုပြီး ဖတ်ရင်းက မိုးဖြူ ကျွန်တော့်ကို ဆွဲဆိတ်ပါတော့တယ်။

''နင်ဟာလေ ... ပေါက်ကရဆို အကုန်တတ်တာပဲလား''

''သေချာဖတ်လေဟာ ... အဓိပ္ပာယ်က ပြောင်းသွားတာမှ မဟုတ်ဘဲလေ''

အားလုံး ယူဖတ်ကြည့်ရင်း ရယ်ကြပါတယ်။ နောက်ဆုံးတော့ မိုးဖြူက သူ့စာအုပ်လေးကို လွယ်အိတ်လေးထဲ ပြန်သိမ်းလိုက်တယ်။ ဘယ်သူတွေ ဘာပဲပြောပြော မိုးဖြူရဲ့စာအုပ်ပေါ်မှာ ပထမဆုံး ကဗျာရေးဖူးတာ ကျွန်တော်ပဲ။ အဲဒါကို ကျွန်တော် ဂုဏ်ယူသင့်တယ်။ ဆရာသစ္စာနီတောင် အသည်းကွဲပြီးမှ မတော်တဆ ကဗျာဆရာဖြစ်ရတာလေ ... ဟဲ ဟဲ။

ကျောင်းဆင်းချိန်နီးတော့ စုဘူးတို့အုပ်စု တိုးတိုး တိုးတိုးနဲ့ ဘာတွေတိုင်ပင်နေကြလဲ မသိဘူး။ မိုးဖြူမျက်နှာပေါ်မှာလည်း စိတ်ရှုပ်သလို အရိပ်တွေ မြင်နေရတယ်။ ဆရာစာသင်နေလို့ အကြာကြီး စပ်စုလို့ မရဘူး။

ဟန်လင်းဦးက ကျွန်တော့်လိုပဲ မြင်လိုက်လို့နဲ့တူတယ် ... အနားကပ်ပြီး မေးတယ်။

''ဟေ့ကောင် ... စုဘူးတို့ ဘာဖြစ်နေလဲ မသိဘူးတွေ့''

''အေး ... ငါလည်း သတိထားမိတယ် ... ထစ်ရှုရှုဲ''

''ဟိုနောက်က ကောင်တွေ''



www.burmeseclassic.com

www.burmeseclassic.com



**ဆရာ လှမ်းအော်**လို့ ဇက်ပုနေလိုက်ရတယ်။ ဒီဆရာ ဦးသောင်းဟန်က စာသင်ကောင်းသလို အရိုက်လည်းကောင်းလို့ပါ။ ကျောင်းဆင်းတော့ မနေနိုင်မထိုင်နိုင် သွားမေးကြည့်တယ်။ ဟောင်ဖွာ ဟောင်ဖွာပြောတတ်လွန်းတဲ့ မိုးမိုးလှိုင်ကိုပေါ့။ အခန်းထဲက အထွက်မှာ လွယ်အိတ်ကိုနောက်ကဆွဲပြီး ...

"မိုးမိုး ... နေပါဦးဟ ... ခုနက ဘာတွေဖြစ်နေတာလဲ၊ မိုးဖြူပုံစံကလည်း မသာမယာနဲ့"

"အာ ... ဘာလုပ်မလို့လဲ"

"သိချင်လို့ပါဟာ"

မိုးမိုးလှိုင်က တုံ့ခနဲရပ်ပြီး ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ ကြည့်တယ်။ ပြီးမှ သက်ပြင်းချရင်း ...

"အေး ... နင့်ကိုတော့ ပြောသင့်တယ်လို့ ငါယူဆတယ်၊ မိုးဖြူ ကျောင်းတက်,ကျောင်းဆင်းမှာ ဆိုက်ကားနဲ့သွားတာ နင် သိတယ်မဟုတ်လား"

"အေး ... သိတယ် ... ဘာဖြစ်လို့လဲ"

"အဲဒါ လမ်းမှာ အီး (E) ခန်းက နှစ်ကျ စိုးနိုင်ဆိုတဲ့ကောင် လိုက်ပြီးစကားပြောနေတတာ နှစ်ရက်ရှိပြီ"

"ဘာ ... အဲဒါကို မိုးဖြူက ငါ့ကို ဘာဖြစ်လို့ အသိမပေးတာ လဲ"

"ဟဲ့ ... နင်နဲ့မိုးဖြူနဲ့က ဘာဆိုင်လို့လဲဟ၊ နင့်ကို သူက ဘယ်လိုလုပ် အသိပေးမလဲ၊ ခု နင်သိပြီ မဟုတ်လား ... ဘာထူးခြား လို့လဲ"

ခပ်သုတ်သုတ်ထွက်သွားတဲ့ မိုးမိုးလှိုင်ကို ကျွန်တော် ကြောင်ပြီး





ကြည့်နေမိတယ်။ ကျွန်တော် ဘာလုပ်ပေးနိုင်လဲ။ ရင်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်နေတယ်။ ကျွန်တော့်အသိစိတ်ထဲမှာ ဟင်းလင်းပွင့် ဆိုတာ ပန်းတစ်မျိုးမဟုတ်မှန်း နားလည်ထားတာ ကြာပါပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ညဦးပိုင်းမှာ ထိုင်နေကျ ကိုညီရဲ့ ထူးကဲလက်ဖက်ရည်ဆိုင်မှာပဲ ကျွန်တော်တို့ ဆုံဖြစ်ကြတယ်။ ပြောစရာရှိတယ်ဆိုပြီး ချိန်းလိုက်ပေမယ့် ဘာက စပြောရမှန်းမသိသေးဘူး။ ရင်ထဲမှာ ဗလောင်ဆူနေတာကိုပဲ ခံစားနေရတယ်။

နောက်ဆုံးမှ ရောက်လာတဲ့ ညီညီနိုင်က ...

"တိုင်ပင်စရာရှိလို့ဆို ... ပြောစမ်းပါဦး၊ ဒီလိုချိန်းပြီး ပြောရအောင် ဘာကိစ္စမို့လို့လဲ"

"အေးလေ ညီလတ် ... မြောကွာ ... လူစုံပြီပဲ"

"ပြောပါ့မယ် ... ဘယ်က စပြောရမလဲဆိုတာ စဉ်းစားနေတာ"

ကျွန်တော့်ပါးစပ်က မရဲဘူးဖြစ်နေလို့ ဟန်လင်းဦးက ကြည့်ပြီး ...

"ပျိုးမနေပါနဲ့ ညီလတ်ရာ ... အချင်းချင်းတွေပဲ မရှိန်ပါနဲ့





... မင်းကို ဘာမှမလုပ်ပါဘူး"

ဒီကောင့်အပြောကို ခပ်တိုးတိုး ဆဲပေးလိုက်တော့မှပဲ ရင်ထဲမှာလည်း နည်းနည်းပေါ့သွားတယ်။ ပြောရဲဆိုရဲ ရှိသွားတာမျိုးပါ။ အဲဒါနဲ့ပဲ မိုးဖြူရဲ့ကိစ္စကို ပြောပြလိုက်တယ်။ နားထောင်နေတဲ့ မျက်နှာတွေက အရောင်အမျိုးမျိုး ဖြစ်နေကြတယ်။ ကျောင်းသားဘဝတစ်လျှောက်လုံးမှာ ဒီကိစ္စမျိုးကို ခေါင်းစဉ်တပ်ပြီး တိုင်ပင်ဖူးတာ ပထမဆုံး ဖြစ်နေလို့လား မသိဘူး ...

ကျွန်တော့်စကားဆုံးတော့ အားလုံး တွေဝေကုန်ကြတယ်။ ဖိုးဇော်က ကောက်ကာငင်ကာပဲ ...

"မင်း ခုလိုပြောနေတာ မိုးဖြူကို မင်းကြိုက်နေတယ်လို့ ဆိုလိုချင်တာလား"

ရုတ်တရက် ကျွန်တော် မဖြေနိုင်ဘူး။ အဲလို တိတိကျကျ အဖြေမျိုး မရှိသေးတာပါ။ ကျွန်တော် မိုးဖြူကို သံယောဇဉ်ရှိတယ်။ ခုလို တစ်ယောက်ယောက်က သူ့ကို စကားလိုက်ပြောတယ်ဆိုတာမျိုးကတော့ ရင်ပူစေတာပဲ။ ဝေခွဲမရတဲ့ စိတ်ခံစားချက်တွေဟာ ကျွန်တော်ငေးနေတဲ့ ပတ်ဝန်းကျင်လို အလင်းနဲ့အမှောင် ရောထွေးနေကြတယ်။ တစ်ချက်တစ်ချက် ဖြတ်စီးလာတဲ့ လေပြည်ထဲမှာလည်း အမှန်ကို ရှာမတွေ့နိုင်သေးဘူး။

"မင်း မိုးဖြူကို သံယောဇဉ်ပိုတယ်ဆိုတာကိုတော့ ငါတို့လည်း ရိပ်မိပါတယ်ကွာ၊ ဒါပေမဲ့ ခုတောင် မင်းဟာမင်း မသဲကွဲသေးဘူးလေ။ ငါတို့ကိုတိုင်ပင်ပြီး တစ်ခုခုလုပ်ချင်တယ် ထားဦး ... မင်း မိုးဖြူကို ဘယ်လိုပြောမလဲ၊ နောက်ပြီး စိုးနိုင်ဆိုတဲ့ကောင်က မေးလာရင် ဘာသိ လိုရှင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ... မင်း တကယ်ကြိုက်လို့ မိုးဖြူကို သွားပြော ဦးတော့ ... မင်းလို အမြဲနောက်နေတဲ့ကောင်ကို ယုံမှာလား။ ပြီးတော့ စိုးနိုင်ဆိုတဲ့ကောင်က ဆယ်တန်းတစ်နှစ်ကျထားတယ်ဆိုပေမယ့် ...''

ဆက်မပြောတော့ပေမယ့် ကျွန်တော် နားလည်ပါတယ်။ စိုးနိုင်က နှစ်ကျပေမယ့် ချမ်းသာတယ်။ ကျောင်းကို ဆိုင်ကယ်နဲ့ တက်နိုင်သလို သူ့မိဘတွေကလည်း ကျောင်းအတွက် အလှူငွေတွေဆိုရင် ရက်ရောလှန်းတယ်။ ပြီးတော့ ဒီကောင့်ရဲ့အားသာချက်က ကျွန်တော်တို့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဆရာ,ဆရာမတွေ ယုံကြည်ချစ်ခင်အောင် နေတတ်တာပဲ။

သက်ပြင်းကို အရှည်ကြီးချမိလိုက်လို့ ဥာဏ်ထွန်းလင်း ငြိမ်နေရာက ...

''မင်း လျှောက်တွေးပြီး အားမငယ်ပါနဲ့ကွာ၊ မိုးဖြူက ပြန်ကြိုက်သေးတာမှ မဟုတ်ဘဲ၊ ပြီးတော့ သူ့ခေါင်းထဲမှာလည်း အဲဒီအတွေးတွေ ရှိသေးမှာမဟုတ်ဘူးလို့ ငါထင်တယ်၊ မိုးဖြူက ကျောင်းစာပဲ ဂရုစိုက်တာ မင်းတို့လည်း အသိပဲလေ''

''အေး ... ဒီကောင်ပြောတာတော့ သဘာဝကျတယ် ညီလတ်''

ဟုတ်သားပဲလို့ တွေးမိတယ်။ ကျွန်တော့်ဘာသာ အစိုးရိမ်လွန်နေသလို ဖြစ်နေလို့ ပြုံးမိသွားတယ်။

''ငါက မိုးဖြူကို ဟို ... ချစ်တယ်,မချစ်ဘူးဆိုတာထက် သူ့ တစ်ယောက်ယောက်ကို ညွှတ်သွားမှာကို စိတ်ပူနေတာ၊ ခု လည်း မိုးဖြူကိုကြည့်ရတာ စိတ်ရှုပ်နေတဲ့ပုံစံပဲ တွေ့တယ်''

''ဩော် ... ဒါဆို မင်းဘက်ကတော့ မိုးဖြူကို လုံးဝ စိတ်





မဝင်စားသေးဘူးပေါ့''

ညီညီနိုင် ဖြတ်မေးလိုက်လို့ ဘာဖြေရမှန်းမသိဘူး။ ပြီးမှ ကျွန်တော် စဉ်းစားပြီး လေးလေးနက်နက် ပြန်ပြောလိုက်တယ်။

''အဲ ... အဲဒါက ဒီလိုကွာ၊ ငါတို့အသက်အရွယ် အနေအထားနဲ့ အချစ်ဆိုတာကို ခေါင်းစဉ်မတပ်သင့်သေးဘူးလို့ ထင်တယ်လေ၊ ငါဖတ်ဖူးတဲ့ အချစ်အကြောင်းလေး မင်းတို့ကို ပြောပြမယ်၊ စိတ်ပညာရှင်တချို့က အချစ်ကို **သုံးမျိုး** ခွဲထားကြတယ် ... အဲဒါက ဘာတွေလဲဆိုတော့ **ရုပ်သေးရုပ်အချစ်**၊ အဲဒီကနေ မြင့်သွားရင် **စိတ်ကူးယဉ်အချစ်**၊ နောက်ပြီးမှ **အချစ်စစ်အချစ်မှန်**လို့ ပြောကြတယ်''

''လုပ်စမ်းပါဦး ... ဘယ်လို ခွဲထားတာတဲ့လဲ''

''ဥပမာကွာ ... အိပ်ခန်းနံရံတွေမှာ သူတို့ကြိုက်တဲ့ မင်းသား မင်းသမီး, အဆိုတော်တွေရဲ့ပုံတွေကို ကပ်ထားမယ်၊ အဲလိုချစ်နေတာကို ရုပ်သေးရုပ်အချစ်လို့ ဆိုတယ်၊ အဲဒါမျိုးက အသက်ဆယ့်သုံးလေးနှစ်အရွယ် အပျိုဖော်ဝင်စအချိန်မှာ စဖြစ်လာတတ်တဲ့ အချစ်မျိုးပေါ့၊ အပျိုဖော်ဝင်ချိန်မှာ မိဘတွေချထားတဲ့ စည်းကမ်းကို ဆန့်ကျင်ပြီး သက်တူရွယ်တူအချင်းချင်း စုဝေးနေထိုင်တတ်တဲ့ အရွယ်မျိုးတွေမှာ ရုပ်သေးရုပ်အချစ်တွေ ဖြစ်တတ်ကြတယ်''

''ဖြစ်နိုင်တယ်ကွ ... အဲဒါမျိုးတွေ ငါမြင်ဖူးတယ်''

''မြင်ဖူးမှာပေါ့ ... မင်းက အစ်မတွေနဲ့နေတာကိုး''

ထောက်ခံလိုက်တဲ့ ဖိုးဇော်ခမျာ ဟန်လင်းဦးစကားကြောင့် နှင်သွားတယ်။ ဟုတ်လည်းဟုတ်တာပဲ။ ဖိုးဇော်မှာ အစ်မနှစ်ယောက် ရှိတော့ သူတို့အိမ်ရောက်သွားရင် ကိုးရီးယားနိုင်ငံ ရောက်သွား

www.burmeseclassic.com



သလိုပဲ၊ ကိုးရိုးယားမင်းသားပုံတွေများ နံရံမှာ ကပ်ထားလိုက်ကြတာ။ သူတို့မို့လို့ တိုင်းတစ်ပါးသားတွေကို စွဲလမ်းနေကြတယ်။

ကျွန်တော်က စကားမဆုံးသေးလို့ ...

"နေကြပါဦးဟ ...နု ငါပြောချင်တာက ငါတို့အရွယ်နဲ့ ဆိုင်လာပြီ၊ အဲဒါကြောင့်လည်း ငါ ဝေခွဲမရသေးတာပေါ့"

"ဟာ ...ပြော ပြော ...အဲဒါ အရေးကြီးတယ်"

"ခု ငါတို့လို ဆယ့်ငါးဆယ့်ခြောက်အရွယ်တွေဟာ စိတ်ကူးယဉ်အချစ်တွေ ဖြစ်လာတတ်တဲ့အရွယ်တဲ့၊ ငါတို့ ဖတ်နေ့,ကြည့်နေကြတဲ့ ရုပ်ရှင်ဝတ္ထုတွေထဲက ပုံစံမျိုးတွေလို စိတ်ကူးယဉ်တဲ့ အချစ်မျိုးတွေပေါ့၊ အဲဒါကို တကယ်ချစ်တယ်ထင်ပြီး အိမ်ထောင်ပြုကြတဲ့အခါ အဆင်မပြေတာတွေ ဖြစ်လာတတ်တယ်၊ ဆယ်ကျော်သက်အရွယ်မှာ အချစ်စစ်ဆိုတာ ရှိတတ်ပေမယ့် ရှားပါးလွန်းတယ်လို့ဆိုတာပဲ"

"ဒါကြောင့် မင်းက မိုးဖြူကို ချစ်,မချစ် မသဲကွဲသေးတာပေါ့ ...ဟုတ်လား"

ပြုံးစစနဲ့ မေးနေတဲ့ ဉာဏ်ထွန်းလင်းကို ခေါင်းအသာညိတ်ပြလိုက်တော့ ဖိုးဇော်က ဝင်ပြီး ...

"ဟာကွာ ...ဒါဆို အချစ်စစ်,အချစ်မှန်ပေါ်ဖို့ ဘယ်အချိန်ထိ စောင့်ရမှာလဲ"

"သူတို့အဆိုအရ လူရဲ့ ရုပ်ပိုင်းဆိုင်ရာ, စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်လာတဲ့အချိန် အဲ ...ဆင်ခြင်တွေးတောနိုင်တဲ့ အရွယ်မျိုးပေါ့ကွာ ...နှစ်ဆယ့်ငါးနှစ်လောက်လို့ ပြောကြတာပဲ၊ ဒါပေမဲ့ အဲဒီအရွယ်တောင်မှ တချို့လူတွေ ရှာမတွေ့သေးဘူးလို့ ထပ်ပြောထားသေးတယ်"





"ဟုတ်မှာပေါ့ ...တချို့ အပျိုကြီး,လူပျိုကြီးတွေဖြစ်နေတာကို ကြည့်ပါလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုတာကိုလည်း ဘယ်မိဘမှ မကြိုက်ပါဘူးကွာ၊ မင်းပြောတာ ဟုတ်တယ်ညီလတ် .. ငါတို့အရွယ်နဲ့ အချစ်လို့ ပြောထွက်ဖို့ မလုံလောက်သေးတာ အမှန်ပဲ"

"ငယ်ငယ်ကတည်းက သံယောဇဉ်တွယ်လာတာဆိုရင်ကော မင်း ဘယ်လိုပြောမလဲ"

ညီညီနိုင်က စောဒက ဝင်တက်တယ်။ ဒီကောင် ကေသီ့ကို ကျိတ်ကြိုက်နေတာသိလို့ ကျွန်တော်က ...

"မင်းကတော့ သူများထက်ထူးပြီး နဖူးမှာ ဟိုဟာပါလာတယ်ထင်တယ်"

"ဟော့ကောင် ညီလတ် ...မညစ်ပတ်နဲ့နော်"

"ဘာလဲဟ ...သူများထက်ထူးပြီး နဖူးမှာ စာပါလာတာလို့ ပြောတာ၊ နဖူးစာလေ နဖူးစာ ...နဖူးစာဆိုတာကို ကြားဖူးတယ်မလား"

"ဟာ ...ဖြစ်နိုင်တယ်၊ ညီညီနိုင် ...မင်းနဖူး ပြစမ်း။ အေးကွ ...စာပါလာတယ်"

ပြောရင်း ဟန်လင်းဦးက ညီညီနိုင့်နဖူးကို ဆံပင်သပ်တင်ပြီး ကြည့်တယ်။ ဟိုကောင် ရှက်ကိုးရှက်ကန်းနဲ့ ဖြစ်နေတုန်း ဟန်လင်းဦးက ...

"အဟဲ ...တွေ့ပြီ တွေ့ပြီ"

"ဘာတဲ့လဲ"

"ကေသီတော့ မဟုတ်ဘူး ...ဘာလဲ ...ဩော် မိပွားကြီးတဲ့ ...ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထရယ်ကြတော့တယ်။ မိပွားကြီးဆိုတာက ကျောင်းနားကို ရောက်လာတတ်တဲ့ အရူးမကြီးပါ။ စကားပြောလွန်းအားကြီးလို့ မိပွားကြီးလို့ ခေါ်ကြတယ်။ ညီညီနိုင်လည်း အချစ်အကြောင်း ထပ်မဟာရဲလောက်အောင် ဖြစ်သွားရှာတယ်။ ဒါတောင် နှုတ်ထဲက အရှက်မရှိတဲ့ကောင်ဆိုတော့ ခဏနေရင်ပဲ . . .

"မင်းတို့ ဘာပဲပြောပြော . . . ဆယ်တန်းအောင်ရင် ငါ ကေသီကို ဖွင့်ပြောမယ် . . . ဒါပဲ"

"ဘလိုင်းကြီးပါလား၊ မင်းကို ဘယ်သူမှဘာမှမပြောဘူး . . . သိပ်ကြုံးဝါးမနေနဲ့၊ ဟိုကဖြင့် ခေါင်းထဲတောင် ထည့်ထားမှာ မဟုတ်ဘူး"

"ငါ့ကိုပဲ ပြောမနေနဲ့ဦး . . . ဒီကောင် ညီလတ်က ခုတိုင်းဆိုရင် ဘာဆက်လုပ်ရမှာလဲ . . . စဉ်းစားဦးလေ"

"ညီလတ် . . . မင်း မိုးဖြူကို ဆုံးရှုံးရမှာတော့ ကြောက်တယ် မဟုတ်လား"

"အဟီး . . . အဲဒါတော့ ဝန်ခံတယ်"

"ဒါဆိုရင် မင်းစိတ်တွေ မိုးဖြူဘက်ကို နည်းနည်းတော့ ညွတ်တယ်ဆိုတာ သေချာနေပြီ"

"အဲဒါဆိုရင် ငါ . . . ငါ ဘာဆက်လုပ်ရမှာလဲ"

"အင်း . . . ဘာလုပ်ရင်ကောင်းမလဲဆိုတော့ မင်း ဖွင့်မပြောရဲသေးဘူးဆိုရင် မိုးဖြူအခြေအနေကို ကြည့်ပြီး စိုးနိုင်ကို ပညာသားပါပါ တားရမှာပေါ့"

"ဟာ . . . ဒီကောင်က ဖိုက်တာနော်"

ဉာဏ်ထွန်းလင်းက ဆတ်ခနဲ ဝင်ပြောတယ်။ ကျွန်တော့်ရင်ထဲမှာ မခံချင်စိတ် အနည်းငယ်နဲ့ . . .





"ဖိုက်တာ . . . ဟုတ်လား . . . ဖိုက်တာဆိုတာ ခြင်ဆေးခွေပဲ ရှိတယ်ကွ"

လို့ ပြောလိုက်လေရဲ့။ အိပ်မက်ဆိုတာ သူမက်သလို ကိုယ်လည်း မက်ခွင့်ရှိတာပဲ မဟုတ်လား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

နောက်နေ့မှာတော့ ကျွန်တော် သတိမထားဖြစ်တဲ့ မိုးဖြူရဲ့ ကျောင်းတက်ကျောင်းဆင်းအစီအစဉ်ကို လေ့လာရတော့တယ်။ သတိမထားမိဘူးဆိုတာက ဒီလိုပါ။ ကျောင်းတက်ဖို့ အချိန်ကပ်တော့မှ သူ့အိမ်က လပေးမှာထားတဲ့ ဆိုက်ကားနဲ့ မိုးဖြူက ကျောင်းကိုလာတာ။ ကျွန်တော်တို့ကတော့ ကျောင်းကို နာရီဝက်လောက် စောပြီး အမြဲလာကြတာကိုး။ ပြန်ဆင်းတော့လည်း မိုးဖြူက အသင့်စောင့်နေတဲ့ ဆိုက်ကားနဲ့ ချက်ချင်းပြန်သွားတယ်။ ကျွန်တော်တို့လိုကောင်တွေကတော့ နောက်ရင်းပြောင်ရင်း တော်တော်နဲ့လူစုကွဲကြတာမဟုတ်ဘူး။ အဲဒီကျောင်းတက်ကျောင်းဆင်းချိန်လေးမှာ ဟို . . . လဒစိုးနိုင်က ဒုက္ခလိုက်ပေးနေတာ ဖြစ်မယ်။

မယောင်မလည်နဲ့ မိုးဖြူတို့အိမ်နားမှာ သွားစောင့်ကြည့်တဲ့နေ့မှာပဲ ရင်ခံသွားရတယ်။ ကျွန်တော် (မောင်ဇမာ) စက်ဘီးလေးကို အသာရပ်ပြီး အနားက ကွမ်းယာဆိုင်လေးထဲမှာ စောင့်ကြည့်နေတုန်း





ပေါ့။ သူတို့အိမ်က ငှားထားတဲ့ဆိုက်ကား မိုးဖြူတို့အိမ်ရှေ့ကို ရောက်နေပြီ။ ခဏနေတော့ အဖြူအစိမ်းဝတ်ထားတဲ့ ကျောင်းစိမ်းပန်းကလေးဟာ လေမတိမ်းဘဲ ယိမ်းလှုပ်လာပါတော့တယ်။ ပထမဆုံး စောင့်ကြည့်ဖူးတာဆိုတော့ ကျွန်တော့်မှာ မလုံမလဲနဲ့။ မိုးဖြူကတော့ ကျွန်တော်ကြည့်နေမယ်လို့ ဘယ်လိုမှမထင်သလို ပတ်ဝန်းကျင်ကိုလည်း ယောင်လို့တောင် မကြည့်ပါဘူး။ လွယ်အိတ်ကလေး ရင်မှာပိုက်ပြီး ဆိုက်ကားပေါ် တက်သွားတယ်။ ဆိုက်ကားကလည်း သူတက်လိုက်တာနဲ့ ထွက်သွားလေရဲ့။

စက်ဘီးလေး အသာနင်းရင်း တတ်တိုင်နှစ်တိုင်အကွာလောက်က လိုက်သွားလိုက်တယ်။ မိုးဖြူများ ဖျတ်ခနဲ လှည့်ကြည့်ရင်ဆိုတဲ့ အတွေးက ကျွန်တော့်မျက်နှာတစ်ခုလုံးကို ထူအမ်းသွားစေတယ်။ အကြားအမြင်ပေါက်နေတဲ့သူမဟုတ်လို့ မိုးဖြူက လှည့်မကြည့်ပါဘူး။

ဒီအချိန်အထိ စိုးနိုင်ရဲ့အရိပ်အယောင် မမြင်ရလို့ ကျွန်တော်စဉ်းစားမိတယ်။ မိုးဖြူ ခါထုတ်လိုက်လို့ ဒီကောင် မလိုက်ရဲတော့ဘူးထင်တာပဲ။ အဲဒီအတွေးနဲ့တင် ကျွန်တော့်မှာ ကြည်မွေ့ရပြန်တယ်။

သိပ်မကြာလိုက်ဘူး . . . ။ အတွေးဟာ ကျွန်တော့်ဘေးနားကဝေါခနဲ ဖြတ်မောင်းသွားတဲ့ စိုးနိုင်ရဲ့ ရှုပါကပ်ဆိုင်ကယ်အောက်မှာကြေခသွားရတယ်။

ဆိုက်ကားဘေးက ခပ်ဖြည်းဖြည်းမောင်းရင်း မိုးဖြူကို စိုးနိုင်တတွတ်တွတ်ပြောနေတာ မြင်ရတယ်။ မိုးဖြူကတော့ ဘာမှ တုံ့ပြန်ပြောနေတာ မတွေ့ရဘူး။ စိုးနိုင်က အားမလျှော့သေးဘဲ ဆိုင်ကယ်စက်သံကို တဖြင်းဖြင်းလုပ်ရင်း ဆက်ပြောနေတယ်။ မိုးဖြူလည်းဆံနွယ်လေးတွေ လွင့်ခါသွားတဲ့အထိ ခေါင်းခါလိုက်တာကို မြင်ရတာပဲ။

www.burmeseclassic.com



ရင်ထဲမှာ အားငယ်သလို ဆို့ကျင်နေမိတယ်။

ကျွန်တော့်စက်ဘီးက မသိမသာလေး မြန်လာလို့ သူတို့နဲ့ ခါတ်တိုင်တစ်တိုင်စာလောက်အကွာမှာ ရောက်နေပါပြီ။ ခု ကျွန်တော်တို့ သွားနေတဲ့လမ်းက ဆုံးတော့မယ်။ ရှေ့နည်းနည်းဆိုရင် ဘယ်ဘက်ကို ကွေ့ပြီး ဗိုလ်ချုပ်လမ်းပေါ်ရောက်တာနဲ့ ကျောင်းကို လှမ်းမြင်ရတော့မယ်။

ဆိုက်ကားပေါ်မှာ ငြိမ်နေတဲ့ မိုးဖြူက စိုးနိုင်ကို ဘာပြောလိုက်လဲ မသိဘူး . . . စိုးနိုင် ဆိုင်ကယ်ကို ဝေါခနဲ မောင်းထွက်သွားလေရဲ့။ ကျွန်တော့်ရင်ထဲမှာ မဆီမဆိုင် သက်ပြင်းကျသွားရတယ်။ မသိစိတ်ကြောင့်ပဲလား၊ တစ်ယောက်ယောက်မြင်သွားမှာ စိုးရိမ်တဲ့သဘောကြောင့်လား မသိဘူး . . . မိုးဖြူရဲ့ မျက်ဝန်းနက်နက်တွေဟာ ကျွန်တော်ရှိတဲ့ နောက်ဘက်ကို ဝဲပျံရောက်ရှိလာတော့တယ်။ ကျွန်တော့်မျက်နှာကို အထားအသိုရွေးနေချိန်မှာပဲ မိုးဖြူရဲ့ အံ့ဩမှင်သက်တဲ့ပြကွက်လေးက ပြီးဆုံးသွားပါပြီ။

ပြောရရင်တော့ အဲဒီနှစ်မှာ ကျောင်းနောက်ကျရတဲ့ နေ့တစ်နေ့အဖြစ် ကျွန်တော် မှတ်မှတ်ရရ ရှိနေတုန်းပါပဲ။

❖



ကျောင်းရဲ့ ခြံတံခါးဝနား ရောက်သွားချိန်မှာတော့ ကျောင်းစောင့်ကိုလှိုင်ဝင်းထွန်းက ခြံတံခါးကို သော့တောင်ခတ်ပြီးနေပါပြီ။ နောက်ကျတဲ့ကျွန်တော့်ကို သော့ပြန်ဖွင့်ပေးဖို့လုပ်ပြီးမှ ဘာစိတ်ပြောင်းသွားလဲ မသိဘူး . . . မကြည့်သလိုကြည့်ပြီး . . .

"မင်းကွာ . . . စောစောလာတာ မဟုတ်ဘူး၊ ခုနေ ငါဖွင့်ပေးတာ မြင်သွားရင် ဆရာမကြီးဆီ ငါပဲ အဆူခံရဦးမှာ"

သူ အဆူမခံရအောင်ဘဲ ကျွန်တော့်မှာ ကျောင်းတစ်ရက်လုံး မတက်ဘဲ နေလိုက်ရမလို ဖြစ်သွားတယ်။

ဒါနဲ့ပဲ မချိပြုံးလေး ပြုံးရင်း . . .

"ဆယ်မိနစ်လောက်ပဲ နောက်ကျတာပါ အစ်ကိုရာ၊ ခဏခဏလည်း မဟုတ်ပါဘူး"

"စည်းကမ်းဟာ စည်းကမ်းပဲလေကွာ"

"ဒါဆိုလည်း ပြီးရောဗျာ . . . ကျွန်တော် ပြန်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ကျောင်းပျက်လို့မေးရင် ခင်ဗျားစည်းကမ်းကို ကျွန်တော် တန်ဖိုးထားလို့ ခုလိုဖြစ်ရတာလို့ ပြောလိုက်မယ်''

ပြောရင်း လှည့်ထွက်လိုက်တော့ ဒင်းကပဲ ပျာယီးပျာယာနဲ့

''ဟာ ညီလတ် . . . နေဦး၊ ဒီကောင်ကွာ . . . တစ်ခါတလေလည်း ငါ့မှာ ပါဝါလေးပြလို့ရမလားလို့ပါကွ၊ အဲလို မင်းသွားပြောရင် ငါရော ကောင်းပါဦးမလား''

''ကောင်းပါတယ် . . . ခင်ဗျားကို ချီးတောင်ကျူးဦးမှာပါ၊ စည်းကမ်းဆိုတာ လူ့ရဲ့တန်ဖိုးပဲလေ၊ စည်းကမ်းကို လိုက်နာရမယ်၊ တချို့က မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ရတယ်လို့တောင် အဆိုရှိသေးတာပဲ မဟုတ်လား''

''အဲ အင်း . . . လာပါကွာ၊ မင်းကိုပဲ ငါတောင်းပန်ပါတယ်''

ချက်ချင်း သော့ကို အမြန်ပြန်ဖွင့်ပြီး ကျွန်တော့်ကို ဆွဲခေါ်တော့တယ်။ ဒါတင်မကသေးပါဘူး . . . ကျွန်တော့်စက်ဘီးလေးကို နေရာချပေးနေရင်း ညည်းညူနေသေးရဲ့။

''မင်းတို့ကောင်တွေကတော့ အော့ကြောလန်တွေပဲကွာ၊ ဟော့ကောင် . . . ဒီနှစ်တော့ အုန်းသီး လာမခိုးနဲ့ဦး၊ ငါ့မှာ အဲဒီတုန်းက မင်းတို့မှန်းသိလို့ တော်သေးတယ် . . . မဟုတ်လို့ လက်သည်ရှာမရရင် ငါပဲ ခိုးပြီးရောင်းစားတယ်လို့ ထင်ခံရဦးမယ်''

''အေးပါဗျာ . . . ဒါနဲ့ အော့ကြောလန်ဆိုတာ ဗမာစကားလား, တရုတ်စကားလားဗျ၊ ဟို . . . အော်ကွေ့ကြည်တို့, အီကြာကွေးတို့လိုလားဗျ''

''ဟေ . . . ဘယ်လို ဘယ်လို . . . အင်း . . . အော့ကြောလန်ဆိုတာက . . . အင်း''





သူဟာသူ ရေရွတ်ပြီး ကျန်ခဲ့လေရဲ့။ ကိုလိုင်ဝင်းထွန်းကို ဦးနှောက်စားခဲ့သမျှ ကျောင်းစာသင်ခန်းထဲကို ဝင်ဖို့အလုပ်မှာပဲ တွန့်သွားရတယ်။ အခုထဲမှာ စာသင်နေတာက အတန်းပိုင်ဆရာ ဦးကျော်ကျော်ဦးပါ။ ဆန်ရင်းကို နာနာဖွတ်ရမယ်ဆိုတဲ့ ဆရာမျိုး။ မရဲတရဲလေးနဲ့ လက်ညှိုးလေးထောင်ပြီး ဝင်ခွင့်တောင်းလိုက်တယ်ဆိုရင်ပဲ . . .

''ဟော့ကောင် . . . အခန်းထဲဝင်ပြီး အဲဒီမှာ ရပ်နေဦး''

''ဗျာ . . . ဟုတ်ကဲ့ ဆရာ''

သဘောပေါက်လိုက်ပါပြီ။ ဒါလည်း ဆရာ့ရဲ့ ဒဏ်ပေးနည်းတစ်မျိုးထဲမှာ ပါ,ပါတယ်။ သူစာသင်နေတဲ့တစ်ချိန်လုံး ကျွန်တော် ရပ်နေရမယ်ဆိုတဲ့သဘောပေါ့။ ရပါတယ် . .။ ကျွန်တော်က မသကာ ဒီတစ်ချိန်ပဲ ရပ်နေရမှာ။ သူ့ခမျာ တစ်ရက် တစ်ရက် မတ်တတ်ရပ်နေရတာက ပိုများပါတယ်။ အရှုံးမရှိအောင် ဆရာ့ကို ကိုယ်ချင်းစာနေလိုက်တယ်။

ဆရာက အာပေါင်အာရင်းသန်သန်နဲ့ သင်နေရင်း . . .

''အကုန်နားလည်တယ်နော် . . . နားမလည်တာရှိရင် တစ်ခါတည်းမေး၊ မင်းတို့ အပြင်ကျူရှင်တွေကိုပဲ အားကိုးမနေနဲ့၊ ဒီကျောင်းမှာလည်း နားလည်အောင် အစွမ်းကုန်သင်ပေးနေတာပဲ . . ကြားလား''

''ကြားပါတယ် ဆရာ''

သံပြိုင်အော်ကြပါတယ်။ မိုးဖြူကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကို လှမ်းကြည့်နေတာနဲ့ ဆုံသွားတယ်။ ချက်ချင်း ဖျတ်ခနဲ အကြည့်လွှဲသွားလေရဲ့။ စုဘူးက ပြောင်စပ်စပ်နဲ့ လက်မလေး နှစ်ခုနဲ့ လက်ခုပ်တီးပြတဲ့ဟန်လေး လုပ်ပြနေတယ်။ အားရတယ်ဆိုလေး



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။

ဆရာ့ညြဝါဒကထာက မပြီးသေးပါဘူး။ ဆက်လက် မြွက်ကြားနေပါသေးတယ်။

"တစ်ယောက်ချင်းကို အသေးစိတ် သင်ပေးနေဖို့ ဆရာတို့မှာ အချိန်မရတာ တစ်ခုပါပဲ၊ မင်းတို့ဘက်ကလည်း အားစိုက်သင်ယူကြပါ၊ ဒီနေရာမှာ ဆရာက ကြက်ဥပြုတ်ဥပမာလေးကို ပြောချင်တယ်"

ဗုဒ္ဓေါ ... ဘယ်က ကြက်ဥပြုတ်တာ ပါလာရလဲ မသိဘူး။ နားထောင်လိုက်တော့ ထင်တဲ့အတိုင်းပဲ။

"ကြက်ဥတစ်လုံးပြုတ်ရင် သုံးမိနစ်ကြာတယ် ဆိုပါစို့၊ ဆယ်လုံးပြုတ်ရင် ဘယ်လောက်ကြာမလဲ၊ နေကြဦး ... ဟိုကောင် ညီလတ်ဖြေစမ်း"

သူ့ဥပမာကို နားမလည်ပေမယ့် ဒီအဖြေကိုတော့ ကျွန်တော်သိပါတယ်။

"ဆယ်လုံးဆိုလည်း သုံးမိနစ်ပါပဲ ဆရာ"

"အေး .. အဲဒီလို မင်းတို့ကိုလည်း တစ်ယောက်ချင်း မပြုတ်၊ အဲ ... တစ်ယောက်ချင်းစီ မသင်ပေးနိုင်ပေမယ့် အကုန်လုံးကို ဘာဖြစ်သလဲ"

"သုံးမိနစ် သင်ပေးနေတာပါ ဆရာ"

ပြိုင်တူအော်လိုက်ကြလို့ ဆရာတွန့်သွားတယ်။ ခေါင်းကို ခါတော့တာပဲ။ နင်သွားပုံလည်း ရတယ်။ ရင်နင့်စရာပါပဲ။

"အာ ... မဟုတ်သေးဘူးလေ၊ ဟိုဟာက ကြက်ဥကွ၊ မင်းတို့အကုန်လုံးကို တစ်ချိန်တည်းမှာ အားလုံးနားလည်အောင် သင်ပေးနေ





တာလို့ ပြောတာကွ"

"ရေတော့ နည်းနည်းပိုထည့်ရမှာပါ ဆရာ၊ အချိန်လည်း နည်းနည်းပိုကြာနိုင်ပါတယ်"

ကျွန်တော်ပြောလိုက်တာပါ။ ဆရာက "ဟေ"ဆိုပြီး လှည့်ကြည့်တယ်။ ပြီးမှ ...

"ညီလတ် ... မင်း ဘာကိုပြောတာလဲ"

"ဟို ... ကြက်ဥအရေအတွက် များသွားရင် ပြောတာပါခင်ဗျာ"

"ဘာပြောတယ် ... ငါက ဥပမာပေးနေတာကွ၊ အတိအကျလာမလုပ်နဲ့"

"ဆရာပြောတာ ဟုတ်ပါတယ်ဆရာ၊ တစ်ခါတလေမှာ သင်္ချာရှုထောင့်က မှန်ပေမယ့် လက်တွေ့မှာ ကွာခြားနေတာတွေ ရှိသေးလို့ပါ"

"ကဲ ... ဆိုစမ်းပါဦးဆရာလေးရယ် ... ကျွန်တော် နားထောင်ပါ့မယ်"

ဆရာက ပြုံးစစနဲ့ ကျွန်တော့်ကို ပညာစမ်းပါတော့တယ်။ ဆရာ့ဆရာတွေထဲမှာ ဆရာကတော့ ဆရာပါပဲ။ ဒါပေမဲ့ မေးတော့လည်း ဖြေရပါတယ်။ ကျန်တဲ့ကျောင်းသားတွေလည်း ကျွန်တော့်ရဲ့ ကျဆုံးခန်းကို မျှော်လင့်တကြီး စောင့်ကြည့်နေကြပါပြီ။ လူတွေများ

"ဟို ... ဒီလိုပါ ဆရာ ... ဆရာ ခုနကပေးတဲ့ ဥပမာမျိုးပဲ ဆရာ၊ ဥပမာပဲ ဆိုပါစို့"

ဆရာက မျက်ထောင့်မနီ့တနီနဲ့ ထပ်ကြည့်တယ်။ သူ့သော မျိုး ပေါက်သွားလို့ပါ။ ဆရာကောင်းတပည့် ပန်းကောင်းသန့်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ခွင့်လွှတ်စေချင်ပါတယ်။

"ရေတွင်းတစ်တွင်းကို လူတစ်ယောက်က ဆယ့်နှစ်နာရီတူး ရင်. လူနှစ်ယောက်ဆို ဘယ်လောက်ကြာမလဲလို့ပါ"

"အဲ ... နှစ်ယောက်ဆိုရင် ခြောက်နာရီပေါ့ကွာ ... ဒါများ"

ဒါကျတော့ ဆရာကပါးပါးလေးပါ။ ကြက်ဥလို သုံးမိနစ်ပဲလို့ မပြောပါဘူး။ ပြောရရင် ကျွန်တော်က ထပ်ပါးသေးတယ်။

"ဟုတ်ပါတယ် ဆရာ ... အဲဒါ သင်္ချာနည်းပါပဲ၊ အဲဒီ ရေတွင်းကို လေးယောက်တူးမယ်၊ ထားပါတော့ ... ဆယ်ယောက်၊ အယောက်တစ်ရာတူးမယ်ဆိုရင် အံ့သြစရာကောင်းလှပါတယ်"

"ကဲ ... မင်း လာတွက်ပြပါဦး"

ကျွန်တော် မြေဖြူခဲယူပြီး သင်ပုန်းပေါ်မှာ တွက်ပြလိုက် ပါတယ်။ အချိန်ဆယ့်နှစ်နာရီကို လူအရေအတွက်နဲ့ စားပြလိုက် တာပါပဲ။ ဒီလိုပါ။

❖



| လူအရေအတွက် | ရေတွင်းတူးသည့်အချိန်နာရီ |
|---|---|
| 1 ယောက် | 12 နာရီ |
| 2 ယောက် | 12÷2 = 6 နာရီ |
| 4 ယောက် | 12÷4 = 3 နာရီ |
| 6 ယောက် | 12÷6 = 2 နာရီ |
| 10 ယောက် | 12÷10 = 12×60÷10 = 1.2 နာရီ<br>= 1 နာရီ 12 မိနစ် |
| 100 ယောက် | 12÷100 = 12×60÷100 = 7.2 မိနစ်<br>= 7 မိနစ် 12 စက္ကန့် |
| 1000ယောက် | 12÷1000 = 12×60×60÷1000<br>= 43 စက္ကန့် |



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဖယားကွက်ဆွဲပြီး တွက်ပြလိုက်တော့ နောက်ဆုံး အယောက်တစ်ထောင်နဲ့ ဆယ့်နှစ်နာရီကို စားပြလိုက်တာ လေးဆယ့်သုံးစက္ကန့်ပဲ ကြာပါတော့တယ်။ အပြင်မှာ မဖြစ်နိုင်တဲ့ ကိစ္စကြီးပါ။ ရေတွင်းတစ်တွင်းကို လူအယောက်တစ်ထောင်က ဘယ်လို တစ်ပြိုင်နက် တူးလို့ရမှာလဲ။ ရေတွင်းတစ်တွင်းကို လူတွေ (၄၃) စက္ကန့်နဲ့ ဘယ်လိုမှ အပြီး မတူးနိုင်ဘူး။

သင်ပုန်းကိုကြည့်ပြီး ဆရာ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားပါတယ်။ ပြီးမှ ပြုံးပြီး ...

"အေး ... တုတ်တယ်ကွ၊ ဆရာက သင်္ချာဆရာမဟုတ်ပေမယ့် သဘောပေါက်ပါတယ်၊ ဒါဟာ သင်္ချာသမားနဲ့ လက်တွေ့သိပ္ပံသမားရဲ့ ကွာခြားချက်ပဲ၊ ညီလတ် ... မင်း သွားထိုင်တော့၊ ဒါနဲ့ ဒီပုစ္ဆာကို မင်းဘယ်မှာ တွေ့ထားတာလဲ"

"ကျွန်တော့်အဖေက သင်္ချာသမားတစ်ယောက်ပါ ဆရာ၊





အဖေ ကျွန်တော့်ကို ဒီလိုဉာဏ်စမ်းလေးတွေနဲ့ ဆုံးမဖူးလို့ပါ"

"ဩော် ... မင်းက ငါ့ကို ပြန်ဆုံးမတာပေါ့ ... ဟုတ်လား ညီလတ်"

"ဟာ ... မဟုတ် ... မဟုတ်ရပါဘူး ဆရာ ... ကန်တော့ ... ကန်တော့ပါ"

ကျွန်တော် ပျာပျာသလဲ တောင်းပန်လိုက်တော့ ဆရာက ခေါင်းကိုပုတ်ပြီး ချစ်စနိုးပြောလာတယ်။

"ဆရာ နောက်တာပါကွာ၊ ခုလို မင်းသိတာလေးကို ပြောပြတော့ ကျန်တဲ့လူတွေလည်း အကျိုးရှိတာပဲ မဟုတ်လား၊ အေး ... ဆရာဆိုတာ ကိုယ့်တပည့်က ပိုတော်ပိုတတ်နေရင်တောင် ကြည်နူးပြီး ပီတိဖြစ်နေကြတဲ့ လူစားမျိုးတွေကွ၊ အဲဒါမှ ဆရာအစစ်လို့ ခေါ်တာ"

တစ်ခါမှ မချီးကျူးခံရဖူးတဲ့ ကျွန်တော့်မှာ အဲဒီနေ့က သူ့ရဲကောင်းဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ မိုးဖြူကိုစောင့်ရှောက်ချင်တဲ့ ကျောင်းတက်ကျောင်းဆင်းချိန်လေးတွေကိုတော့ ကျွန်တော် အပိုင်မဝယ်နိုင်သေးတာ လက်တွေ့ဘဝပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

မနက်ပိုင်း စာသင်နေရင်း တစ်ချိန်ပြောင်းလို့ ဆရာလစ်တာနဲ့ ကျွန်တော့်ကို တိုးတိုးကပ်မေးကြပါတော့တယ်။ မနက်ပိုင်းက ကျွန်တော့်ရဲ့ စောင့်ကြည့်ခဲ့သည့် မိုးဖြူဇာတ်လမ်းကိုပါ။ ကျွန်တော်လည်း ခပ်တိုးတိုးပဲ အောင်မြင်စွာနဲ့ ဆုတ်ခွာလာခဲ့ကြောင်းကို ပြောပြလိုက်ရတယ်။

"အေးကွာ ... ဒီကောင်က ဆိုင်ကယ်ရှိတော့ တစ်ပန်းသာတာပေါ့"

ဟန်လင်းဦးက မချင့်မရဲ ညည်းတယ်။ ဆိုင်ကယ်မရှိတဲ့ ကျွန်တော့်မှာပဲ လူဖြစ်ရှုံးရသလိုမျိုး။ အဲလိုတော့ မခံစားနိုင်ပါဘူး။ လူကြီးရင်ပန်းကန်တောင် ဖွန်းဖြစ်သေးတာပဲလေ။ ကျွန်တော် ရယ်နေလိုက်တယ်။

"ဒီကောင် လွယ်လွယ်နဲ့ လက်လျှော့မယ့်ကောင်တော့ မဟုတ်ဘူးကွ၊ မိုးဖြူကလည်း စုဘူးတို့လို ကက်ကက်လန်ပြီး ရန်မတွေ့တတ်





တော့ ပိုရဲတင်းနေမှာပေါ့"

"ဒါပေမဲ့ မိုးဖြူငြင်းတတ်ရင် ငြင်းနည်းတွေ အများကြီးပါကွာ"

ကျွန်တော် ပြန်ပြီးချေပလိုက်တော့ ညီညီနိုင်က ...

"ငါဆိုရင်တော့ မင်းနေရာမှာဆိုရင် ဒီအတိုင်း စောင့်ကြည့်မနေနိုင်ဘူး ဟော့ကောင် ... ပေါ်တင်ပဲ ဝင်လုံးပစ်လိုက်မှာ"

"အဲဒီအတွေးက တိမ်ပါတယ်ကွာ ... မရမ်းချင်စမ်းပါနဲ့"

ဖိုးဇော်က ဆရာကြီးဝင်လုပ်တယ်။ ညီညီနိုင် ပြန်ပြောဖို့ လုပ်လိုက်ပေမယ့် အချိန်မရတော့ဘူး။ ဆရာမတစ်ယောက်က ဝင်လာပြီလေ။ မတ်တတ်ရပ်ပြီး မင်္ဂလာပါဆရာမ လုပ်ရတော့တယ်။

နေ့လယ် မုန့်စားကျောင်းဆင်းတော့ ကျွန်တော် အခန်းထဲမှာပဲ ကျန်ရစ်ခဲ့တယ်။ တစ်ယောက်တည်း ငူငိုင်ပြီး မိုးဖြူသနားအောင် လုပ်ပြမလို့ မဟုတ်ပါဘူး။ မနက်က မုန့်ဖိုးမယူခဲ့ရလို့ပါ။ အိမ်မှာက တစ်ခါတလေ ပိုက်ဆံပါးရှားတတ်တယ်လေ။

ဟိုကောင်တွေကတော့ တော်တော်နဲ့ ပြန်မပေါ်လာကြသေးဘူး။ ကျွန်တော်ယူယူလာတတ်တဲ့ ဟာသစာအုပ်ကလေး အပျင်းပြေထုတ်ဖတ်နေတုန်း စုဘူးတို့အုပ်စု ပြန်ရောက်လာကြတယ်။ မိုးဖြူလည်းပါလာပြီပေါ့။ သူတို့ရဲ့ထုံးစံအတိုင်း အပြင်က မုန့်တွေဝယ်ပြီး အခန်းထဲမှာ အတင်းပြောရင်း အမြိုက်ဖွကြတော့မှာပါ။ ခေတ်ကာလ သားသမီးတွေများ ...။

သူတို့အားလုံး ဝင်ထိုင်ကြပေမယ့် မိုးမိုးလှိုင်က မထိုင်သေးဘဲ ကျွန်တော့်ဆီ လျှောက်လာပြီး လက်ထဲကစာအုပ်ကို ဖိုးဖိုးဆတ်ဆတ် ဆွဲယူကြည့်တယ်။ ပြီးတော့ မခိုးမခန့်လေသံနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် . . . နင်က ဟာသစာအုပ်ဖတ်ပြီး ရယ်နေနိုင်တယ်ပေါ့ . . . ဟုတ်လား"

"ဘာလဲဟ . . . မရယ်လို့ ငါက ငိုနေရမှာလား"

"မသိဘူးလေ . . . ကြေကွဲဆို့နစ်စရာမြင်ကွင်းတွေ မြင်ပြီး ခံစားနေရသလားလို့ . . . အဟင်း"

စပ်စုမ မိုးမိုးလှိုင်။ ဒင်း ဘယ်လိုသိသွားသလဲ မသိဘူး။ ဒါ ကျွန်တော့်ကို စောင်းပြောနေတာ သေချာတာပဲ။ ကျွန်တော်က မသိချင်ဟန်ဆောင်ရင်း . . .

"မိုးမိုး . . . နင် ဘာတွေ လာပြောနေတာလဲ"

"ဩော် . . . မနက်ပိုင်း နင် ကွမ်းယာဝယ်စားတတ်နေပြီလားလို့ မေးတာ"

အမေးနွှားကျောင်းသား အဖြေဘုရားလောင်းတော့ ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်သဘောပေါက်ပါတယ်။ ဒီကိစ္စ သူသိစရာ ဘာအကြောင်းမှ မရှိဘူး။ ဒါဆို မိုးဖြူများ ကျွန်တော် ကွမ်းယာဆိုင်က စောင့်ကြည့်တာကို မြင်သွားလို့လား။ သူ အိမ်ထဲက မြင်နိုင်တယ်လေ။ အဲဒီအတွေးနဲ့တင် ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ် ခုန်သွားတယ်။

"မိုးမိုး . . . ဒီမှာ မုန့်လာစားလေဟာ"

"အေး အေး . . . ခဏလေးဟ"

"လာပါဆို . . . နင်နော်"

မိုးဖြူလှမ်းခေါ်နေတာပါ။ မျက်နှာမှာလည်း မလုံမလဲဟန်နဲ့ ရှက်သွေ့တွေ ဖုံးလို့။ အိုး . . . သေချာသွားပါပြီ။ မိုးမိုးလှိုင် ဖြေသလိုပဲ မဆိုင်တဲ့စကားကို ဖြေပစ်လိုက်တယ်။





"နင်သိပါတယ် မိုးမိုးရယ် . . . စက်ဘီးနဲ့လူက ဆိုင်ကယ်နဲ့လူကို မမီနိုင်ဘူးလေ . . . မဟုတ်ဘူးလား"

"ဟဲ့ မိုးမိုး . . . မကျူညီချင်တဲ့လူမျိုးကို စကားသွားမပြောနဲ့ . . . လာခဲ့ လာ"

လှမ်းပြောလိုက်တဲ့ မိုးဖြူစကားကြောင့် ကျွန်တော့်ရင်ထဲ အောင့်သွားရတယ်။ မိုးမိုးလှိုင်က သွားခါနီး ခပ်တိုးတိုး ပြောသွားပါသေးတယ်။

"နင် နောက်ကပါလာတာကို မိုးဖြူက နောက်ကြည့်မှန်က မြင်နေရတာဟ၊ နည်းနည်းပါးပါး ဝင်ရောလိုက်တာ မဟုတ်ဘူး၊ ဟိုတစ်ယောက် ရှိန်သွားမှာပေါ့၊ သူငယ်ချင်းဖြစ်ပြီး ဘာကိုမှ အားကိုးမရဘူး . . . မျက်နှာပြောင်ဖို့ပဲ တတ်တယ်"

"ဒီမှာ မိုးမိုး"

"ဘာလဲ ဘာလဲ"

"နင် ဗမာ မဟုတ်လား"

"အန် . . . အေးလေ . . . ဘာဖြစ်လဲ"

"ဩော် . . . မပြီးခင် ဗမာမမြင်စေနဲ့တဲ့၊ ခု ငါက စတောင်မစရသေးဘူး . . . နင်က စွတ်ပြီးထင်နေတယ်"

"အေး . . . နင်ကလည်း အဲလို အပြောပဲရှိတာကိုး . . . တော်ပါဟာ"

ဆုအောင့်အောင့်နဲ့ မိုးမိုး ထွက်သွားပါတော့သည်။ မိုးဖြူ အနားကပ်ပြီး ဒင်းက သံတော်ဦးတင်တော်မူသေးတယ် ခင်ဗျား တို့ ဘုရားမလေးကလည်း ရွှေမျက်နှာတော်လေး မွဲသွားတော်မူပါတယ် ကျွန်တော်မျိုးရဲ့ နှလုံးရည်ကို အထင်သေးတော်မူတဲ့ သဘောပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

အင်း ...ဒီအခင်းကို ဘယ်လိုရှင်းရပါ့။ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်လို့ပဲ အော်လိုက်ချင်တော့တယ်။

အရေးထဲမှာ အရာပေါ်တယ်လို့ ပြောကြသလိုပဲ ...။ ဟိုသကောင့်သား စိုးနိုင်ကို အပြင်ကော်ရစ်တာမှာ မယောင်မလည်လုပ်နေတာ တွေ့လိုက်ရတယ်။ ဒင်းက အခန်းထဲကို လှမ်းကြည့်တယ်။ အံမယ် ...လဒက သက်ပြင်းချသေးတယ်ဗျ။ ပြီး ...အမိုကြွေပြဖို့ဆိုပြီး ကော်ရစ်တာလက်ရန်းကို မှီမလိုလုပ်တယ်။ မှီလိုက်တော့မယ်။ နောက်ကို ဆုတ်လိုက်ပြီ။ မှီတော့မယ်။ အဲ ...မှီလိုက်ပြီခင်ဗျာ။ သွားပါပြီ ...။ ဒီကောင် ဒီလို လာလာမှီတတ်လို့ ပြတင်းပေါက်နဲ့ တန်းနေတဲ့တိုင်မှာ ဖိုးဇော်က ပီကေနှစ်ခုပြူးကြီး ကပ်ထားခဲ့တာ။ ငမိုက်သားက ဒါကို သိပုံမပေါ်သေးဘူး။

ခပ်တည်တည်လုပ်နေတဲ့ မိုးဖြူ ဖျတ်ခနဲကြည့်လာရင်ဆိုတဲ့အတွေးနဲ့ ခပ်ယဲ့ယဲ့လေး ပြုံးပြပြီး အပျော့ဆွဲ ဆွဲနိုင်ဖို့ အသင့်ပြင်ထားရတယ်။ သူ့စိတ်ထဲမှာ ဒီနေရာက မခွာချင်တော့ဘူးလို့ တွေးချင်တွေးနေမှာပေါ့။ သေချာပါတယ် ...။ ပီကေနှစ်ခုပူးကြီးက တော်တော်ကပ်နေမှာပါ။ သူ့ကို အပျော့ဆွဲနဲ့ ဆွဲထားမှာလည်း အသေအချာပါပဲ။ စိုးနိုင်တစ်ယောက် ဩကာသလောကကြီးကို မေ့နေဆဲပါ။

❖ ❖ ❖



## ( ၈ )

မနက်စောစောမို့ ရပ်ကွက်ထိပ် ဈေးလေးနားက လက်ဖက်ရည်ဆိုင်မှာ လူသံတွေဆူညံနေပါတယ်။ ဒီနေ့မှ ခါတိုင်း ကျောင်းသွားချိန်ထက် နာရီဝက်လောက်စောပြီး ကျွန်တော် ထွက်လာခဲ့တာပါ။ အကြောင်းရှိလို့ပဲ ဆိုပါစို့။

လက်ဖက်ရည်ဆိုင်ထဲကို ဝေ့ကြည့်ရင်း ကိုလင်းကို ရှာလိုက်တယ်။ ကိုလင်းဆိုတာက မိုးဖြူကို အကြိုအပို့လုပ်ဖို့ လစာနဲ့ ငှားထားတဲ့ ဆိုက်ကားဆရာလေးပါ။ တစ်ရပ်ကွက်ထဲဆိုတော့ ကျွန်တော်နဲ့လည်း သိပါတယ်။ ကိုလင်းက မနက်စောစောဆိုရင် ဒီဆိုင်မှာ ထိုင်တတ်တယ်။ ဆိုက်ကားဆရာဆိုပေမယ့် ဆယ်တန်းအောင်ပြီးပါပြီ။ ကျောင်းတက်ဖို့စောင့်ရင်း အနေးယာဉ်လုပ်သား ဝင်လုပ်နေတာ။ စာတော်ဝါသနာပါသူပီပီ စာအုပ်လေးတစ်အုပ်ကို မျက်မှန်တဝင်းဝင်းနဲ့ ဖတ်နေတဲ့ ကိုလင်းကို တွေ့လိုက်ရတယ်။

"ကိုလင်း ...တစ်ယောက်တည်းလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသုံးနေကျစကားနဲ့ ဝင်ထိုင်လိုက်တယ်။ ကိုလင်း စာဖတ်နေတာက အကြည့်လွှဲရင်း ...

"ဪ ညီလတ် ... ဝီရိယကောင်းလှချည်လားကွ ... လက်ဖက်ရည်သောက်လေ"

ကျောင်းစိမ်းဝတ်စုံနဲ့ ကျွန်တော့်ကိုကြည့်ပြီး အစောကြီး တက်ကြွနေတယ်လို့ ထင်မှာပဲ။ ကျွန်တော်က လွယ်အိတ်ကို ခုံပေါ် တင်လိုက်ရင်း အရင်ပြုံးပြလိုက်တယ်။

"ကိစ္စလေးရှိလို့ပါဗျာ ... ကိုလင်းကို မေးစရာလေးရှိလို့"

"ဟေ"

မျက်ခုံးနှစ်ဖက်ကိုပင့်ရင်း ကိုလင်း အံ့ဩသွားတယ်။ သူနဲ့ ကျွန်တော်က သိပေမယ့်လည်း ဒီလိုမေးတာစမ်းတာမျိုး မရှိဘူးလေ။ ကျွန်တော်လည်း ဝေ့ဝိုက်မနေတော့ဘဲ ...

"ဒီလိုဗျာ ... ကိုလင်းအကြိုအပို့လုပ်ပေးနေတဲ့ မိုးဖြူမောင် ဆိုတာ ကျောင်းမှာ ကျွန်တော့်သူငယ်ချင်းဗျ၊ အဲဒါ ခုရက်ပိုင်း သူ့ကို စိုးနိုင်ဆိုတဲ့ကောင် စကားလိုက်လိုက်ပြောနေတဲ့ကိစ္စပါ"

"ဟို ... ငါနဲ့ ဘာဆိုင်လို့လဲကွ"

"ဟုတ်ပါတယ် ... မဆိုင်ပါဘူး၊ သူတို့ ဘယ်လိုအခြေအနေ ရှိသလဲလို့ သိချင်တာ"

"မင်းနဲ့ သူငယ်ချင်းဆို"

"ပြောမှာသာ ပြောပါဗျာ ... အရေးကြီးလို့"

ကျွန်တော့်ကိုကြည့်ပြီး ကိုလင်းက ရယ်တယ်။ ပြီးမှ ...

"ဟိုကောင်ကတော့ ကရားရေလွှတ် ပြောနေတာပဲကွာ ... ကောင်မလေးက အေးအေးဆေးဆေးပဲ ငြင်းနေတာပဲ"





"ဒါများဗျာ ... ဒီကောင် ခုထိ နှောင့်ယှက်နေသေးတယ်"

"ဟ ... ဒီလိုပဲပေါ့ကွ၊ ဘယ်ကောင်မလေးက ခုပြော ခုကြိုက်တာ ရှိလို့လဲ ... ငြင်းတာက သဘာဝပဲဟာကို"

သူပြောမှ ကျွန်တော် နည်းနည်းလန့်သွားတယ်။ စဉ်းစားမိတာနဲ့ ...

"ဒါနဲ့ ကိုလင်းကကော သူ့အိမ်ကို အသိမပေးလိုက်ဘူးလား ... တာဝန်သိ ဆိုက်ကားဆရာတစ်ယောက်အနေနဲ့လေ"

"မလုပ်ပါနဲ့ကွာ ... ငါပြောလိုက်လို့ သူ့အိမ်က စိတ်မချ ဖြစ်ပြီး ငါ့ကိုမငှားဘဲ နေပါဦးမယ်၊ ဒီတစ်ကြောင်းက လစာနဲ့ရတာကွ"

"ဒါနဲ့များဗျာ"

"ဟ ... ဘာဖြစ်လို့လဲ"

"ခင်ဗျားဆိုက်ကားနောက်ဘက်မှာ ရေးထားတဲ့ နာမည်လေ"

"ဘာဖြစ်လို့တုံး"

"ကြည့်လေ ... ရေးထားတာက 'ဘဝသမားလေးမိုးတိမ်' တဲ့ ... နာမည်နဲ့တောင် မလိုက်ဘူး"

"ဟာ ညီလတ်ရာ ... ဒီလောက် ကဗျာဆန်တဲ့နာမည်ကို များ၊ အဲ ... နေစမ်းပါဦး ... မင်းက ငါ့ကို အဲဒါတွေမေးတာ ဘာလုပ်မလို့လဲ"

"အဟီး ... သူတို့အခြေအနေကို သိချင်လို့"

ကိုလင်းက စိတ်ပျက်တဲ့ပုံစံနဲ့ ခေါင်းခါတယ်။ ပြီးမှ ...

"မင်းကိုတော့ သဘောပေါက်ပါပြီ၊ ဒါပေမဲ့ ငါ့အနေနဲ့ မင်းတို့ကြားထဲ ဝင်လို့မဖြစ်ဘူးကွ၊ ကူညီချင်ပေမယ့် ခွင့်လွှတ်ပါ ညီရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ ... ကျွန်တော်ကလည်း ဒီကောင် မိုးဖြူနား မကပ်နိုင်အောင် လုပ်လို့မရဘူးဖြစ်နေတယ်၊ ဒီကောင်က ဆိုင်ကယ်နဲ့ ဆိုတော့လေ"

"ဟား ဟား ... သူ့ထက်နီးစပ်ချင်ရင် ငါ့ဆိုက်ကားသာ ယူနင်းသွားတော့ကွာ"

ကိုလင်းက သဘောကျပြီး ရယ်မောပြောလိုက်ပေမယ့် ကျွန်တော့်ခေါင်းထဲမှာ လင်းခနဲ ဖြစ်သွားတယ်။ ပထမတော့ မေးရုံစမ်းရုံ လေးပါ။ ခုတော့ မထူးပြီမို့ ချက်ချင်းပဲ ...

"ဟုတ်ပြီဗျာ ... ခင်ဗျားမှာ အောက်ခံစွပ်ကျယ်ပါတယ် မလား ... အပေါ်ကအကျႌ ခဏချွတ်ဗျာ"

"ဘာလုပ်မလို့လဲဟ ... ငါ့အပေါ်အကျႌက အပြဲကြီးနော်"

"ချွတ်စမ်းပါဗျာ ... ခဏလေးပါ"

သူ့အကျႌအပြဲကြီးကို ယောင်နနနဲ့ ချွတ်ပေးမယ်။ ကျွန်တော်က ကျောင်းအကျႌအဖြူနဲ့ ချွတ်လဲလိုက်တော့ သဘောပေါက်သွားတဲ့ ကိုလင်းက ပျာပျာသလဲဟန်နဲ့ ...

"ဟာ ဟေ့ကောင် ... မဖြစ်ဘူးထင်တယ်နော်၊ တော်ကြာ ငါ့ကို ..."

"စိတ်ချပါဗျာ ... ခင်ဗျား ဘာမှမဖြစ်စေရဘူး၊ ခင်ဗျား သူ့အိမ်ရှေ့မှာ စောင့်နေရင် ဘယ်သူက ထွက်ကြည့်တတ်လို့လဲ"

"ဟို ကာယကံရှင် ကောင်မလေးတော့"

"ရော် ... မိုးဖြူက ကျွန်တော့်သူငယ်ချင်းပါဆို၊ ခင်ဗျား ဒီအလုပ်က မရပ်စဲစေရဘူးဗျာ ... ကတိပေးတယ်၊ ဘယ်သူမှလည်း အရေးတယူ လိုက်ကြည့်နေမှာမှ မဟုတ်တာကို"





"ဟူး ... လုပ်တော့ကွာ လုပ်တော့"

သူတားလည်း ရအောင် အကူအညီတောင်းတော့မှာပါ။ ခုတော့ အကျႌလဲဝတ်ရုံ မဟုတ်ဘူး ... ကိုလင်းရဲ့ ဦးထုပ်အဝိုင်းကြီး တောင် ဆောင်းလာသေးတယ်။ ကိုလင်းက ကျွန်တော်နဲ့ ကိုယ်လုံး ကိုယ်ထည် သိပ်မကွာလို့ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားလိုက်ရင် ရုတ်တရက် ဘယ်သူမှ မသိနိုင်လောက်ဘူး။

စိတ်ကို အတည်ငြိမ်ဆုံး စုစည်းရတယ်။ အပေါ်မှာ ကိုလင်းရဲ့ အပေါ်ပိုင်း ဝတ်စုံအပြည့်နဲ့ အောက်မှာလည်း ကိုလင်းရဲ့ 'ဘဝသမား လေး မိုးတိမ်' ဆိုတဲ့ဆိုက်ကားက ရှိနေပါပြီ။ မိုးဖြူအိမ်ရှေ့ကို နင်းသွားရင်းနဲ့ ငါကွလို့တောင် ကျူးရင့်မိသေးရဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

မိုးဖြူတို့အိမ်ရှေ့မှာ ဆိုက်ကားရပ်ပြီး စောင့်နေလိုက်တယ်။ ဘယ်သူမှ သတိမထားမိပေမယ့်လည်း အားတင်းလာခဲ့သမျှ သွေးပျက်ချင်နေပါပြီ။ ခဏနေ မိုးဖြူထွက်လာတော့ ဘာလုပ်ရမှန်း မသိတာနဲ့ ဆိုက်ကားဘေးနားမှာ ဆတ်ခနဲ ထိုင်ချပြီး ဟိုပြင်ဒီပြင် လုပ်နေလိုက်တယ်။ သတိမထားမိသေးတဲ့ မိုးဖြူက ဆိုက်ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်လေရဲ့။

လိုက်ခနဲ ပျံ့လွင်လာတဲ့ မွှေးရနံ့ပါးပါးလေးနဲ့အတူ ကျွန်တော့်ရင်ထဲမှာ ပရမ်းပတာ ဖြစ်သွားရတယ်။ မိုးဖြူနဲ့ ဒီလောက်နီးနီးကပ်ကပ်မနေဖူးတော့ ကတုန်ကယင်နဲ့ တစ်မျိုးကြီးပဲ။ မဆီမဆိုင် ကိုလင်းကို မနာလို ဝင်ဖြစ်လိုက်သေးတယ်။ ဒင်း နေ့တိုင်း ပြစ်မှားနေရင်တော့ ရင်ကျိုးရချည်ရဲ့။ ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေ။

ဆိုက်ကားပေါ်တက်ခွပြီး ဘယ်လောက်မှ မနင်းရသေးပါဘူး။ မိုးဖြူရဲ့အကြည့်က ဆိုက်ကားလက်ကိုင်ကို ကိုင်ထားတဲ့ ကျွန်တော့်





လက်ကို စူးစိုက်ကြည့်နေတယ်။ ကိုလင်းလက်နဲ့ မတူလို့ ထင်ပါရဲ့။ (ကျွန်တော့်လက်ချောင်းတွေက သူများတွေထက် သွယ်လွန်းပါတယ်) ကျွန်တော်မျက်နှာကို မော့ကြည့်ရင်း . . .

"ဟင် . . . နင် . . . နင် ဘယ်လိုဖြစ် . . ."

တအံ့တသြ ရေရွတ်သံအဆုံးမှာ ကျွန်တော်က . . .

"အဟဲ . . . ဟို . . . ကိုလင်းမအားတာနဲ့ နင် ကျောင်းနောက်ကျမှာစိုးလို့"

မိုးဖြူမျက်နှာလေးဟာ သုန်မှုန်သွားပါတယ်။ ကျွန်တော့်အဝတ်အစားတွေကို စုန်ချည်ဆန်ချည်ကြည့်ပြီး . . .

"အောင်မာ . . . နင့်ပုံစံ နင်ပြန်ကြည့်ဦး . . . လာဖြီးမနေနဲ့"

"နင်ပဲ ငါ့ကို မကူညီဘူးဆို၊ ခု နင့်ကိုကူညီချင်လို့ ဒီလိုလုပ်လာတာပါ . . . ကိုလင်းကို အပြစ်မမြင်ပါနဲ့ဟာ"

ကျွန်တော့်စကားကြောင့် သူ ပြုံးရိပ်ကလေးသန်းသွားပါတယ်။ ခဏစဉ်းစားနေပြီးမှ မှတ်ချက်ချတယ်။

"အင်း . . . နင်က ဆိုက်ကားတော့ နင်းတတ်သားပဲ"

"ဆိုက်ကားနာမည်ကို ကြည့်ပါလား . . . ငါလည်း ဘဝသမားပဲဟာ . . . ဒီလောက်တော့ ဖြစ်ပါတယ်ဟ၊ နင်မသိလို့ပါ . . . မနှစ်ကတွဲခဲ့တဲ့ သူငယ်ချင်းမြတ်ကျော်ဆိုရင် ကျောင်းပိတ်တုန်း အိမ်က မသိအောင်ဆိုက်ကားနိုးနင်းသေးတာ၊ အဲဒီတုန်းက ငါတို့လည်း တက်ခွကြတာပေါ့၊ ဒါပေမဲ့ ဆိုင်ကယ်တော့ မစီးတတ်ပါဘူးဟ"

မိုးဖြူ တွေတွေငေးငေးလေး ဖြစ်သွားပါတယ်။ လေသံခပ်တိုးတိုးလေးနဲ့ပဲ . . .

"နင်က ငါ့ကိုကူညီမယ်ဆိုပြီး ဒီပုံစံကြီးနဲ့ . . . ပြီးတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက္ခညီမှာလဲ''

''အင်း ... ဘယ်လိုလဲဆိုတော့ ... ခဏလေး ... နင့်ကို ပြန်မေးရဦးမယ်''

''ဘာကိုလဲ''

''ဩော် ... အရင်နေ့တွေက စိုးနိုင် နင့်ကို စကားလိုက်ပြော ရင် နင် ခုလိုပဲ အပြန်အလှန်ပြောနေတာပဲလား''

''အောင်မာ ... ဘာကိုပြောရမှာလဲ၊ ငါ့ကို မရိုးမသား လာ ပြောနေတာပဲ ဥစ္စာ''

''အဲဒါဆိုတော့''

''ဘာပြောရမှာလဲ ... လာမပြောနဲ့ ပြန်တော့ဆိုပြီး ပြော တော့ ပြောရတာပေါ့''

''အင်း ... စိုးနိုင်ကတော့ ဆိုင်ကယ်နဲ့ဆိုတော့ နင် ပြော လွှတ်ရင် ထွက်သွားလို့ရတယ်၊ ခုနေ ငါများ နင့်ကို မရိုးမသားပြော လိုက်ရင် နင်တော့ ဒုက္ခပဲနော်''

''ညီလတ်နော် ... ငါ့ကို လာမစနဲ့ ... မကြိုက်ဘူး''

''အဟီး ... ငါကလည်း ကြိုက်တယ်မပြောမိသေးပါဘူးဟ''

''ညီလတ် ... ငါစိတ်ဆိုးလိုက်မှာနော် ... တော်တော့''

မိုးဖြူ့မျက်နှာလေးက ခပ်မှုန်မှုန်ဖြစ်လာတယ်။ ကျွန်တော် စကားကို လျှော့ချပြီး (ဆိုက်ကားအရှိန်ကိုတော့ လျှော့လို့မရဘူး)

''အလကားပါဟာ ... ခုနက ငါတွေးမိတာက ဥပမာ နင့်ကို ရည်းစားစကားပြောတဲ့သူက ဆိုက်ကားနင်းနေတယ် ဆိုပါစို့၊ နင်က သူနင်းတာကို စီးလာရတော့ နင်ထုတ်လိုက်ရင်လည်း နင်တစ်ယောက် တည်း ဆိုက်ကားကြီးနဲ့ ကျန်ခဲ့မယ်၊ ကျောင်းကိုရောက်အောင် စီးမယ် ဆိုရင်လည်း ပြောနေတာကို ခံရဦးမယ်လို့ ဆိုလိုတာပါ''

''အောင်မယ် ... ဒါများ ဆိုက်ကားမစီးရလည်း ငါ့မှာ ဖိနပ် ပါသားပဲ ... ကိုယ့်ဟာကိုယ် လမ်းလျှောက်သွားမှာပေါ့''

''ထားပါတော့ ... ငါကပါ နင့်နောက်က လိုက်ဆင်းပြီး ထပ်ပြောလာရင်ကော''

မိုးဖြူ မျက်ခုံးနှစ်ဖက် တွန့်ကွေးသွားတယ်။ မထီတရီလေး ကြည့်ပြီးမှ ဘောက်ဆတ်ဆတ်အသံလေးနဲ့ ...

''ရတယ်လေ ... စီးထားတဲ့ဖိနပ် ချွတ်ရိုက်ပေါ့ဟ''

''ဘာလုပ်မလို့လဲ''

စိတ်ထဲက အရင်မေးမိလိုက်တာပါ။ ဟိုဘက်က ပါးချမလို့ ဆိုပြီး အဖြေရလို့ ထုတ်မမေးရဲတော့ဘူး။

ငြိမ်သွားတဲ့ကျွန်တော့်ကို သူက ...

''မမေးရဲတော့ဘူး မဟုတ်လား၊ ညီလတ်ရယ် ... နင့်ကို ကြုံတုန်း ပြောရဦးမယ် ... နင် တစ်ခါတလေ တည်တည်တံ့တံ့လေး နေပါလားဟာ၊ နင့်ကိုကြည့်လိုက်ရင် အမြဲ ပေါ့ပျက်ပျက်နဲ့''

''နင်မှားနေပြီ မိုးဖြူ ... ငါ့မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ် မွန်းကျပ်တာတွေ ရှိတာပေါ့ဟာ၊ ဘာမှ မဖြစ်လာသေးတဲ့အချိန်မှာ လေးလံပြီးနေရမယ့်အစား ငါက ပေါ့ပေါ့ပါးပါး နေကြည့်တာပါ၊ ပေါ့ ပျက်တာ မဟုတ်ဘူး၊ မလေးနက်တာ မဟုတ်ဘူး''

''နင်ပြောတာတွေကိုတော့ သိပ်နားမလည်ဘူးဟယ် ... ငါ က ခင်လို့ပြောတာပါ''

''ငါလည်း နင်နဲ့ ဒီနှစ်မှခင်ရပေမယ့် ငယ်သူငယ်ချင်းလို သံယောဇဉ်ရှိပါတယ် မိုးဖြူရယ်''





ခုနစ်ဝဉ့်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလဲ့လဲ့လေးတွေက ကျွန်တော့်ဆီ ရောက်လာတယ်။ ဟိုး ရင်ထဲ ထိုးဖောက်ကြည့်လိုက်သလိုပါပဲ။ ကျွန်တော် ဒီထက်ပိုမပြော သင့်မှန်း အလိုလို သိပါတယ်။ ကိုယ့်ကိုယ်ကိုယ် လှည့်စားရတာ အခံရခက်ဆုံးပါ။ ဒါပေမဲ့ ကျွန်တော် မိုးဖြူရဲ့ခင်မင်မှုကို အရောင်မဆိုး ချင်တာလည်း တကယ်ပါပဲ။

ကျောင်းလမ်းတစ်လျှောက် ရွက်ကြွေတွေ ဖြာဝေနေကြတယ်။ မနက်ဦး နေခြည်ထဲမှာလည်း နွေးထွေးတဲ့သီချင်းတစ်ပုဒ် ရှိနေလေရဲ့။ နှင်းဆီဖြူရဲ့ ရနံ့အစစ်နဲ့ အလိုက်သင့် စီးမျောနေပါရစေ။ ကောင်းကင်မှာ တိမ်တစ်အုပ်မှ ရှိမနေပါစေနှင့်။

ဗိုလ်ချုပ်လမ်းပေါ်ရောက်တဲ့အထိ ဘာအနှောင့်အယှက်မှ မရှိပါဘူး။ ကျွန်တော့်ကို မှတ်မိတဲ့သူတွေကတော့ ပြုံးစိစိနဲ့ပေါ့။ ဒီကောင် ပေါက်ကရတော့ လုပ်ပြန်ပြီလို့ ထင်ဦးမှာပဲ။ မိုးဖြူလည်း ဘာမှမပြောတော့ဘဲ ငြိမ်ငြိမ်ကလေး လိုက်ပါလာတယ်။ ဟို ကိုရီးယား နိုင်ငံက ကောင်တွေတောင် ချစ်သူကို ကုန်းပိုးခေါ်သေးတာပဲ။ မိုးဖြူကို ဆိုက်ကားပေါ် တင်နင်းလာရတာ ကျွန်တော် ဂုဏ်ယူသင့်တယ်။

ဝေါခနဲ ဆိုင်ကယ်စက်သံနဲ့အတူ ဆိုက်ကားအနား ရောက်လာတဲ့ စိုးနိုင်ကိုကြည့်ပြီး ကျွန်တော် စိတ်ညစ်သွားတယ်။ ဒီကောင်ကတော့ ကျွန်တော့်ကို သတိထားမိပုံမပေါ်သေးဘူး။ ယူနီဖောင်းကြောင့် ကိုလင်းလို့ပဲ ထင်နေဦးမှာ။

စိုးနိုင်က ဆိုင်ကယ်ကို အရှိန်လျှော့ရင်း မောဟိုက်သံနဲ့ (စက်ဘီးလို နင်းလာရတာလည်း မဟုတ်ဘဲနဲ့များ)

"ဟူး မိုးဖြူရာ ... ကျွန်တော် နောက်ကျသွားတယ်"

အောင်မာ ... ဒင်းကများ နောက်ကျရသလေး ဘာလေးနဲ့။





သူ့ကို မိုးဖြူက စောင့်နေတာကျနေတာပဲ။

မိုးဖြူမျက်နှာလေးလည်း အိုစာသွားပါတယ်။ လေသံပြတ်ပြတ်နဲ့ပဲ ...

"စိုးနိုင် ... ရှင့်ကို ကျွန်မပြောပြီးပြီပဲ ... ကျွန်မ ဒါတွေ မစဉ်းစားသေးပါဘူးလို့လေ၊ ကိုယ့်လမ်းကိုယ်သွားပါ"

"ဟဲ ဟဲ ... ဒါလည်း ကျွန်တော့်လမ်းပဲလေ၊ ခရီးက တူနေတာကိုး မိုးဖြူရဲ့"

လာ လာချည်သေး။ အင်း ... သူ့လမ်းဆိုတော့လည်း ကျွန်တော်လည်း ကိုယ့်လမ်းပဲကွာလို့ တွေးပြီး ဆိုက်ကားကို သူ့ဆိုင်ကယ်ဘက် နည်းနည်းကွေ့ပစ်လိုက်တယ်။ ဆိုက်ကားရှေ့ဘီးကြီး သူ့ဘက်ရောက်လာလို့ စိုးနိုင်က ကပျာကယာ ဆွဲရှောင်ရင်း ဟန်ချက်ပျက်သွားတယ်။

ခဏနေတော့ ဘေးနားထပ်ကပ်လာပြန်တယ်။ ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သလို ...

"မိုးဖြူရယ် ... ကျွန်တော် ချစ်နေတာကိုတော့ ဟာ ... ဘာလဲဟ"

ကျွန်တော် သူ့ဘက် ထပ်ဆွဲကွေ့လိုက်တယ်။ လဒက ဘရိတ်ဆောင့်ဖမ်းပြီး နောက်မှာ ကျန်ခဲ့လေရဲ့။ မကြာပါဘူး ... ထပ်ကပ်လာတယ်။ ကျွန်တော်ကလည်း ထပ်လုပ်တယ်။

လေးငါးခါဖြစ်လာတော့ တမင်လုပ်နေမှန်း သိသွားလို့နဲ့ တူတယ် ...။ ကျွန်တော့်ကို ပြူးပြဲကြည့်ပြီး ...

"ဟေ့လူ ... ခင်ဗျား ... ဟာ ... ဟေ့ကောင် ညီလတ် ... မင်း ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ...ငါလား ...ဝယ်လိုက်ပြီလေ ဒီကောင့်ကို"

ကျွန်တော် ဆိုက်ကားကို မေးဆတ်ပြလိုက်လို့ စိုးနိုင်မျက်နှာက ကြွက်သေလေး ရေနွေးဖျောထားသလို ရှုံ့တွသွားတယ်။ ပြီး အီးတင်းသွားတဲ့ လေသံနဲ့ ...

"ဟော့ကောင် ...မင်း တမင်လုပ်နေတာ မဟုတ်လား"

"တမင်လုပ်တာ ...ဟုတ်လား။ ငါ့ကို တမင်လုပ်တယ် ပြောရအောင် မင်းကိုကော ဘယ်သူခိုင်းထားလို့လဲ"

"ညီလတ် ...မင်း ကြောင်တောင်တောင်မလုပ်နဲ့နော် ...ငါ့ဟာငါ မိုးဖြူကို စကားပြောနေတာကွ"

"ကြားသားပဲ ...မင်းဟာမင်း မွန်ပြီးတော့ ငါ့ကို မမြင်တာပဲလေ"

"ဟာကွာ ...မင်း"

ရှက်ကိုးရှက်ကန်းနဲ့ မျက်နှာက မြင်းသေလေး ပေါင်ဒါရိုက်ထားသလို ဖြစ်သွားသေးတယ်။ ပြီးမှ စောင်းငန်းငန်းနဲ့ ထပ်ပြောတယ်။

"မဆိုင်ရင် မရှုပ်နဲ့ကွာ ...မင်း ဝင်မပါနဲ့"

"ဟ ...မိုးဖြူက ခု ငါ့ရဲ့ ခရီးသည်လေ၊ ပြီးတော့ သူငယ်ချင်း ...ပါမှာပဲ"

"တောက် ...မင်းနဲ့ငါ မငြိချင်ဘူးကွာ ညီလတ်"

"ဒါဆိုလည်း မင်းသွားတော့လေ ...ငါကတော့ ဒီမှာ နင်းနေရတာ မင်းအမြင်ပဲ"

"တော်ကြပါတော့ဟာ ...နင်တို့ ဘာဖြစ်နေကြတာလဲ"

ကျွန်တော်တို့ အချေအတင်ဖြစ်နေကြတာကို မိုးဖြူက ဝင်အော်ပါတော့တယ်။ စိုးနိုင် တွန့်ပြီး နောက်နားကပ်ကျန်ခဲ့တယ်။ ကျောင်း





အဝင်ဝလည်းရောက်နေပါပြီ။ ကျောင်းခြံဝက တံတားလေးပေါ် နင်းအတက်မှာ စိုးနိုင်က ဆိုင်ကယ်ကို ဖြူးခနဲလုပ်ပြီး ထပ်ကပ်လာတယ်။ မိုးဖြူဘက်အခြမ်းက ဆိုက်ကားကို လှမ်းဆွဲရင်း ...

"မိုးဖြူ ကျွန်တော် နောက်မဆုတ် ..."

ကျွန်တော်လည်း စိတ်က ခပ်ချဉ်ချဉ်ဖြစ်လာတာနဲ့ ဆိုက်ကားလက်ကိုင်ကို သူ့ဆိုင်ကယ်ဘက်အခြမ်း ထပ်ကွေ့ချလိုက်တယ်။ နောက်မဆုတ်ချင်တဲ့ စိုးနိုင် ...ဘေးက ရေမြောင်းထဲကို အလုံးလိုက် ပြုတ်ကျသွားပါတော့တယ်။

'ဗွမ်း'

"ဟာ"

ရေမြောင်းက တိမ်ပေမယ့် ရေက ဒူးလောက်ရှိပါတယ်။ အကျကောင်းပေမယ့် ဝုံးလုံးလဲသွားလို့ တစ်ကိုယ်လုံး စိုရွှဲသွားလေရဲ့။ ကျွန်တော့်ကိုလည်း ရေမြောင်းထဲက ဒေါသတကြီး လှမ်းအော်တယ်။

"ဟော့ကောင် ...ပြီးရင် မင်းနဲ့ငါ တွေ့မယ်"

ဒီကောင့်အသံကြီးကြောင့် မိုးဖြူက တုန်တုန်ယင်ယင်လေးနဲ့ ...

"နင်ကလည်း အရမ်းပဲဟာ ...ခု ဘယ်လိုလုပ်ကြမလဲ ...ဒုက္ခပါပဲဟာ"

"ဘာမှမဖြစ်ဘူး။ နင် အခန်းထဲသာ သွားတော့ ...ငါရှင်းလိုက်မယ်"

"ဟိုလေ ညီလတ် ...ငါ့ကြောင့်ဆိုပြီး ..."

မိုးဖြူမျက်ဝန်းတွေက သူ့နာမည်ပါမှာကို အလန့်တကြားစိုးရိမ်နေပုံရတယ်။ မျက်နှာလေး ဖြူရော်ရော်ဖြစ်နေတာနဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com

မပူရအောင်ဆိုပြီး ...

"ကဲ ... နင် သွားမှာသာသွားပါဟာ၊ စိတ်ချ ... နင့်နာမည် မပါစေရဘူး"

ကျွန်တော့်ကို အားကိုးတကြီးကြည့်ပြီး မိုးဖြူ ကျောင်းထဲ ပြေးဝင်သွားတော့တယ်။ ကျောင်းသားသုံးယောက်လောက် ဝိုင်းတင်ပေးကြလို့ စိုးနိုင်ရဲ့ဆိုင်ကယ် အပေါ်ပြန်ရောက်လာပါတယ်။ ဘာပဲဖြစ်ဖြစ် ဖြေရှင်းဖို့ ဆိုက်ကားရပ်ပြီး ကျွန်တော် စောင့်နေဆဲပါ။ ဆိုင်ကယ်ကိုတွန်းလာရင်း စိုးနိုင်က နွားချေးပုံကို ဖနောင့်နဲ့ပေါက်ထားသလို မျက်နှာမဲ့ခွက်ခွက်ကြီးနဲ့ လှမ်းကြည့်တယ်။ မျက်လုံးအစုံကလည်း ဝင်းဝင်းတောက်နေလေရဲ့။

ပထမတော့ ဒီကောင် ကျွန်တော့်ကို ရန်ရှာမလားလို့ ထင်မိတာပါ။ နောက်မှ မင်းနဲ့ငါ တွေ့မယ်ဆိုတာကို သဘောပေါက်တော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ကိုယ်လုံး ပေလူးရွှဲစိုနေတဲ့ ပုံစံကြီးနဲ့ ဆရာမကြီးရုံးခန်းထဲကို ဝင်သွားတာကိုး။ ဘယ်ရမလဲ ... ကျွန်တော်လည်း 'ဘဝသမားလေးမိုးတိမ်' ကို သော့ပိတ်ပစ်လိုက်တာပေါ့။ လာမယ့်ဘေး ပြေးတွေ့တာ အကောင်းဆုံးပဲလေ။

❖ ❖ ❖



( ၁၀ )

ဆရာမကြီး ရုံးခန်းအဝရောက်ရင်ပဲ စိုးနိုင်ရဲ့ ဖိဖိစီးစီး တိုင်တောနေသံကို ကြားလိုက်ရတယ်။

"ဒီကောင် တမင်လုပ်တာပါ ဆရာမကြီး ... ကျွန်တော့်ကို ဘာမနာလိုဖြစ်နေလဲ မသိဘူး"

အောင်မာ ... ဒင်းကများ တိုင်တာတောင် အပေါ်စီးက။ ကျွန်တော် စွတ်ခနဲ ရုံးခန်းထဲဝင်လိုက်တော့ ...

"ဟော့ ဟော့ ... မင်းက ဘယ်သူလဲ၊ အဲ .. အင်း .. ဩော်"

အမူအရာတွေ အမျိုးမျိုးဖြစ်ပြီးမှ သူ့ရဲ့ချစ်တပည့်ကို ဆရာမကြီး မှတ်မိသွားပါတယ်။ ဆရာမကြီးဆိုတဲ့အတိုင်း မျက်မှောင်ကြီးကို ကြုတ်ပြီး (လက်ရှိပြဿနာကို မေ့သွားပုံ ပေါ်တယ်)

"နေဦး နေဦး ... မင်းက ဘယ်လိုဖြစ်လာရတာလဲ"

"ခင်ဗျာ"

"မင်းကိုယ်ပေါ်က အဝတ်အစားတွေကို ပြောတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ‥ ဒါက ကိုလင်းရဲ့အဝတ်အစားတွေပါ ဆရာမကြီး"

"ဘာ …ဘယ်က ကိုလင်းလဲ"

"လင်းညို့သွေးပါ"

"ဟေ"

ဆရာမကြီး အူတူတူ ဖြစ်သွားတယ်။ ပြီးမှ ဆရာမကြီးတို့ ထုံးစံအတိုင်း တစ်ကမ္ဘာလုံးကို သိထားသလို စဉ်းစားရင်း …

"လင်းညို့သွေး …ဟုတ်လား …ငါလည်း မသိပါလား"

"ကိုလင်းကလည်း ဆရာမကြီးကို မသိပါဘူး"

"ဘာ"

ဘာမှမဟုတ်ပါဘူး။ အသေအချာ မတ်တတ်ရပ်ပြီး ရှင်းပြလိုက်ပါတယ်။

"ဒီလိုပါ ဆရာမကြီး …ကိုလင်းက အထက (၂) က ဆယ်တန်းအောင်တာပါ၊ ဒါကြောင့်မို့ ဆရာမကြီး မသိလောက်ဘူးလို့ ပြောတာပါ၊ ပြီးတော့ ဒီမနက် ကိုလင်းမအားလို့ ကျွန်တော်က သူ့ခရီးသည်ကို ဘဝသမားလေးမိုးတိမ်နဲ့ လိုက်ပို့ပေးတာပါ၊ ဒီအင်္ကျီ လဲဝတ်လာရတာက ကျွန်တော်တို့ကျောင်းကို သိက္ခာမကျစေချင်လို့ပါ၊ ကျောင်းစိမ်းဝတ်စုံနဲ့ ဆိုက်ကားမနင်းသင့်ဘူးလို့ ကျွန်တော်ထင်တယ်လေ"

"အင်း"

ဆင်ဝှေ့ရန်ရှောင်လို့ မသုံးချင်ပါဘူး။ ဆရာမကြီးက ဆင်ကြီးဖြစ်သွားဦးမယ်။ ကျွန်တော် အလျှောက်ကောင်းလို့ အထောင်းတော့ သက်သာနိုင်ပါတယ်။ ဆရာမကြီးက ခေါင်းတစ်ချက်ညိတ်ပြီးမှ စိုးနိုင်ကို သတိရသွားပုံရတယ်။ ဒီကောင့်ခမျာ ကြွက်စုတ်လေး ရေနစ်ထားသလို အတော်ချမ်းနေပါပြီ။





"ဒါနဲ့ မင်း ခုနက စိုးနိုင်ဆိုင်ကယ်ကို အသားလွတ်ကြီး ခွတ်ဆွဲချလိုက်တယ်ဆို"

"ဟာ …ဖြစ်နိုင်ပါ့မလား ဆရာမကြီးရယ် …ဆိုင်ကယ်ဆိုတာ စက်တပ်ထားတဲ့ပစ္စည်းပါ၊ ဆိုက်ကားက လူကိုယ်တိုင် နင်းရတာပါ …ဆရာမကြီးပဲ စဉ်းစားကြည့်ပါဦး"

ဆရာမကြီး ရတက်ပွေသွားတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ သူကိုယ်တိုင် ဆိုက်ကားတက်နင်း၊ ဆိုင်ကယ်တက်စီးကြည့်ရမလို ဖြစ်သွားတယ်။ တစ်ခုမှ မလုပ်တတ်လို့ စိုးနိုင်စကားကို ပြန်ကောက်တယ်။

"ဒါက မင်းပြောတာလေ၊ ဒီမှာ ကာယကံရှင်က တိုင်နေပြီ"

"မတော်တဆ ဖြစ်သွားတာပါ ဆရာမကြီး"

စကားအဆုံးမှာ စိုးနိုင်က ဆတ်ခနဲ …

"ဟော့ကောင် …မင်း တမင်လုပ်မှန်း ငါသိတယ်"

"ကဲ ပြောပါဦး …တမင်လုပ်တယ်ဆိုရအောင် ဘာကိစ္စကြောင့်လဲ"

အမိဟှာယ်ပါပါကြည့်ရင်း ကျွန်တော်မေးလိုက်တယ်။ ဒီကောင်တစ်ခါတည်း အမ်းသွားတော့တာပဲ။ ရနိုင်ပြည်နယ်က အမ်းမြို့ကို သွားတာမဟုတ်ပါဘူး။ ဘာပြောရမှန်းမသိ ဖြစ်သွားတာမျိုးပါ။ အကြောင်းအရင်းကို စစ်လိုက်ရင် မိုးဖြူကို စကားလိုက်ပြောတာက ဒီကောင်။ အဲဒါသာ ပေါ်သွားရင် ဆော်ပလော်တီးခံရမှာကလည်း ဒီကောင်ပါပဲ။ တိုင်ချင်တာနဲ့ ပြေးဝင်လာပြီး ခုမှ ဒီအချက်ကို မေ့သွားတာနဲ့ တူတယ်။

အဲဒီတော့မှ သဘောထားကြီးသလို ဘာလိုလိုနဲ့ …

"ကျွန်တော်လည်း ရေထဲပြုတ်ကျသွားလို့ စွတ်ထနေ့ခေါ်သော



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး လာတိုင်မိတာပါ၊ မတော်တဆပဲ ထားလိုက်ပါ ဆရာမကြီး ... ကျွန်တော် ကျေနပ်ပါတယ်''

ဒီကောင်ကို အမြင်ကတ်တာ အဲဒါပဲ။ ဘယ်ခါမဆို ဆရာ ဆရာမတွေဆီမှာ နာမည်ကောင်း လိုချင်တာ။ တင်းပြီး အဖြစ်မှန်ကို ပြောလိုက်ချင်ပေမယ့် မိုးဖြူမျက်နှာလေးကို မြေးမြင်ပြီး ငြိမ်နေလိုက်တယ်။

ဆရာမကြီးက ထုံးစံအတိုင်း သူ့အခန်းနံရံက ထူးချွန်တဲ့ ကျောင်းသားနာမည်တွေကို ပြရင်း ဆုံးမပြီး ...

''ကဲ ... သွားကြတော့ ... ကျောင်းသားအချင်းချင်းပဲ၊ တဲ့ ညီလတ် ... မင်းအကျီကို လဲဦးနော်၊ ခုနက ဘယ်သူ''

လှည့်ပြီး ပြန်ပြောရပြန်တယ်။

''ကိုလင်း ... အဲ ... လင်းညို့သွေးပါ ဆရာမကြီး''

''အေး ... သူ့အကျီနဲ့ ဆိုက်ကားကို သွားပေးလိုက်ဦး နောက် ဒါမျိုး ထပ်မလုပ်ပါနဲ့ ... ကြားလား''

''ဟုတ်ကဲ့ပါ ဆရာမကြီး''

အခန်းထဲကအထွက်မှာ ဆရာမကြီးရဲ့ ရူပွပြောသံကို ကြား ဖြစ်အောင် ကြားလိုက်ရသေးတယ်။

''ဘယ့်နှယ်တော် ... ဆိုက်ကားနာမည်ပေးတာများ ဘာ သမားလေး မိုးတိမ်ဆိုပဲ ... ကြီးကျယ်တော်မူလိုက်တာ''

အင်း ... ကိုလင်း (ခေါ်) လင်းညို့သွေးတော့ တော်တော် မျက်ခုံးလှုပ်နေလောက်ပြီ။ အဟီး ...။

❖ ❖ ❖



( ၁၁ )

အကျီပြန်လဲနေရလို့ ကျောင်းတက်ခေါင်းလောင်းထိုးပြီးမှ အတန်းထဲ ပြန်ရောက်တယ်။ အခန်းထဲမှာ သင်္ချာဆရာမ ဒေါ်ခင် ထွေးမြင့်က စာတောင်သင်နေပါပြီ။ ကျွန်တော် ဝင်ခွင့်တောင်းလိုက် တော့ ဆရာမက သူ့ရဲ့အအောင်မြင်ဆုံး မဲ့ပြုံးကို နှုတ်ခမ်းတစ်ဖက် ကွေးကာ ပြုံးရင်း ...

''ဘယ်လိုလဲ ဟိုကောင် ... တော်တော်အယားပြေခဲ့ရဲ့လား''

ဩော် ... ဆရာမရယ်လို့ စိတ်ထဲက ညည်းမိတယ်။ ဒီ ဆရာမက ကျွန်တော့်ကို သိပ်အတွယ်ခံစေချင်တာပါ။ တစ်မျိုး မထင် ပါနဲ့ ...။ ဒေါ်ခင်ထွေးမြင့်က ကျွန်တော့်အပေါ် အရင်းခေါက်ခေါက် ကြီး။ ကျွန်တော်က ကျောင်းမှာ ညစ်ကျယ်ကျယ်မို့ ရက်လို့ဆိုပြီး သူ့တူလို့တောင် ပြောတာမဟုတ်ဘူး။ ရှားရှားပါးပါး ဒီလို တူလေး တစ်ယောက်ရှိတာကို၊ တော်တော်ချစ်ဖို့ကောင်းတဲ့ အဒေါ်။

ကျွန်တော်က အပြစ်ကင်းစင်ဟန်လေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပါးပါးပါ ဆရာမ" (ကျွန်တော်က သူ့ကို ကျောင်းမှာ ဆရာမလို့ ခေါ်ရတယ်။)

"မထနိုင်အောင် ဆော်ပစ်ရမှာ"

အဲဒီလို ချစ်တာပါ။ သူ့စကားကို ခေါင်းငုံ့ခံပြီး ကုပ်ချောင်းချောင်းနဲ့ ခုံမှာ ဝင်ထိုင်လိုက်တယ်။ ဆရာမအကြောင်း သိလို့ ဘယ်သူမှ ကျွန်တော့်ကို မစပ်စုရဲသေးဘူး။ စာအုပ်ထုတ်ရင်း မိုးဖြူဆီ လှမ်းကြည့်လိုက်တော့ အကြောက်မပြေသေးတဲ့ မျက်ဝန်းလေးကို တွေ့လိုက်ရတယ်။ ဘာမှမဖြစ်ဘူးဆိုတဲ့ အမူအရာလေးနဲ့ ပြုံးပြလိုက်မှ မိုးဖြူ သက်ပြင်းကျသွားပုံပဲ။

စာသင်ချိန်တစ်ချိန် ပြီးသွားတာနဲ့ မလာစဖူး ... မိုးဖြူ ကျွန်တော့်ရှေ့ ချက်ချင်းရောက်ချလာတယ်။

"ညီလတ် ... အသေအချာပြောစမ်းပါဦး ... ဘယ်လိုဖြစ်သွားလဲ"

"အေးဆေးပါ မိုးဖြူရာ ... ဘာမှမဖြစ်ဘူး ... ညီလတ်ပါဟ"

ရင်ကော့ပြီး ဖြေလိုက်ပေမယ့် မိုးဖြူက မကျေနပ်သေးဘူး ထပ်မေးပြန်တယ်။

"ဘာဖြစ်ရမှာလဲ မိုးဖြူရာ ... ဒီကောင်က တိုင်ချင်တာနဲ့ ပြေးဝင်သွားတာ၊ ဆရာမကြီးမေးတော့ ငါ့ကို တမင်လုပ်တယ်လို့ ထိုးချလို့ မရတော့ဘူးလေ၊ ဇစ်မြစ်ကိုလိုက်ရင် နင့်ကို စကားလိုက်ပြောတာ ပေါ်သွားမှာပေါ့၊ ဒီကောင်က သူ အဆော်ခံရမှာတော့ ကြောက်တယ်လေ၊ မတော်တဆဖြစ်တာပေါ့ဟာ ... ဒါပါပဲ"

"တော်ပါသေးရဲ့ ... ငါ့နာမည် မပါ,ပါဘူးနော်"





"မပါ,ပါဘူး မမရယ် ... နင် သိက္ခာကျအောင် ငါကကော ပြောပါ့မလား"

"အေးပါဟယ်"

မိုးဖြူခမျာ ခုမှပဲ ပြုံးနိုင်ရှာတော့တယ်။ ဒါကို ဟန်လင်းဦးက အခွင့်ကောင်းယူပြီး ...

"မိုးဖြူ ... နင်သိပြီနော် ... ငါ့သူငယ်ချင်းကို မကူညီတတ်ဘူးလို့ နောက် မပြောနဲ့၊ နင့်ကို ညီလတ် ဘယ်လောက်ဂရုစိုက်တယ်ဆိုတာ သိပြီမဟုတ်လား၊ နောက်ဆို ဒီ့ထက် ..."

"ဟေ့ကောင် ... ဟာ"

လှမ်းဟန့်လိုက်ပေမယ့် မမီတော့ဘူး။ မိုးဖြူမျက်နှာလေး နီဝါးဝါးနဲ့ အထားခက်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ကျေးဇူးရှင် မောင်မင်းကြီးသားကို ကျိတ်ပြီး ကျေးဇူးတင်သွားတယ်။

မိုးဖြူက ခပ်ကြည်ကြည်ပုံစံလေး ဟန်ပြန်လုပ်ရင်း ...

"ဘာပဲဖြစ်ဖြစ် နင့်ကိုတော့ ကျေးဇူးတင်ပါတယ်ဟာ၊ ဒါပေမဲ့ နောက် အဲဒီလိုမလုပ်နဲ့တော့နော်၊ ပြီးတော့ ဟို စိုးနိုင်နဲ့လည်း ထပ်ဖြစ်မနေနဲ့ဦး ... ကြားလား"

"နင့်ကို နောက်ထပ် လိုက်နှောင့်ယှက်နေရင်ကော"

စောဒကတက်လိုက်တော့ မိုးဖြူက ခေါင်းခါတယ်။

"ငါ အတိုင်းအတာတစ်ခုအထိပဲ သည်းခံမှာပါ၊ ငါ့ကြောင့် ဘယ်သူမှ ပြဿနာမဖြစ်စေချင်ဘူး"

"အေးပါဟာ ... ငါ အတတ်နိုင်ဆုံး မျက်စိမှိတ်ထားပါ့မယ်"

ရင်ထဲက လိုက်လိုက်ခါခါ ပြောလိုက်တာပါ။ မိုးဖြူက သတ်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းဖွဖွချပြီး ...

''ညီလတ် ... နင် စာတွေလည်း ကျက်ဦးလေ၊ နင့်ကိုကြည့်လိုက်ရင် အမြဲသောင်းကျန်းနေတာပဲ၊ စာမေးပွဲကျမှာ မကြောက်ဘူးလား''

''ကြောက်တာတော့ ဘာမှ မကြောက်ပါဘူး၊ ဒါပေမဲ့ စာမေးပွဲကိုတော့ အောင်,အောင်ကြိုးစားမှာပါ''

မိုးဖြူမျက်နှာလေး ပြုံးယောင်သန်းသွားတယ်။ ညီညီနိုင်က ဝင်ပြီး ...

''အဲဒါတော့ နင် ဘာမှစိတ်မပူနဲ့ မိုးဖြူ ... ဒီကောင် ကျောင်းမဖွင့်ခင်တုန်းက ပြောဖူးတယ်ဟ ... စာမေးပွဲအောင်ချင်တာ ပညာရေးအပြင် တခြားရည်ရွယ်ချက်လည်း ရှိသေးတယ်''

''ဟင် ... ဘာလဲ''

မျက်လုံးကလေးဝိုင်းပြီး မိုးဖြူက ချက်ချင်းမေးတယ်။ ကျွန်တော် ထိုင်ခုံအောက်ကနေ ညီညီနိုင့်ခြေသလုံးကို ဖြတ်ကန်လိုက်ပေမယ့် သကောင့်သားက လုံးဝ ဂရုမစိုက်ဘဲ ဆက်ပြောလေရဲ့။

''အဟီး ... အင်မတန်မြင့်မားတဲ့ ရည်ရွယ်ချက်ကြီးပါဟာ၊ ဆယ်တန်းကျောင်းသားဘဝတွေမှာ နင်တို့ ခုမြစ်သလို နှလုံးသားရေးရာတွေဖြစ်တတ်လွန်းလို့ ဆရာဇတွေက ဆယ်တန်းအောင်မှ ရည်းစားထားဖို့ စဉ်းစားတဲ့၊ ဒီကောင်ကလည်း ဆရာမစကားကို မြေဝယ်မကျ နားထောင်မယ်တဲ့လေ၊ သူကြိုက်နေတဲ့ ကောင်မလေးကို ဆယ်တန်းအောင်မှ ဖွင့်ပြောမလို့တဲ့''

''အလကား မိုးဖြူ ... ဒီကောင် သူ့စိတ်နဲ့ နှိုင်းနေတာ ... နော် ကေသီ''





ကျွန်တော် မိုးဖြူကို ဖြေရှင်းသလိုနဲ့ ကေသီ့ဘက်ကို လှည့်ပြီး ကလိလိုက်သေးတယ်။ ကေသီက ရှက်ဝါးဝါးနဲ့ အသံတိတ် လှမ်းဆဲတယ်။ မိုးဖြူ မျက်စောင်းလှလှလေးက ကျွန်တော့်ဆီရောက်လာပြီး

''ညီလတ်နော် ... နင်ဟာလေ အမြဲ ပေါ့ပျက်ပျက်နဲ့ ... လိုက်စမနေနဲ့''

''အောင်မာ ... နင် ဘာသိလို့လဲ၊ ကေသီ့ကို ဒိုင်လျှိုလေး မေးကြည့်ပါဟာ ... ဟဲ ဟဲ ... ပြီးတော့''

''ဘာပြီးတော့လဲ''

ဩော် ... ဝန်ခံမလို့ပါ၊ ငါ ဒီကောင်ပြောသလို ပြောဖူးတာ အမှန်ပဲ၊ ငါ ဖွင့်ပြောမယ်ဆိုပြီး ရည်ရွယ်ထားတဲ့ကောင်မလေး ရှိတယ်ဟ''

''သွားပါ ... ပေါက်ကရတွေ''

အဲလိုဖြေပြီး ကျွန်တော့်ရှေ့က ထွက်သွားတာက မိုးဖြူပါ။ ကျွန်တော့်မှာ စာရေးဆရာတွေရေးသလို တရှိုက်မက်မက် ဒါမှမဟုတ် အမိပ္ပာယ်ပါပါတောင် မကြည့်လိုက်ရဘူး။ မိုးဖြူတော့ တစ်မျိုးဖြစ်သွားမှာ တကယ်ပါပဲ။

ဖိုးဇော်ဇာ ကျွန်တော့်အနားကိုကပ်ပြီး တီးတိုးပြောတယ်။

''ဟေ့ကောင် ... မင်းပြောလိုက်တာ ကောင်းတယ်။ မိုးဖြူ နည်းနည်းတော့ ရိပ်မိသွားသလိုပဲ''

''ဟုတ်လား ... ငါတောင် သတိမထားမိဘူး''

ကျွန်တော် ရယ်ကျဲကျဲပြန်ပြောလိုက်လို့ ညီညီနိုင်က မကြည့်လင်ဟန်နဲ့ ...

''အောင်မာ ... မင်းလား မသိဘူးဆိုတာ၊ ပြောတော့ ဖော့ခဲ



www.burmeseclassic.com

www.burmeseclassic.com



မရလေး ဘာလေးနဲ့”

“ဟီး ဟီး ...ဂယ်ပါကွ”

ရှုံးသလိုလို ပေါ်သလိုလို လုပ်နေလိုက်ရတယ်။ ညနေ ကျောင်းဆင်းတော့ (C) အခန်းမှာ တက်နေတဲ့ မြတ်ကျော်က သတင်းလာပေးတယ်။ ဆယ်တန်းကျောင်းသား၊ကျောင်းသူတွေ စုပြီး ကဗျာစာအုပ်ထုတ်မလို့တဲ့။ ကျွန်တော် စိတ်ဝင်စားသွားတယ်။ မိုးဖြူက ကဗျာတွေစာတွေ ဝါသနာပါတယ်လေ။

ဒါပေမဲ့ ခဏနေတော့ နည်းနည်းစိတ်လေးသွားရတယ်။ (E) အခန်းမှာ အဲဒီကိစ္စ ဦးဆောင်မှာက စိုးနိုင်ဆိုပဲ။ ကျွန်တော်တို့အခန်းမှာတော့ ရှေ့ဆုံးတန်းမှာထိုင်တဲ့ တင်မျိုးဆက်ဆိုတဲ့ ကောင်မလေးပါ။

ဒီကိစ္စမှာ ကျွန်တော်ပါချင်ပေမယ့် တင်မျိုးဆက်နဲ့က မတည့်လှဘူး။ (D) ခန်းမှာနေပြီး သူ့ကိုယ်သူ စာတော်တယ်လို့ ကိုယ်ရည်သွေးတတ်လွန်းလို့ပါ။ မနှစ်က သူ့ကို ကျွန်တော် စ,ထားကတည်းက တင်းပြီး စကားမပြောတာ ဒီနေ့အထိပဲ။

တစ်ခါက အတန်းထဲမှာ အဲဒီကောင်မလေး ငှက်ပျောခွံကို တက်နင်းမိပြီး ချော်လဲဖူးတယ်။ အဲဒါကို ကျွန်တော်က တင်မျိုးဆက်တော့ ဖင်ရိုးအက်သွားမှာပဲလို့ စလို့တဲ့လေ။ ဒါလေးပြောတာများ ပွဲပါသွားတာ ကျနေတာပဲ။

အင်း ...ခုတော့ အဲဒီတင်မျိုးဆက်ကိုပဲ အဆင်တစ်မျိုးနဲ့ လှည့်ရဦးမှာပဲလို့ တွေးထားလိုက်ရတယ်။

❖ ❖ ❖



( ၁၂ )

ကဗျာစာအုပ် ထုတ်ကြမယ်ဆိုတော့လည်း ကျွန်တော် ပါချင်လာပြန်တယ်။ ခုမှ ဒီကဗျာပိုးက ကောက်ကာငင်ကာ ထလာတာ မဟုတ်ပါဘူး။ ဟိုးရှေ့ပိုင်းမှာ မိုးဖြူကို လက်တန်းကဗျာတစ်ပုဒ် စပ်ပေးဖူးတာ သတိရကြပါ။ ခုတော့ မိုးဖြူပါ ဝင်ရေးမယ့် ကဗျာစာအုပ်လေးမှာ ကျွန်တော်လည်း ပါချင်တာပေါ့။

ပါတာက လွယ်ပါတယ်။ ကျသင့်တဲ့ပိုက်ဆံနဲ့ ကဗျာကို တင်မျိုးဆက်ကို သွားပေးလိုက်ရုံပဲ။ ဒါပေမဲ့ ကျွန်တော်က သူများတွေလို ပလီပလာတွေ မရေးချင်ဘူး။ အဖေ့စာအုပ်စင်ကို ဝင်မွှေရင်း မြဝတီမဂ္ဂဇင်းအဟောင်းတစ်အုပ်ထဲမှာ ကဗျာရှည်လေးတစ်ပုဒ် သွားတွေ့တယ်။ ရှေးအဘိုးကြီးတစ်ယောက် ရေးထားတဲ့ ကဗျာလက်ရာလေးပါ။ ဒီခေတ်မှာ ဒါကို ပြန်ဖော်ထုတ်ရမယ်လို့ ကျွန်တော် တေးထားလိုက်တယ်။

အဲဒီကဗျာကို အသေအချာ အချောကူးပြီး ကျောင်းကို ယူ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။ ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားစေချင်လို့ ဘယ်သူ့ကိုမှ မပြောဘူး။ လိုအပ်ရင် ရှင်းလို့ရအောင် ပြည့်ပြည့်စုံစုံကို လုပ်လာတာ။

ဒါတောင် ကျွန်တော့်အကြောင်းသိတဲ့ ညီညီနိုင်က ကပ်တိုးလေး မေးသေးတယ်။

"ညီလတ် ... မင်းလည်း ဝင်ရေးမှာဆို ... ပြစမ်းပါဦး မင်းကဗျာ"

"ဟာ ... မကြည့်ပါနဲ့ဦး၊ ရေးဟောင်းလက်ရာလေးပါ ... ဟဲ ဟဲ"

"အင်း ... မဟုတ်တရုတ်တွေ လုပ်လာပြန်ပြီနဲ့ တူတယ်"

ဒီကောင့်ကို ဖြေရှင်းမနေတော့ဘူး။ နေ့လယ် မုန့်စားကျောင်းဆင်းချိန်ရောက်တော့ တင်မျိုးဆက်ဆီကို ရှေ့မျက်နှာ ရှေ့ထားပြီး သွားရပါတော့တယ်။

အနားရောက်တော့ စိတ်ညစ်သွားတယ်။ တင်မျိုးဆက်ကို ကပ်ပြီး ပွားနေတာက ဟို သကောင့်သား စိုးနိုင်ပါ။ အသာ နောက်ကနားထောင်ကြည့်တော့ ...

"လုပ်ပါ မတင်မျိုးရာ ... သူ့ကဗျာနောက်မှာ ကျွန်တော့်ကဗျာလေး ကပ်ထည့်ပေးစမ်းပါ ... နော်လို့"

"အာ ... ကိုစိုးနိုင်ကလည်း တော်ကြာ မိုးဖြူက ကျွန်မကို တစ်မျိုးထင်နေဦးမယ်"

"မသိသာပါဘူးဗျာ ... မတင်မျိုး လုပ်ပေးလို့ ရပါတယ်၊ ရော့ ... ကျွန်တော့်ကဗျာ"

သြော် ... ဒင်းက ဒီလိုကိုး။ ကျွန်တော် သဘောပေါက်သွားပါတယ်။ ဒီကောင် မိုးဖြူကို တစ်မျိုးမြှူနေပြန်ပြီပေါ့လေ။ ဒါမျိုးတော့





ဘယ်ရမလဲ။ ကျွန်တော် မသိမသာနဲ့ အဟမ်း အဟမ်းလို့ လုပ်လိုက်တယ်။

တင်မျိုးဆက်က လှည့်ကြည့်ပြီး ...

"သြော် ... ဘာကိစ္စလဲ"

ခပ်တည်တည် ပြန်မေးနေတယ်။ စိုးနိုင်မျက်နှာလည်း ကျွန်တော့်ကို မြင်ပြီး မဲ့ရွဲ့သွားလေရဲ့။

"ဒီလိုပါ မတင်မျိုး"

"ဘာ ... ဘာဖြစ်တယ်"

တင်မျိုးဆက် မျက်ဖြူဆန်ပျာနဲ့ပြန်အော်တယ်။ ခါတိုင်းဆို တင်မျိုးဆက် ဒါမှမဟုတ် ဖင်ရိုးအက်ဆိုပြီး စနောက်ခေါ်တာကိုး။ ခုမှ ဟိုကောင်ခေါ်သလို မတင်မျိုးလို့ ခေါ်လိုက်လို့ပါ။ ကျွန်တော်က အတည်ခေါ်လိုက်ပေမယ့် နဂိုကတည်းက မယုံကြည့်၊ ကြည့်မရတော့ တစ်မျိုးဖြစ်သွားမှာပေါ့။ တင်မျိုးလို့ခေါ်တာ ဖင်ရိုးတွန့်သွားအောင် မဟုတ်ပါဘူး။

"ဟဲ ဟဲ ... ဘာမှမဟုတ်ပါဘူး တင်မျိုးဆက်ရာ ... နင်က ဒီအခန်းမှာ ဦးဆောင်တာဆိုတော့ ရှိသေသမှုနဲ့ပါ"

"လုပ်မနေနဲ့ ... နင့်ကိစ္စကိုသာ ပြော"

"ကိစ္စကတော့ ငါလည်း ကဗျာကလေးပါချင်လို့ပါ၊ ရော့ ... ပိုက်ဆံနဲ့ ကဗျာစာရွက်"

ပြီးပြီးရောသဘောနဲ့ တင်မျိုးဆက်က ပိုက်ဆံနဲ့ စာရွက်ခေါက်ကလေးကို လှမ်းယူလိုက်တယ်။ လွတ်လပ်စွာ ပါခွင့်ရှိတာမို့ သူ့အနေနဲ့ ငြင်းလို့မရပါဘူး။ ကျွန်တော့်မှာတော့ ပြောရသေးတယ်။

"တင်မျိုးဆက် ... ကဗျာတွေစီရင် မိုးဖြူပြီးနောက် ငါ့တာချ



www.burmeseclassic.com

www.burmeseclassic.com

ထည့်ပေးနော် ... အဟဲ''

မျက်မှောင်ကုတ်ပြီး တင်မျိုးဆက်ပြန်ကြည့်တယ်။ မိုးဖြူနဲ့ တစ်ခန်းတည်းဆိုတော့ ဖြစ်သင့်တာကို ပြောလိုက်တာပါ။ ကာယကံရှင် ကတောင် ဘာမှမပြောသေးဘူး။ စိုးနိုင်က ရှူးရှူးရှားရှားနဲ့ ...

''ဟော့ကောင် ... ငါက မိုးဖြူကဗျာပြီးရင် ငါ့ကဗျာထည့် ပေးဖို့ လာပြောနေတာကွ၊ မင်း မညစ်နဲ့နော်''

''ဟ ... ဘာလို့ ညစ်ရမှာလဲ၊ ငါနဲ့မိုးဖြူက တစ်ခန်းတည်း လေ၊ အခန်းအလိုက် ကဗျာက စီတာပဲဟာကို''

''မသိဘူးကွာ ... မိုးဖြူကဗျာပြီးရင် ငါ့ကဗျာပဲ၊ ဒီတစ် အုပ်လုံးကို ငါ့ပိုက်ဆံနဲ့ ထုတ်လို့ရတယ်ကွ''

ကျွန်တော် တင်းသွားတယ်။ ဒါ ဘလိုင်းကြီး ရင့်တာပဲလို့ တွေးရင်း ...

''ဒါဆိုလည်း မင်းဟာမင်း တစ်အုပ်စာရေးပြီး ထုတ်ပေါ့''

''မကောင်းလို့ပေါ့ကွ၊ ဟာကွာ ညီလတ် ... မင်း မညစ် စတ်ပါနဲ့ကွာ၊ မတင်မျိုး ... လုပ်ပေးပါနော်''

လေသံပျော့ပျော့နဲ့ တင်မျိုးဆက်ကို လှည့်ပြောနေပြန်တယ်။ နှာသိုးကြိုးပြတ်လိုဖြစ်နေတဲ့ ဒီကောင့်ကိုလည်း ရယ်ချင်သွားတယ်။

''အင်းလေ ... ထားပါတော့၊ မိုးဖြူကဗျာပြီးရင် မင်းကဗျာ ပေါ့ ... ဟုတ်လား''

''အေး ... ဟုတ်တယ်''

''ပြီးရော ... ဒါဆိုလည်း မင်းနောက်ကနေ ငါကပ်ထည့်မယ် ... လက်ခံလား''

''အေး ... ဟာ ဟာ ... ဟော့ကောင် မမိုက်ရိုင်းနဲ့''





ကျွန်တော် လှည့်ထွက်ခဲ့တော့တယ်။ ဒီကောင့်မျက်နှာကြီး အီးမှန်ပြီး ကျန်ခဲ့လေရဲ့။ တင်မျိုးဆက်ခမျာတော့ မျက်လုံးကလေး ပြာလတွတ် ပြာလတွတ်နဲ့ အူကြောင်ကြောင် လိုက်စဉ်းစားနေပုံ ရ တယ်။ စပ်စုပုံများ ... ဟင်း။

ကိုယ်ကလည်း လျှော့ပေးရသေးတယ်။ ပြေးကြ ပြဲရတယ်လို့ သူကပဲ စိတ်ဆိုးရတယ် ရှိသေး ... ဟွန်း။

❖ ❖ ❖

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

ဒါပေမဲ့ ကဗျာစာအုပ်က ထုတ်တောင် မထုတ်ရသေးဘူး။ နောက်နေ့ ကျောင်းတက်တော့ တင်မျိုးဆက်က တစ်ချိန်လုံး မဲ့ကြည့်ကြည့်နေတယ်။ ဘာဖြစ်တာလဲပေါ့။ ကျွန်တော့်မှာ စဉ်းစားလို့မရဘူး။ ဒါပေမဲ့ နေ့လယ် မုန့်စားကျောင်းဆင်းချိန်အပြီးမှာတော့ အဖြေပေါ်ပါတော့တယ်။ ကျောင်းသားတစ်ယောက်က လှမ်းပြောတယ်။

"ညီလတ် ... မင်းကို ဆရာမကြီးက ခေါ်နေတယ်"

"ဩော် ... အေး အေး"

ဒီလောက်အထိ ပြဿနာမရှိသေးပါဘူး။ ဆရာမကြီးက အပြစ်ပေးဖို့မဟုတ်ဘဲ တခြားကိစ္စတစ်ခုခုနဲ့ခေါ်တာလည်း ဖြစ်နိုင်တာပဲ။ ဥပမာ ကျောင်းပေါင်းစုံဆိုင်ရာ ဘောလုံးပွဲအတွက် ပြင်ဆင်ထားပါဆိုတာမျိုးပေါ့။ ဒါပေမဲ့ ထင်သလို မဟုတ်ရပါဘူး။ဆရာမကြီး ရုံးခန်းထဲအရောက်မှာပဲ အထင်နဲ့အမြင်ဟာ တက်တက်စင်အောင်လွဲမှန်း သိရတော့တယ်။





ဆရာမကြီးက သူ့ရှေ့ရောက်လာတဲ့ ကျွန်တော့်ကို ကြည့်ရင်း

"မောင်ညီလတ်ကို ဆရာမကြီး ခဏခဏ ပြောခဲ့တယ် ... ကျောင်းသား,ကျောင်းသူအချင်းချင်း နောက်တာ တော်ရုံတန်ရုံ နောက်ပေါ့၊ ခုတော့ မင်းလုပ်ပုံက နောက်တာမဟုတ်ဘဲ တမင် နှောင့်ယှက်သလို ဖြစ်နေတယ်"

"ဗျာ ... ဆရာမကြီး"

ကျွန်တော့်မှာ နဝေတိမ်တောင် ဖြစ်သွားရတယ်။ ဒီတစ်ပတ်အတွင်းမှာလည်း ကျွန်တော် ဘယ်သူ့ကိုမှ စိတ်ဆိုးလောက်အောင် နောက်တာမျိုး မရှိခဲ့ဘူး။ ဒါ သတင်းအမှားပဲ ဖြစ်ရမယ်ဆိုပြီး တွေးမိနေတုန်း ဆရာမကြီးက သူ့ရှေ့စားပွဲပေါ်ကို စာရွက်ခေါက်ကလေးတစ်ခု ပစ်ချလိုက်ရင်း ...

"ရော့ ... အဲဒီမှာ မင်းရဲ့ကဗျာစာရွက်၊ တင်မျိုးဆက် ငါ့ကို လာတိုင်သွားတယ်၊ မင်းက ဒီလို မဖွယ်မရာကဗျာပေးပြီး သူတို့ ကဗျာစာအုပ်ထုတ်မယ့်ကိစ္စကို နှောင့်ယှက်တာတဲ့ ... ကဲ"

ဆရာမကြီးက တစ်ခုခုလုပ်တော့မယ်ဆိုတဲ့ ပုံစံမျိုး အသင့်ပြင်လိုက်တယ်။ ဘာများ ဆင်ခြေပေးချင်သေးလဲပေါ့။ ဆင်ခြေရော ဆင်လက်ရော ကျွန်တော့်မှာ မရှိပါဘူး။ ရှိလည်း မပေးချင်ပါဘူး။ ဒါနဲ့ပဲ ကျွန်တော် ကဗျာကယာနဲ့ တားရပြန်တယ်။

"ခဏလေးပါ ဆရာမကြီး ... အဲဒီကဗျာဟာ မဖွယ်မရာ ကဗျာဆိုတာ မဟုတ်ပါဘူး၊ ပြီးတော့ ဒီကဗျာကို ဆရာမကြီး ဖတ်ကြည့်ပြီးမှ ဆုံးဖြတ်စေချင်ပါတယ်"

"ဟဲ့ ... လာတိုင်သူက မဖွယ်မရာဆိုမှတော့ ငါက ဖတ်ကြည့်စရာလား"

www.burmeseclassic.com

စိတ်တိုလာသလိုပုံစံနဲ့ ဆရာမကြီးက ချက်ချင်းပြန်ပြောတယ်။ ဟို တင်မျိုးဆက်ကလည်း မဖွယ်မရာကဗျာဆိုပြီး လာတိုင်တော့ ဖတ်ကြည့်လိုက်ရင်၊ မတော်တရော်တွေ ရေးထားရင်ဆိုတဲ့ အတွေးနဲ့ မဖတ်ကြည့်တာ ဖြစ်မယ်။

ဒီတော့ ကျွန်တော့်မှာ စာဒကထပ်တက်ရတော့တာပေါ့။ မဟုတ်ရင် အပြစ်ပေးခံရတော့မယ်လေ။

"ကျွန်တော် တစ်ခုလောက်တော့ ပြောပါရစေ ဆရာမကြီး . . . ကျွန်တော်က နောက်တတ်ပေမယ့် ခု သူတို့လာတိုင်သလို မဖွယ်မရာတွေ ရေးထားတာ မဟုတ်ပါဘူး။ ဆရာမကြီး စိတ်ချလက်ချ ဖတ်ကြည့်ပြီးမှ အပြစ်ပေးပါ၊ ဟုတ်တယ်ဆိုရင် ကျွန်တော် လက်ခံပါ့မယ်"

စကားဆုံးတော့ ဆရာမကြီး မျက်မှောင်ကုတ်သွားလေရဲ့။ ကျွန်တော့်ကိုလည်း ဟုတ်ရင်တော့လားကွာ . . . ဆိုတဲ့ အကြည့်နဲ့ ပြန်ကြည့်တယ်။

ကျွန်တော်ကတော့ အပြစ်ကင်းစင်တဲ့ မျက်နှာပေးလေးနဲ့ပဲ ငြိမ်နေလိုက်တာပေါ့။

ဒီပြဿနာဟာ သူဖြေရှင်းမှ ပြီးတော့မယ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆရာမကြီးက အင်းဆိုပြီး အသံအရှင်ပြုလိုက်တယ်။ ပြီး စားပွဲပေါ်က ကျွန်တော့်ကဗျာစာရွက်ကလေးကို ယူပြီး ဖွင့်ဖတ်လိုက်ပါတော့တယ်။

စဖတ်လိုက်တယ်ဆိုရင်ပဲ မျက်လုံးပြူးပြီး ဆရာမကြီးက အလန့်တကြားပုံစံနဲ့ မျက်မှန်ကိုကျော်ပြီး မော့ကြည့်လာတယ်။

ကျွန်တော်ကတော့ ခုထိ ခြောက်ပြစ်ကင်းစင်ဟန်လေးနဲ့ပဲ။ ဘာကြောင့် ဆရာမကြီး ဒီလိုကြည့်တယ်ဆိုတာ ရိပ်မိပါတယ်။





ကျွန်တော့်ပုံစံက ခပ်အေးအေးပဲဆိုတော့ ဆရာမကြီးက ဆက်ဖတ်ပါတော့တယ်။

ဆရာမကြီးဖတ်နေတဲ့ ကျွန်တော့်ရဲ့ မဟာကဗျာကြီးက ဒီလိုပါ . . .။

www.burmeseclassic.com

www.burmeseclassic.com

## ဖာဘွဲ့

ပြုံးစိစိအသွင် အပြောက်ဟန်လှလိုက်တာက
သုံးမိလျှင် နောက်တစ်ဖန် တရပါလိမ့်
မှောက်လှန်၍ ပြဲ့ပါရဲ့ ရှုစမ်းပါ။
အောက်ခံအမရယ်က နုဆန်းစွာ။
ဆရာသုံးစေဖို့
ဖာဖုံးမှာ အနက်ကြောင်းတွေနဲ့
အယက်ကောင်းသနော် ရွှေမိန်ရှာက
ရေစိမ်ကာ ကောင်းစွာ ထိုးလိုက်တာမို့
အဖိုးတန် ငွေနှစ်ကျပ်ကယ်နှင့်
ကျေနပ်အောင် ပြုပြင်လို့ ရောင်းလိုက်ပါရဲ့
သောင်းထိုက်တဲ့ နဂရာမှာ
ပေါင်းကြိုက်ရတဲ့ ဖာ။
ဆရာ့ ဆရာတို့ မက်စေ့ဖို့
အညီပင်ဆန်းသနော်/ အကွက်တွေနှင့်
ထန်းလျှော်အရွက်ကိုတော့ သပ်နီးဖြာ
အရပ်ကြီးဖာနှင့် မတူပါတကာ။
အကြောင်းရဲ့သာ
ငင်းဖာ အထင်အမြင်တွေးလိုက်ပါတော့





ဆောင်းအခါဝင်လျှင် နွေးမှာမို့
ကောင်းလောက်အောင် ကိုယ့်ဆရာကို
ရောင်းလိုက်ချင်လှ
အသုံးမှာ နှုတ်အတွေ့ကဲ့သို့
ဖာအကျော်ဇမ္ဗူမှာ ရှားလောက်အောင်
အို . . . ဆရာ
တစ်လုံး တစ်ခါ ထပ်မှာတော်မူပါ ခင်ဗျာ။

အမည်မသိ ရေးစာဆို

(ညီလတ် ပြန်လည်ဖော်ထုတ် ခံစားတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com

ကဗျာလည်း ဖတ်ပြီးရော ဆရာမကြီးက သက်ပြင်းကြ
ကြမ်း ချတယ်။ ကျွန်တော့်ကိုလည်း အထူးအဆန်းသတ္တဝါလို ကြည့်
လာတယ်။

ကျွန်တော်က ရှိရှိသေသေ ပုံစံလေးနဲ့ပဲ . . .

"အဲဒါပါပဲ ဆရာမကြီးရယ် . . . ဖာဘွဲ့ဆိုတာ ထန်းခေါက်
ကို ရည်ညွှန်းတာပါ၊ သူတို့က အသေအချာ မဖတ်ဘဲ လာတိုင်တာ
ကျွန်တော့်မှာတော့ ဒီကဗျာလေးကို ဖော်ထုတ်တင်ပြချင်လို့ မနည်း
လိုက်ရှာထားရတာ"

"ဒါဆို မင်း တမင်ရေးထားတာ မဟုတ်ဘူးပေါ့"

ကျွန်တော်က ခေါင်းကလေး အသာခါပြရင်း . . .

"ဘယ်ကလာ ဆရာမကြီးရယ် . . . မြဝတီမဂ္ဂဇင်းအဟောင်း
တစ်အုပ်ထဲက နာမည်မဖော်လိုသူ ရှေးအဘိုးကြီးတစ်ယောက် ကျ
လက်ရာလေးပါ၊ ကျွန်တော်က နည်းနည်းလေးပြင်ပြီး ပြန်ခံတ





တင်ပြလိုက်တာ"

ကျွန်တော့်စကားလည်းဆုံးရော ဆရာမကြီး ဘယ်လိုဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားပုံရတယ်။ အကြာကြီးပဲ မျက်မှောင်ကြီးကြုတ်ပြီး စဉ်းစားနေသေးတယ်။

အင်း . . . မောင်ညီလတ်မှာ ခုလို ရှေးခေတ်ကဗျာကို ဖော်ထုတ်ချင်တဲ့ စိတ်ဓာတ်လေးရှိတာ ဆရာမကြီး ဂုဏ်ယူပါတယ်ကွယ်လို့ ပြောလာလေမလားဆိုပြီး ကျွန်တော် ကိုယ့်ဘာကိုယ် ယက်ပြီး တွေးနေမိသေးတယ်။ ဒါမှမဟုတ် သားစိတ်ကူးလေးက မဆိုးပါဘူးဆိုပြီး မဖိမဖော့လေး ချီးကျူးလာလေမလား . . .။ လားလားမှ မဟုတ်ပါဘူး။ အကြာကြီးစဉ်းစားပြီးမှ ဆရာမကြီးပြောလာတဲ့စကားကြောင့် ဒီတစ်ခါ မျက်လုံးပြူးသွားရတာက ကျွန်တော်ပါ။

ဆရာမကြီးက . . .

"မင်းကို အပြစ်တော့ ပေးရလိမ့်မယ်"

"ခင်ညာ"

ကျွန်တော် ညောင်နာနာအသံလေး လုပ်လိုက်ရတော့တယ်။ အပြစ်ပေးဖို့ဟာပဲ အကြာကြီး စဉ်းစားနေသေးတယ်လို့။ ကျွန်တော့်မှာဖြင့် သူများ ချီးကျူးလာမလားလို့ စောင့်လိုက်ရတာ။ ခုတော့ သွားပြီ။

"မင်းကဗျာက မဖွယ်မရာတွေတော့ မပါပါဘူး၊ ဒါပေမဲ့ ခေါင်းစဉ်နဲ့ ကဗျာကိုကြည့်ရင် မင်း သူတို့ကို နောက်ချင်တဲ့စိတ် ရှိနေတာတော့ ပေါ်လွင်တယ်လေ၊ ဒါကြောင့် တိုင်တဲ့သူလည်း ကျေနပ်သွားအောင် ငါ့ဘက်ကလည်း အပြစ်ပေးတဲ့ပုံစံဖြစ်အောင် မင်းလည်း ကုသိုလ်ရအောင် နေ့လယ်မုန့်စားကျောင်းဆင်းချိန်မှာ ဆယ်တန်းအဆောင်တွေမှာရှိတဲ့ သောက်ရေအိုးတွေ ရေလိုက်ဖြည့်ရမယ် . . . ကြားလား



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်လုံး သောက်ထားကြတော့ နည်းနည်းတော့ လျော့နေမှာပေါ့။ ကဲ . . . သွားတော့''

ကျွန်တော် ဘာပြောနိုင်တော့မှာလဲ။ ထပ်ပြီးတော့လည်း အထွန့်မတက်ချင်တော့လို့ ဟုတ်ကဲ့လို့ပြောပြီး ရုံးခန်းထဲက ပြန်ထွက်လာခဲ့တယ်။ ရေထည့်ပေးရတာက သိပ်အပန်းမကြီးလှပါဘူး။ ဆရာမကြီးပြောသလို ကုသိုလ်တောင် ရသေးတယ်။ ကျွန်တော် မကျေနပ်တာက ဟို . . . တင်မျိုးဆက်တို့ ကျွန်တော့်ကိုကြည့်ပြီး ကျေနပ်နေကြမှာကိုပါ။

ရုံးခန်းထဲက မထွက်ခင်မှာ သတိရလာလို့ ဆရာမကြီးကို ပြန်လှည့်မေးလိုက်ရတယ်။

''ဆရာမကြီး . . . ဒီကဗျာကို သူတို့မသုံးပေမယ့် ကျွန်တော့်ဟာကျွန်တော်တော့ သုံးခွင့်ရှိပါတယ်နော်''

တွေခနဲဖြစ်သွားပြီးမှ ဆရာမကြီးက လှမ်းကြည့်ပြီး . .

''အေး အေး''

တဲ့လေ။ အဟဲ . . . ဒီလိုမေးထားရတာ ကျွန်တော့်မှာ အကြံရှိလို့ပါ။ ခုတော့ ကျွန်တော့်ကဗျာလေး စိစစ်ရေးလွတ်သွားသလို ဆရာမကြီးက ပတ်(စ်)ပေးလိုက်ပါပြီ။

စာသင်ခန်းထဲပြန်ရောက်တော့ ကျွန်တော့်ကို ဝိုင်းမေးကြပါသေးတယ်။ အဲဒီကဗျာနဲ့ ပတ်သက်လို့ပါ။ အားလုံးထဲမှာ စုဘူးက အဆိုးဆုံး။ ဒီဟာမက သိပ်စပ်စုတာ။

''ဟဲ့ ညီလတ် . . . နင့်ကဗျာက ဘာကဗျာမို့လို့ ရုံးခန်းရောက်ရတာလဲဟ . . . ပြောစမ်းပါ''

တကျီကျီ မေးနေတော့လည်း ပြီးပြီးရော ဖြေလိုက်ရတယ်။





''ဖာကဗျာဟေ့ . . . ဖာကဗျာ၊ ဖာအကြောင်းဖွဲ့နွဲ့ထားတဲ့ ဖာဘွဲ့ကဗျာ''

''ဘာ''

အားလုံးနီးပါး ကြားအောင် အော်ပြောလိုက်တော့မှပဲ ပြတ်တော့တယ်။ ကျွန်တော့်ကို ဘယ်သူမှ ထပ်မမေးကြတော့ဘူး။

ပြတ်ကရောပေါ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

ဘယ်သူမှ အဲဒီကဗျာအကြောင်း ထပ်မမေးတော့ပေမယ့် ယောကျ်ားလေးတော်တော်များများက သိချင်နေကြမှာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့လည်း စာသင်ခန်းထဲ မိန်းကလေးတွေရှေ့မှာ သူတို့ ဘယ်လာမေးရဲပါ့မလဲ။ ကျွန်တော်ကတော့ ဒီကဗျာလေးကို ဖြန့်ဝေချင်စိတ် ရှိပါတယ်။ ဒါနဲ့ပဲ မုန့်စားကျောင်းဆင်းဆင်းချင်း ကျွန်တော့်ကဗျာလေးကို မိတ္တူဆိုင်သွားပြီး တော်တော်များများ သွား ကူးထားလိုက်တယ်။

ကျောင်းထဲပြန်ရောက်တော့ ဆရာမကြီးအပြစ်ပေးထားတဲ့အတိုင်း ဆယ်တန်းအခန်းတွေထဲက သောက်ရေအိုးတွေကို ရေဖြည့်ဖို့ အသင့်ပြင်ရပါပြီ။ ရေအိုးလေး ထမ်းပြီးထွက်လာတဲ့ ကျွန်တော့်ကို ဗိုးဇော်က လှမ်းပြောတယ်။

"ဟော့ကောင် ... ငါတို့ပါ ကူဖြည့်ပေးရမလား"

ကျန်တဲ့ကောင်တွေကပါ အသီးသီး ခေါင်းညိတ်ပြီး အမူအရာ





တွေ လုပ်ပြကြတယ်။

ကျွန်တော်က ခေါင်းခါပြရင်း ...

"နေပါစေကွာ ... ငါ့ကိစ္စ ငါလုပ်ပါ့မယ် ... အေးဆေးပါ"

"ဘာလဲ ... အပြစ်ကို ခွေးနဲ့ပေးဆပ်တော့မယ်ပေါ့ ... ဟုတ်လား"

"ဟဲ ဟဲ ... မဟုတ်ပါဘူး ... ငါ့ကို အားလုံးက ဝိုင်းပြီး သနားကြအောင်ပါ"

အားလုံးမျက်နှာတွေ ရှုံ့မဲ့ပြီး အသံတိတ်ဆဲကြတော့တယ်။

ကျွန်တော်က ရယ်ကျဲကျဲလေးနဲ့ပဲ ...

"မင်းတို့ ငါ့ကို ကူညီချင်တယ်ဆိုရင် ငါက ကူညီခွင့်တော့ ပေးမှာပါ"

"အောင်မာ ... ငါတို့က ဘာကို ကူညီရမှာလဲ"

ညီညီနိုင့်စကားအဆုံးမှာ ကျွန်တော်က မိတ္တူကူးထားတဲ့ ကဗျာစာရွက်တွေကို ထုတ်ပေးရင်း တီးတိုးပြောလိုက်တယ်။ ဒီကောင်တွေ စာရွက်တွေယူပြီး အုပ်စုလိုက်ထွက်သွားကြလေရဲ့။

ကျွန်တော်လည်း ဆယ်တန်းငါးခန်းစလုံး ရေအိုးတွေ ဖြည့်လိုက်ရတာဆိုတော့ အတော်လေး ပြိုင်းသွားတယ်။ ကျွန်တော့်ကို ကြည့်ပြီး အားလုံးကလည်း ပြုံးစိစိတွေနဲ့။ ဟိုကောင် စိုးနိုင်နဲ့ တင်မျိုးဆက်တို့ဆိုရင် အားရကျေနပ်နေပုံ အထင်းသား ဖြစ်နေကြတယ်။ ဒါဟာ ကိုရီးယားဇာတ်လမ်းမဟုတ်လို့ပါ။ ဟုတ်လို့ကတော့ ကျွန်တော်က မင်းသား၊ မိုးဖြူက မင်းသမီး၊ စိုးနိုင်နဲ့ တင်မျိုးဆက်တို့ကတော့ ဗီလိန်မင်းသားနဲ့ မင်းသမီးဖြစ်မှာ အသေအချာပါပဲ။ ဟဲ ဟဲ ... ခု လည်း ရေဖြည့်နေရတဲ့ မင်းသား ကျွန်တော့်ကို ပရိသတ်ကြီး သနား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြပေါ့ဗျာ။

အားလုံး အိုးတွေ ရေဖြည့်ပြီးသွားတော့ ကျွန်တော် အခန်းထဲဝင်ထိုင်ပြီး အမောဖြေနေလိုက်တယ်။ အဲဒီအချိန်မှာပဲ အနားကို စုဘူးနဲ့ မိုးဖြူတို့ ရောက်လာကြတယ်။

စုဘူးက ကျွန်တော့်ကို ပြုံးထေ့ထေ့လေးနဲ့ ကြည့်ပြီး ...

"ဘယ်လိုလဲ ညီလတ် ...အတော်လေး မြိန်သွားတယ်မဟုတ်လား"

လာခနဲ့နေတာပါ။ ဘေးက မိုးဖြူကတော့ သူ့ပုံစံလေးအတိုင်း အေးချမ်းတဲ့မျက်နှာလေးမှာ ဘာအရောင်မှ ရှိမနေဘူး။ ကျွန်တော်က အဲလိုပုံစံလေးကို သဘောကျတာပါ။ သူ ဘယ်လိုနေနေ တရိုတသေလုပ်နေတာပဲ ဆိုတာကိုတော့ ထုတ်မပြောတော့ပါဘူး။ စုဘူးစကားကိုပဲ ခပ်အေးအေး တုံ့ပြန်လိုက်တယ်။

"အေး ...မြိန်ပါတယ်ဟာ၊ ရေအကျိုးက ဆယ်ပါးတောင်ရတာ မဟုတ်လား၊ ဘယ်လိုပဲဖြစ်ဖြစ် ယူတတ်ရင် ကုသိုလ်တွေချည်းပဲလေ၊ နင့်ကို ငါ အသေအချာ ရှင်းပြပါဦးမယ် ...ထိုင်လေ စုဘူး"

ကျွန်တော့်ပုံစံနဲ့ စကားအသွားအလာကို ကြည့်ပြီး စုဘူးတစ်ယောက် မျက်နှာမဲ့ပြီး ကမန်းကတန်း လက်ကာပြရင်း ...

"တော်ပြီ တော်ပြီ ညီလတ် ...နင့်အကြောင်းကို ငါသိတယ်၊ လာ မိုးဖြူ ...သွားမယ်၊ ဒီကောင် ဆရာကြီးလုပ်တော့မှာ"

မိုးဖြူက နှုတ်ခမ်းလေးကို လက်နဲ့အုပ်ပြီး ရယ်တယ်။ သူတို့လှည့်ထွက်သွားတော့ ကျွန်တော်က ကိုးရိုးယားကားထဲကအတိုင်း လှမ်းပြောလိုက်တယ်။

"ကောင်းကောင်းသွားကြနော်"





စုဘူးတော့ မသိဘူး ...မိုးဖြူကတော့ ကိုးရီးယားမင်းသမီးလေးလို ကိုယ်တစ်ပိုင်းလှည့်ပြီး ပြန်ကြည့်တယ်။ ကျွန်တော်လည်း အမေရိကန်မင်းသားလို ပခုံးတွန့်ပြလိုက်တာပေါ့။

ခဏနေတော့ ဖိုးဇော်တို့ တစ်အုပ်စုလုံး ပြန်ရောက်လာကြတယ်။ လက်ထဲမှာလည်း ပိုက်ဆံတွေ ပါလာကြလေရဲ့။ ကျွန်တော်ထင်သားပဲ။ ကျွန်တော့်ကဗျာကို တစ်ရွက်နှစ်ရာနဲ့ ရောင်းခိုင်းလိုက်တာလေ။ ကဗျာခေါင်းစဉ်ကို အနက်အဓိပ္ပာယ်ကောက်လွဲပြီး တော်တော်လေး ဝယ်ကြတယ်ဆိုပဲ။ ဖတ်ပြီးရင်တော့ ကျွန်တော့်ကို ဝိုင်းပြီးမေတ္တာပို့ကြတော့မှာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ် တိမ်မြုပ်နေတဲ့ရှေးဟောင်းကဗျာတစ်ပုဒ်ကို နှစ်ရာဆိုတာကတော့ တန်ပါတယ်။

ဒီလိုနဲ့ ညနေ ကျောင်းဆင်းတော့ ကျောင်းရှေ့မှာ မယောင်မလည်ရပ်ရင်း မိုးဖြူကို စောင့်ကြည့်နေမိသေးတယ်။ မိုးဖြူက အရင်တုန်းကလိုပဲ ကိုလင်းဆိုက်ကားနဲ့ ပြန်တာပါ။ ကျွန်တော်စောင့်ကြည့်တာက ဟိုကောင်စိုးနိုင် တစ်ပတ်လောက် ပြန်ငြိမ်နေပေမယ့် မိုးဖြူကိုပြန်နှောင့်ယှက်မှာ စိုးရိမ်လို့ပါ။ ဒါနဲ့ပဲ မိုးဖြူစီးသွားတဲ့ ဆိုက်ကားနောက်က စက်ဘီးလေးနဲ့ လိုက်လာခဲ့တယ်။ ဓာတ်တိုင်တစ်တိုင်စာလောက် အကွာအဝေးက ဆိုပါတော့။

လမ်းတစ်ဝက်လောက်မှာ စိုးနိုင်ကို မတွေ့ရပါဘူး။ ဒီလိုနဲ့ဆက်လိုက်လာရင်း ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိတယ်။ မိုးဖြူစီးသွားတဲ့ဆိုက်ကားဟာ တုံ့ခနဲ ရပ်သွားပြီး ကိုလင်းက ဆိုက်ကားပေါ်က ဆင်းလိုက်တယ်။ ဘာဖြစ်တာလဲဟလို့ တွေးပြီး ကျွန်တော်လည်းစက်ဘီးကို အရှိန်လျှော့ချလိုက်တာပေါ့။

မထင်ထားစွာဘဲ ကိုလင်းဟာ ဆိုက်ကားကို လမ်းဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားခဲ့ပြီး ကျွန်တော်ရှိတဲ့ဘက်ကို နောက်ပြန်လှည့် လျှောက်လာပြန်တယ်။

ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်အနေအထားလည်းရောက်ရော ကိုလင်းက လက်ပြတားရင်း . . .

''ညီလတ် . . . ခဏလေး''

ကြောင်တက်တက်နဲ့ ကျွန်တော်လည်း စက်ဘီးရပ်ပေးလိုက်တာပေါ့။ အနားရောက်လာတဲ့ ကိုလင်းက ကျွန်တော့်ကို အားနာသလိုကြည့်တယ်။ သက်ပြင်းချတယ်။ ပြီး . . .

''မင်းကို ဟိုကောင်မလေးက ပြောခိုင်းလိုက်တယ် . . . သူ့နောက်က လိုက်မလာပါနဲ့တဲ့၊ သူ့အခက်အခဲကို သူဖြေရှင်းနိုင်ပါတယ်လို့ မင်းကို ပြောခိုင်းလိုက်တာ''

''ဗျာ . . . ဘယ်လို''

''ဟုတ်တယ် ညီလတ် . . . ခုတစ်ပတ်ထဲမှာ မင်း သူ့နောက်က မယောင်မလည်လိုက်နေတယ်ဆိုတာ သူသိတယ်၊ နောက်နေ့တွေလည်း မလိုက်လာပါနဲ့တဲ့ကွာ''

''ဪ''

ကျွန်တော့်ရင်ထဲမှာ စူးစူးအက်အက် နာကျင်သွားရတယ်။ ကျွန်တော်ကတော့ သူ့အပေါ်ထားတဲ့ သံယောဇဉ်လေးနဲ့ လိုက်စောင့်ရှောက်နေမိတာ။ သူ အသိအမှတ်မပြုရင်တောင်မှ ဒီလိုတော့ မပြောသင့်ပါဘူး။ နားမလည်နိုင်တဲ့စိတ်နဲ့ စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားလေရဲ့။

''မိုးဖြူနဲ့ ကျွန်တော်က ကျောင်းမှာတွေ့နေတာပဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို တိုက်ရိုက်မပြောတာလဲ မသိဘူး''





''အဲဒါတော့ မပြောတတ်ဘူးလေကွာ၊ သူငယ်ချင်းတွေကြားထဲမှာ မင်း ရှက် . . . အဲ . . . မင်းကို မပြောချင်လို့တဲ့ ဖြစ်မှာပေါ့''

ဟုတ်မှာပါ။ ကျွန်တော် တစ်ယောက်တည်းရှိနေရင်တောင်မှ မိုးဖြူက သူ့သူငယ်ချင်းတစ်ယောက်ယောက်နဲ့ အမြဲ တပူးတွဲတွဲ ရှိနေတာ မဟုတ်လား။

''ကျွန်တော် မလိုက်လာတော့ပါဘူးလို့ သူ့ကို ပြန်ပြောလိုက်ပါ၊ နောက်ပြီး ပြောစရာရှိရင် တိုက်ရိုက်ပြောလို့ ရပါတယ်လို့ ထပ်ပြောလိုက်ပါ ကိုလင်း''

ပြောရင်း ကျွန်တော့်စက်ဘီးကို နောက်ပြန်လှည့်ပြီး သူမနဲ့ ဆန့်ကျင်ဘက်ဆီ နင်းထွက်လာခဲ့တယ်။ သူပြောခိုင်းလိုက်တဲ့ စကားလုံးလေးဟာ ဘာမှမဟုတ်ပေမယ့် ကျွန်တော့်လိုကောင်အတွက်ကတော့ ရင်ဘတ်မှာ သံမှိုရိုက်လိုက်သလို စွဲနစ်ကျန်ခဲ့ပါတယ်။

တစ်ယောက်က ဥတ္တရယဉ်စွန်းတန်းဆီ ဦးတည်နေသလို တစ်ယောက်က ဒက္ခိဏယဉ်စွန်းတန်းဆီ ရွေ့လျားလို့ပေါ့။ သံသရာဟာ လည်နေတယ်ဆိုရင် တစ်ချိန်ချိန်မှာ အိပ်မက်ကို တစ်ထပ်တည်း မက်ချင်ပါသေးတယ် မိုးဖြူ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ နောက်ပိုင်းရက်တွေမှာ . . .

သူနဲ့ ကျွန်တော် ခပ်တန်းတန်း ဖြစ်သွားကြတယ်။

သူ့ဘက်က ကျွန်တော့်အပေါ် မရိုးသားဘူးလို့ ထင်သွားတာလည်း ဖြစ်နိုင်သလို ကျွန်တော်ကလည်း သူ့ကို ရှင်းမပြခဲ့မိပါဘူး။

တစ်ယောက်နဲ့တစ်ယောက် . . .

အကြည့်တွေ မတော်တဆ ခလုတ်တိုက်မိရင်တောင်မှ သူက လွှဲသွားတတ်ခဲ့သလို ကျွန်တော်လည်း သက်ပြင်းတွေ ခိုးချတတ်နေပါပြီ။

ဒီလိုနဲ့ စာသင်နှစ်ကုန်ခဲ့ချိန်ကိုလည်း တဖြည်းဖြည်း နီးကပ်လာခဲ့ပါပြီ။ ကျွန်တော်ကတော့ ကျောင်းစိမ်းကောင်မလေးကို လွမ်းတနင့်နင့်နဲ့ ငေးရင်း . . .



( ၁၉ )

ပြန်စဉ်းစားကြည့်တော့လည်း ကျွန်တော့်မှာ မိုးဖြူကို အပြစ်တင်ရက်နိုင်ပါဘူး။ တစ်ခါတလေတော့လည်း မှုန်ပျခက်ထန်နေတဲ့ ကိုယ့်ဘဝကိုယ် ပြန်နားလည်မိပါတယ်။ အခြေအနေတွေက မိုးနဲ့မြေ၊ ခါင်းလောင်းသံတွေ ဝေးသွားတဲ့တစ်နေ့ကို ကျွန်တော် ရင်ဆိုင်ရမှာပါ။ အဲဒီအချိန်အထိ ကျွန်တော့်အိပ်မက်ကို သိမ်းထုပ်ထားရဦးမလား။ ပြောပြချင်တဲ့တိုင်အောင် ကျွန်တော်နှလုံးသားရဲ့ အသံသစ်တွေကို သူနားထောင်ချင်ပါဦးမလား။ သူ့ဟာသူနေတဲ့ ကံကြမ္မာဆိုတာကြီးကိုပဲ အပြစ်ပုံချရတော့မယ် ထင်တယ်နော်။

ဒီအကြောင်းတွေကို သူငယ်ချင်းတွေသိသွားတော့ တချို့က မိုးဖြူကို စိတ်ခုကြပြီး တချို့ကလည်း ကျွန်တော်အတွက် မချင့်မရဲ ဖြစ်ကြတယ်။ ဒီဘက် ကျွန်တော့်သူငယ်ချင်းတွေဆီကတစ်ဆင့် ဟိုဘက်က စုဘူးတို့အုပ်စုလည်း သိသွားကြတာကိုး။ ကျွန်တော့်ကို အားနာရုံကလွဲပြီး သူတို့ရော ဘာတတ်နိုင်မှာမို့လဲ။ မိုးဖြူ အနေတည်တာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ပြီးတော့ ဒီအရွယ်, ဒီအတန်းမှာ နှလုံးသားရေးရာတွေကို ဘယ်သူက တိုက်တိုက်တွန်းတွန်း ပြောထွက်ကြမှာလဲ။

ဒီလိုပါပဲလေ ...။ အချစ်ဆိုတဲ့ဘာသာရပ်က ကျောင်းစိမ်းနယ်မြေကြီးမှာ သင်ကြားဖို့မလွယ်သလို မေးခွန်းတွေ၊ အဖြေတွေကလည်း ဝေဝါးလွန်းလှပါတယ်။ ကျွန်တော်လည်း မကျွမ်းကျင်တဲ့ ဘာသာရပ်ကို ဆက်လက်စူးစမ်းနေဖို့ထက် မကြာခင် ရင်ဆိုင်ရတော့မယ့် စာမေးပွဲအတွက် ပြင်ဆင်နေရပါပြီ။

မိုးဖြူနဲ့ အနေစိမ်းသွားတာ အဲဒါကြောင့်လည်း ပါပါတယ်။ ဆယ်တန်းဆိုတဲ့ စာမေးပွဲက အားလုံးကို ဖမ်းစားလိုက်တာကိုး။ ကျူရှင် မယူနိုင်တဲ့ ကျွန်တော့်မှာ ကျောင်းစာတွေကို ဂရုစိုက်နေရလို့ အရင်လို ကျောင်းမှာတောင် စစနောက်နောက် မနေဖြစ်တော့ဘူး။

တစ်ရက်မှာတော့ ညီညီနိုင်က ကျွန်တော့်အိမ်အထိ ရောက်လာပြီး မထင်ထားတဲ့ စကားတစ်ခွန်း ပြောလာတယ်။ ကျောင်းပိတ်ရက်မို့ ကျွန်တော် သင်္ချာလေ့ကျင့်ခန်းတွေ ပြန်လုပ်နေတဲ့ အချိန်မှာပါ။

"ဟေ့ကောင် ညီလတ် ...မင်း ကြားပြီးသွားပြီလား"

ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း မေးလာလို့ ပြန်မေးမိတယ်။

"ဟေ ...ဘာကိုလဲကွ၊ ဖိုးဇော် ရန်ကုန်က စပေ့ါတွေ ရတာလား၊ မသေချာပါဘူးကွာ ...ကောလာဟလတွေပဲ ဖြစ်မှာပါ မင်း ယူပြီးတော့ ရွေးချယ်မနေနဲ့ဦး"

စကားအဆုံးမှာ ညီညီနိုင်က ကျွတ်(စ်)ခနဲ စုတ်သပ်တယ် ပြီး ...

"မဟုတ်ပါဘူးကွာ ...ငါပြောတာက မိုးဖြူတို့အိမ်ကို ဟိုကောင် စိုးနိုင် အဝင်အထွက်လုပ်နေတယ်ဆိုတဲ့ အကြောင်းပါ"





"ဘာ ...တကယ် ...တကယ်လား"

မျက်နှာအပျက်ပျက်အယွင်းယွင်းနဲ့ ကျွန်တော် ပြန်မေးရင်း တုန်လှုပ်သွားရတယ်။

ညီညီနိုင်က ခေါင်းအသာညိတ်ပြရင်း ...

"ဟုတ်တယ် ညီလတ်၊ ဝင်ထွက်နေတယ်ဆိုတာက မိုးဖြူတို့ အဖေနဲ့ ဟိုကောင်တို့မိသားစုက မိုးဖြူ ဒီမှာ ကျောင်းမတက်ခင်ကပဲ သိကျွမ်းပြီးသားတဲ့ကွ၊ ခု ဒီကောင် ဝင်ထွက်နေတာက မိုးဖြူနဲ့ ဒီကောင့်ကို နာမည်ကြီး အပြင်ဆရာတစ်ယောက်က မိုးဖြူအိမ်မှာ အနီးကပ် စာသင်ပေးနေတာလို့ ပြောတယ်"

"မင်းက ဘယ်ကဘယ်လို ကြားလာတာလဲ"

"မနေ့ညနေကပဲ မိုးမိုးလှိုင်ပြောသွားတာ၊ မင်းကို ပြောမလို့ လိုက်ရှာတာ မနေ့က ကျောင်းဆင်းတော့ မင်းက အစောကြီး လစ်သွားတာကိုး၊ အဲဒါကြောင့် ဒီမနက်ခင်းမှာ ငါ လာပြောပြတာကွ"

ဟုတ်မှာပါ။ ခုတစ်လော စာမေးပွဲနီးလာလို့ ကျောင်းဆင်းတာနဲ့ အရင်လို ဟေးလားဝါးလားမလုပ်ဘဲ ကျွန်တော် အိမ်ကို တန်းပြန်ဖြစ်တယ်။ ညဘက်ဆိုလည်း လက်ဖက်ရည်ဆိုင်တွေ ဘာတွေ မထွက်ဖြစ်တော့ဘူး။ ခု ဒီကောင်လာပြောတာက ကျွန်တော့်ကို သိစေချင်လို့ပါ။ သက်ပြင်းကြမ်းကြမ်း ချလိုက်ရုံကလွဲပြီး ဘာများ တတ်နိုင်ဦးမှာလဲ။

ငြိမ်သွားတဲ့ ကျွန်တော့်ကိုကြည့်ပြီး ညီညီနိုင်က အားမလို အားမရ မေးလာတယ်။

"ညီလတ် ...လဒလို မှိုင်မနေနဲ့လေ၊ မင်း ဘာမှ မခံစားရဘူးလား၊ ဘာမှ မလုပ်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပဲ ဖြည်းဖြည်းခါမိတော့တယ်။ ဒီသတင်းက ထူးဆန်းနေပေမယ့် မအံ့ဩမိတော့ပါဘူး။ ဒါနဲ့ပဲ ...

''မင်းလာပြောတာတော့ ကျေးဇူးပါပဲကွာ၊ ဒါပေမဲ့ ငါကတော့ ဘာတတ်နိုင်မှာမို့လို့လဲ''

ညီညီနိုင့်ရုပ်က တည်သွားတယ်။ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး အားမလို အားမရပုံစံနဲ့ ...

''မင်းကွာ ... ငါတို့ရော, စုဘူးတို့ကပါ မင်းအတွက် ပိုင်စဉ်းစားပေးနေကြတာ၊ မင်းက အတင်းကြီး ဇာတ်နာပြနေတယ်။ တကယ်တမ်းဆုံးရှုံးရမယ်ဆို မင်း မိုးဖြူကို စွန့်လွှတ်ရဲလို့လား၊ ဘယ်လိုပဲပြောပြော မင်း မိုးဖြူကိုချစ်နေတာ ငါတို့အားလုံး သိတယ်ကွ''

''ဒါ ... ဒါဆို ငါ ... ငါဘာလုပ်ရမှာလဲ''

''တော်ကွာ ... ခုချိန်မှာတော့ ဘာမှလုပ်လို့ မရတော့ဘူး''

''ဟာကွ ... မင်းပဲ လာပြောပြီးတော့''

မျက်နှာအိုစာသွားတဲ့ ကျွန်တော့်ကိုကြည့်ပြီး ညီညီနိုင်က ရယ်ပါတော့တယ်။

''ဟား ဟား ... မင်းဟာလေ ခိုးချင်လိုက်တာကလည်း ပြာလို့ လက်နှေးလိုက်တာကလည်း ချာလို့ဆိုတဲ့ ကောင်မျိုးပဲကွ။ မင်း ဘာလုပ်ရမယ်ဆိုတာ မသိသေးဘူးလား''

''ပြောပါကွာ ... ငါ ဘာလုပ်ရမလဲဆိုတာကို''

မျက်နှာကလေးငယ်ပြပြီး ကျွန်တော် ပြန်မေးလိုက်တယ်။ ချက်ချင်းပဲ ညီညီနိုင်က မနာလိုစရာကောင်းလောက်အောင် ဆရာကြီးပုံစံ ဖမ်းလိုက်တယ်။ ကျွန်တော့်ကိုလည်း အနုံဆုံး တပည့်လေးတစ်ယောက်လို ကြည့်တယ်။ စိတ်ထဲ နည်းနည်းချဉ်သွားပေမယ့် ဖားလေးငါးလေး ပျော်ပါစေဆိုပြီး လွှတ်ထားပေးလိုက်ပါတယ်။





ညီညီနိုင်က မလိုအပ်ဘဲ စဉ်းစားသဏ္ဍာန်လုပ်နေပြီးမှ ...

''အေး ... ငါတို့အားလုံး မနေ့ညက ကိုညီ့လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်တယ်၊ မင်းသာမပါတာ၊ အဲဒါနဲ့ကွာ မင်းကိစ္စကို ငါတို့ တိုင်ပင်လိုက်ကြတော့ အဖြေက တစ်ခုပဲ ထွက်လာတယ် ... အဲဒါကတော့''

''ဖြစ်ချင်တာဖြစ် ... ငါ မိုးဖြူကို ဖွင့်ပြောလိုက်ဖို့ဆိုပြီး အဖြေထွက်လာတာမလား''

''အင်း ... မင်းက ဘယ်လိုသိသွားတာလဲ''

မျက်နှာမဲ့ခွက်ခွက်နဲ့ ညီညီနိုင် နင်သွားလေရဲ့။ ဒီအဆင့်အတိုင်း စဉ်းစားရင် ဒီကောင်တွေဆီမှာ ဒီအဖြေပဲ ထွက်လာမှာကို ကျွန်တော်သိပြီးသားပါ။

ဒါကြောင့်မို့ ညီညီနိုင့်ပခုံးကို ပုတ်လိုက်ရင်း ...

''ငါ သိပါတယ် ညီညီနိုင်ရာ ... အဲဒီပုစ္ဆာက အဖြေရှာရခက်ပေမယ့် မိုးဖြူဆိုတဲ့ သင်္ချာတစ်ပုဒ်မှာ အဖြေက ရှိချင်မှ ရှိနေဦးမှာ၊ ဒါကြောင့်မို့လို့လည်း ငါ စဉ်းစားနေတာပေါ့''

''ကဲ ဆိုစမ်းပါဦး ... မင်း ခု စဉ်းစားတော့ရော ဘာတွေထွက်လာပြီတဲ့လဲ''

''ဟဲ ဟဲ ဟဲ ဟဲ''

ကျွန်တော့်ရယ်သံကြောင့် ဒီကောင် တင်းသွားပုံတယ်။ ဒေါက်ဆတ်ဆတ်နဲ့ ပြန်မေးလာတယ်။

''ပြောလေကွာ ... ဘယ်လို စဉ်းစားထားတာလဲလို့''

ဒီတစ်ခါတော့ မရှိတဲ့မုတ်ဆိတ်မွေးကို ပွတ်ရင်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ်လုပ်နေလိုက်တယ်။ ညီညီနိုင်လည်း ဘယ်လို
မရှုစိမ့်နိုင်တော့ဘူးထင်ပါရဲ့။ ချက်ချင်းပဲ ခေါက်ခနဲ ထရပ်ပြီး ...

"တော်ပြီကွာ ... မင်းဟာ့မင်း လုပ်ချင်တာလုပ်တော့၊ မင်း အတွက် ပိုင်းစဉ်းစားပေးနေတဲ့ ငါတို့ကိုတောင် မပြောပြနိုင်ရင် ဖြစ်လာ သမျှ မင်းဘဝ, မင်းအကြောင်းပဲ"

ဒီကောင် စိတ်ခုသွားပြီဆိုတာ ကျွန်တော်သိပါတယ်။ လှည့် ထွက်သွားတဲ့ သူ့နောက်ကို ပြေးလိုက်ပြီး အမြန်ချော့လိုက်ရတယ်။

"သယ်ဂျင်းကလည်းကွာ စိတ်ကြီးပဲ၊ ပြောမှာပေါ့ ... ငါ့မှာ ပြောစရာဆိုလို့ မင်းတို့ပဲရှိတာ ဥစ္စာ"

"ဒါဆိုလည်း ပြောကွာ ... မြန်မြန်ပြော"

ကျွန်တော်လည်း ဒီတစ်ခါတော့ မူမနေတော့ပါဘူး။ ဒီကောင့် အနားကပ်ပြီး ဒီလိုကွလို့ အစချီလိုက်တယ်။ ပြီးတော့ ဗီဒီရိုတွေထဲက လိုပဲ ပြောပြလိုက်ပါတယ်။

"+ ... × ÷ % 0 × + ...+ ... × ÷ % 0 × + ..."

ဒီလောက်ဆိုရင် ပရိသတ်ကြီးလည်း အကြံအစည်တစ်ခု ဆိုတာ ရိပ်မိကြမှာပါ။ ညီညီနိုင်ကတော့ ခေါင်းတညိတ်ညိတ် ကျေနပ်ပြီး ပြန်သွားလေရဲ့။

ကျွန်တော်လည်း ကျွန်တော်ရဲ့မနက်ဖြန်ကို တွေးရင်း သူ ရင်ခုန်လို့ပေါ့။ ဒီအတိုင်းနေတာနဲ့စာရင် စွန့်စားတာကမှ စွန့်လွှတ်တာ ထက် သာသေးတယ် မဟုတ်လား။

❖ ❖ ❖



( ၁၆ )

"ဘယ်လိုလဲ ညီလတ်ရ ... မင်းပဲ မိုးဖြူကို ရည်းစားစာ ပေးမယ်ဆို၊ စာမေးပွဲက နီးလာပြီနော်၊ တော်ကြာ မင်းသိတဲ့အတိုင်းပဲ"

တိတ်ဆိတ်နေတဲ့ စကားဝိုင်းကို ဖိုးချိုက စဖွင့်လိုက်တယ်။ သူ့ဘေးက ညီညီနိုင်နဲ့ ဖိုးဇော်တို့ကလည်း မေးတွေ အသီးသီး ငေါ့ပြ ကြတယ်။

ကျွန်တော်က ...

"ဒါနဲ့ ဟိုကောင် ဟန်လင်းဦးနဲ့ ဉာဏ်ထွန်းလင်းတို့ မမြင်ပါ လားကွ"

ဖိုးချိုက ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် ... ဒီကောင်နှစ်ကောင် မြတ်ကျော်တို့နဲ့ ခေါင်း ပြီး စာဝိုင်းကျက်တယ်ဆိုလားပဲ၊ ငါတို့နဲ့တောင် အပြင်မှာ ဆုံဖြစ် ကြဘူး၊ ငါမေးနေတာကို ဖြေဦးလေကွာ"

"ဩော် ... အေး ... ဟိုကိစ္စလား ... လေမှာပဲ ဖိုးချိုကို



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ့် ငါ့ရည်းစားစာက မပြီးသေးလို့ကွ''

''ကြီးကြီးကျယ်ကျယ်ကွာ ... မင်းရည်းစားစာက ဘယ်လောက် ဂန္ထဝင်ဆန်နေလို့ ဒီလောက်ကြာနေရတာလဲ''

ပြောရင်လည်း နားလည်မှာမဟုတ်လို့ ကျွန်တော် မပြောတော့ပါဘူး။ ကျွန်တော့်ရည်းစားစာက တကယ် တစ်ဝက်ပဲ ပြီးသေးတာပါ။ ဒါနဲ့ပဲ ...

''ပေးတဲ့နေ့ကျရင် မင်းတို့ကို အသိပေးမှာပါကွာ၊ ကဲ ... သွားကြမယ်''

လွယ်အိတ်ကောက်ကိုင်ပြီး ကျွန်တော် ထရပ်လိုက်တော့ အားလုံးပဲ လက်ဖက်ရည်ဆိုင်ထဲက ထရပ်လိုက်ကြတယ်။ ကျောင်းမတက်ခင် ကိုညီ့လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြတာလေ။ ကျောင်းရောက်တော့လည်း စာကိုပဲ အာရုံစိုက်သင်နေမိတယ်။

နေ့လယ် မုန့်စားကျောင်းဆင်းချိန်ရောက်တဲ့အထိကို စာသင်ခုံက ကျွန်တော်မထဖြစ်သေးဘူး။ ကျွန်တော်တစ်ယောက်တည်း အရေးကြီးတဲ့မှတ်စုတွေကို ပြန်ကူးနေတာပါ။

အဲဒီအချိန်မှာပဲ ရှေ့မှာလာရပ်တဲ့ အရိပ်တစ်ခုနဲ့အတူ မွှေးရနံ့သင်းသင်းကြောင့် ကျွန်တော် မော့ကြည့်လိုက်ပါတယ်။ ကျွန်တော့်ရှေ့မှာ အဖြူအစိမ်းလိမ်းသုတ်ထားတဲ့ ပန်းကလေးတစ်ပွင့် ...။ လွင့်စဥ်လာတဲ့ အပြုံးလေးတစ်ခုနဲ့အတူ စကားသံတိုးတိုးလေးကလည်း ကျွန်တော့်စိတ်အာရုံကို သိမ်းကြုံးသွားတော့တယ်။

''ညီလတ် ... နင် ငါ့ကို စိတ်ဆိုးနေတာလား''

ကျွန်တော် ရုတ်တရက် ကြောင်အမ်းသွားရတယ်။ ဘယ်လိုမှ မထင်ထားတော့ သတိလက်လွတ် ကြည့်နေမိပြီးမှ သတိပြန်ဝင်လာတယ်။





''မိုးဖြူ ... နင်ပြောလိုက်တာ ဘယ်လို၊ ငါက နင့်ကို စိတ်ဆိုးနေတယ် ... ဟုတ်လား''

ခေါင်းလေးငုံ့သွားရင်း မိုးဖြူဆီက အသံတိုးတိုးလေး ထပ်ထွက်လာတယ်။

''ဟုတ်တယ် ... နင်က ငါ့ကို စကားလည်း မပြောဘူး။ ပြီးတော့ နင်နေတဲ့ပုံစံကလည်း အရင်ကလို မဟုတ်ဘူး''

ကျွန်တော် ဟက်ခနဲ တစ်ချက်ရယ်လိုက်မိတယ်။ ချက်ချင်းပဲ ...

''သြော် မိုးဖြူရယ် ... ဘာများလဲလို့၊ နင့်ကို ငါ ဘာများ စိတ်ဆိုးစရာရှိလို့လဲ၊ နင်က စကားမပြောစေချင်ဘူးထင်လို့ ငါက မပြောတာပါ၊ တော်ကြာ ငါ့ကြောင့် နင် အနှောင့်အယှက်ဖြစ်နေမှာစိုးလို့လေ''

မျက်နှာမကောင်းဟန်လေး ဖြစ်သွားပါတယ်။ ကျွန်တော့်ကို ကြည့်ရင်းက ဘေးဘီကို ဝေ့ကြည့်လိုက်ပြီး ...

''ဒါဆို နင့်ပုံစံက ဘာဖြစ်လို့ အရင်လို မဖြစ်တော့တာလဲ''

ခက်တော့တာပဲ။ နင့်ကိုချစ်နေလို့ဆိုရင် မကောင်းဖြစ်တော့မယ်။ ဒါနဲ့ပဲ စကားကိုလှအောင် စဥ်းစားပြီး ပြန်ပြောရတော့တာပေါ့။

''ငါလား ... စာမေးပွဲနီးလို့ ငြိမ်နေတာပါဟာ၊ ပြီးတော့ နင်ပဲ ငါ့ကို ပြောဖူးတယ်လေ ... တည်တည်တံ့တံ့လေး နေပါလားဆို၊ အဲဒါကြောင့်ပါ၊ ဘာလဲ ... နင်က ကြည့်မရပြန်ဘူးလား''

မိုးဖြူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပုံရတယ်။ ရှက်သလိုလို၊ စဥ်းစားသလိုလို လုပ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒါဆိုလည်း ပြီးတာပါပဲ၊ နင် စာတွေရော လိုက်နိုင်ရဲ့လား"

"ဒီလိုပါပဲဟာ ... နင်တို့လို အနီးကပ်ပိုင်းတွေ မသင်ရတော့လည်း ကိုယ့်ဟာကိုယ်ပဲ ကြိုးစားနေရတာပေါ့"

ရွံ့သလိုဖြစ်သွားလားတော့ မသိဘူး။ စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်တာပါ။ သူ့မျက်နှာပေါ်မှာ စိတ်မကောင်းဟန်လေး ဖြတ်ပြေးသွားတယ်။

"အဲဒီလိုတော့ မပြောပါနဲ့ဟာ၊ ငါက နင် စာမလိုက်နိုင်မှာ စိုးလို့ပါ၊ ပြီးတော့လေ နင့်ကို ဟိုတစ်ခါ ငါပြောခိုင်းတာက ငါ့ဟာ ငါလည်း ရှက်တာရယ်၊ နင့်ကိုလည်း အလုပ်တစ်ခုလို မဖြစ်စေချင်တာရယ်၊ အဲ ... အဆိုးဆုံးကတော့ ငါ့အိမ်နဲ့သိတဲ့ တစ်ယောက်ယောက်က မြင်သွားပြီး အိမ်ကိုတိုင်မှာ စိုးရိမ်လို့ပါ"

"ရပါတယ်ဟာ ... ပြီးသွားပြီပဲ မိုးဖြူရယ်၊ ငါ့စိတ်ထဲမှာ အဲဒီကိစ္စ မရှိတော့ပါဘူး၊ ဒါပေမဲ့ ဟိုလေ နင့်ကို ငါ ပေးစရာတစ်ခု ရှိတယ်"

"ဟင် ... ဘာလဲ"

သူ့မျက်ခုံးလေး အတွန့်ချိုးသွားတယ်။ ကျွန်တော့်လွယ်အိတ်ထဲက ထုတ်လိုက်တဲ့ပစ္စည်းလေးကိုလည်း အသေအချာ ကြည့်တယ်။ တစ်ဆက်တည်း ထပ်မေးလာတယ်။

"ညီလတ် ... အဲဒါက ဘာကြီးလဲ"

"ဒါလား ... အုန်းပင်က အလက်ရဲ့ အလယ်ကအရိုးနဲ့ လုပ်ထားတဲ့ အုန်းလက်နွားလေးလေ"

မိုးဖြူက ဆတ်ခနဲ ယူကြည့်လိုက်ပြီး ...





"ချစ်တော့ ချစ်စရာလေးဟ ... နင် လုပ်ထားတာလား"

"ဟုတ်တယ် ... နင့်ကိုပေးဖို့ ငါကိုယ်တိုင် လုပ်ထားတာ၊ ဒါပေမဲ့ ပေးလို့မရသေးဘူး"

"အောင်မာ ... ဘာဖြစ်လို့လဲ"

ကျွန်တော်က သူ့ကို စိုက်ကြည့်လိုက်ရင်း ...

"ဒီလိုလေ ... ငါတို့ ငယ်တုန်းက ဆော့ရင်ပဲဖြစ်ဖြစ် အုန်းလက်နွားဆိုတာ နှစ်ခုလုပ်ရတာဟ၊ တစ်ခုက မပြီးသေးဘူး ... အဲဒါကြောင့်မို့ပါ"

မိုးဖြူ နှုတ်ခမ်းဖူးဖူးလေးက စူသွားတယ်။ ဒါတောင် ချစ်စရာကောင်းနေသေးတယ်ဆိုတာ ခဏခဏ ထုတ်မပြောချင်တော့ပါဘူး။ အလိုမကျသံလေးကလည်း မတိုးမကျယ် ထွက်လာသေးရဲ့။

"မသိဘူးဟာ ... ဒီတစ်ခုပြီးသွားရင် ဒီတစ်ခုပဲ ယူလိုက်တော့မယ်၊ မပြီးသေးတဲ့ အုန်းလက်နွားလေးတစ်ကောင်ကို နင်က ငါ့ကိုပေးပြီး ငါက နင့်ကို ပြန်လက်ဆောင်ပေးတယ်လို့ သဘောထားလိုက်တော့"

ပြောပြီး ဆတ်ခနဲ လှည့်ထွက်သွားဖို့ ပြင်လိုက်တယ်။

ကျွန်တော်က ...

"မိုးဖြူ"

"အန် ... ဘာလဲ"

ကိုယ်တစ်ပိုင်းလှည့်ပြီး ပြန်ကြည့်လာတယ်။ ကျွန်တော့် ပါးစပ်ကလည်း ပြောဖြစ်အောင် ပြောလိုက်မိသေးရဲ့။

"နင် ငယ်ငယ်တုန်းက ကဗျာလေး မှတ်မိသေးတာလား အုန်းလက်နွားလေး ထားခဲ့မယ်ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



တွေခနဲဖြစ်သွားပြီးမှ သူ့မျက်နှာလေး ပြုံးယောင်သန်းလာတယ်။ ဝဲပျံရောက်ရှိလာတဲ့ မျက်စောင်းလေးနဲ့အတူ ...

"အေး ... မှတ်မိတယ် ... နှင် စီးစရာမရှိမှာစိုးလို့ ထားခဲ့တာပေါ့"

တဲ့။ အိုး ... ကျွန်တော့်ရင်ထဲမှာ လိုက်မောဆွတ်ပျံ့ မျက်ဝန်းထဲ ရွှေရောင်တွေ လင်းသန့်သွားသလို ခံစားလိုက်ရတယ်။

အဲဒီ အုန်းလက်နွားလေးနဲ့ ...

အဲဒီ အုန်းလက်နွားလေးနဲ့ပဲ ...

နှင်ရှိနေမယ့် အနာဂတ်တစ်နေရာအထိ ငါ လိုက်ခွင့်ရှိချင်သေးတယ် ခွေးမလေးရယ်။

❖ ❖ ❖



( ၁၇ )

နောက်တစ်နေ့ မနက်ကျတော့ ကျွန်တော် ကျောင်းတက်နောက်ကျတယ်။ ပထမတော့ ကိုယ့်ဟာကိုယ်တောင် သတိမထားမိသေးပါဘူး။ စက်ဘီးနဲ့ ကျောင်းကိုလာရင်း လမ်းမှာ ကျောင်းသားတစ်ယောက်မှ မတွေ့မှ တွေးမိတာပါ။ ကျောင်းမလာခင် အိမ်မှာ နာရီအကြည့်မှားတာပဲ ဖြစ်မယ်ထင်တယ်။

ကျောင်းရှေ့ရောက်တော့ ကျောင်းတံခါးက ပိတ်နေပါပြီ။ ဒါပေမဲ့ တော်ပါသေးတယ်။ ခြံတံခါးရှေ့မှာ မြန်မာစာသင်တဲ့ ဆရာဦးသောင်းဟန်ကြီးလည်း စက်ဘီးရပ်ပြီး ယောင်ပေပေရပ်နေလို့ပါ။ သူနဲ့ကျွန်တော်က ဒီမနက်မှာ ဘဝတူပဲလေ။ အဖော်ရှိတော့ တော်သေးတာပေါ့။

ကျွန်တော်လည်း သူ့ဘေးမှာ စက်ဘီးလေးကိုင်ပြီး ရပ်ရင်း မတိုးမကျယ် ညည်းလိုက်မိတယ်။

"ဟူး ... ကိုလှိုင်ဝင်းထွန်းတစ်ယောက် ဘယ်ရောက်နေတဲ

www.burmeseclassic.com

www.burmeseclassic.com

မသိဘူး''

ဆရာက ဆတ်ခနဲ ငုံ့ကြည့်တယ်။ ပြီး မျက်နှာထားတည်တည်နဲ့ ...

''ငါ တံခါးသော့သွားယူခိုင်းလိုက်တာကွ၊ နေစမ်းပါဦး ... မင်းက ဘာဖြစ်လို့ ကျောင်းနောက်ကျနေရတာလဲ''

ဆရာကတော့ လုပ်လာပြီလို့ ကျွန်တော် တွေးလိုက်မိတယ်။ ဒါပေမဲ့ တပည့်ဆိုတော့လည်း ဆရာမေးလာတော့ ဖြေရပြီပေါ့။

''အိမ်က ထွက်လာတုန်းကတော့ နောက်မကျဘူးလို့ ထင်တာပါပဲ ဆရာ''

''ဒါဆို မင်းက ကျောင်းကိုတန်းမလာဘဲ လမ်းမှာ တစ်နေရာဝင်နေလို့ ဖြစ်မှာပေါ့ကွ၊ မင်းတို့ကောင်တွေကို လက်ဖက်ရည်ဆိုင်မှာ ငါ မြင်မြင်နေရတယ်နော် ... အဟင်း''

ကျွန်တော် ပျာပျာသလဲ စဉ်းစားလိုက်ရတယ်။ နာရီအကြည့်များတယ်ဆိုရင်လည်း ကျောင်းသားပဲ ဂရုစိုက်ရမှာပေါ့လို့ ဆရာက ထပ်ကောဦးမှာ။ ဆရာ့အကြောင်း သိနေလို့ ကျွန်တော်က ...

''ဘယ်မှမဝင်ပါဘူး ဆရာ၊ စက်ဘီးနဲ့ ကျောင်းကိုလာရင်း လမ်းမှာ ဆိုင်းဘုတ်တွေကြည့်မိတာနဲ့ နောက်ကျသွားတာ ခင်ဗျာ''

''ဘယ်လို ဘယ်လို''

''ဟုတ်တယ် ဆရာ ... ကျွန်တော် စက်ဘီးကို အမြန်နင်းလာတာပဲ၊ ဒါပေမဲ့ ကျောင်းရှိသည့် ဖြည်းဖြည်းမောင်းဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်, အရှိန်ကို လျှော့ချလိုက်, ပြီးမှ အရှိန်ပြန်တင်လိုက်, အဲဒီဆိုင်းဘုတ်မျိုးတွေ့ရပြန်တော့ အရှိန်လျှော့ချလိုက်နဲ့ ဆရာရယ် လမ်းတစ်လျှောက် ဆိုင်းဘုတ်တွေက အများကြီးဆိုတော့ ...''





''ဟောကောင် ... တော်ပြီ တော်ပြီ ... မရှင်းပြနဲ့တော့၊ တတ်လည်းတတ်နိုင်တဲ့ကောင်''

အဲဒီအချိန်မှာ ကိုလှိုင်ဝင်းထွန်းရောက်လာပြီး ခြံတံခါးသော့ကို ဖွင့်ပါတယ်။ ကျွန်တော်က ဆရာ့ကို ပြန်ပြီး အင်တာဗျူးလိုက်တယ်။

''ဆရာလည်း ဒီနေ့ နောက်ကျတယ်နော်''

ဆတ်ခနဲ ခပ်တင်းတင်းကြည့်ပြီး ဆရာက ဟက်ခနဲ ရယ်လိုက်သည်။

''အေး ... ငါလည်း မင်းလိုပဲပေါ့ကွ ... အဟဲ''

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် ကျောင်းထဲဝင်လိုက်ကြတယ်။ ဆရာက သူ့ဆရာတွေအခန်းကို ဝင်ရတာ ပြဿနာမရှိပေမယ့် စာသင်ခန်းထဲ နောက်ကျပြီးဝင်ရမယ့် ကျွန်တော့်မှာ ရင်တဒိတ်ဒိတ်နဲ့ပါ။

အခန်းနားသွားပြီး မယောင်မလည်ကြည့်လိုက်တော့ ဘုရား ပါ တမိသွားတယ်။ ဘယ်သူရှိရမှာလဲ။ ကျွန်တော့်ရဲ့ ချစ်လှစွာသော အဒေါ် ဆရာမဒေါ်ခင်ထွေးမြင့်ပါ။ အဒေါ်ကလည်း သူ့ရဲ့ ချစ်တူလေး မြင်လိုက်ရတာနဲ့ ချစ်စနိုး လှမ်းခေါ်ပါတော့တယ်။

''ဟိုကောင် ... အခန်းထဲ ဝင်လေ၊ အဝမှာ ပြုတစ်ပြုတစ်နဲ့ ဘာလုပ်နေကြတာလဲ''

ကုပ်ချောင်းချောင်းလေးနဲ့ ကျွန်တော်လည်း ဝင်သွားလိုက်တယ်။ ခါတိုင်းလို မေးမြန်းစစ်ဆေး ဆူပူဦးမယ်ထင်ပေမယ့် အဒေါ် ဆရာမက ဘာမှ ဆက်မပြောတော့ဘူး။ သူ့စာသူ ဆက်သင်နေတယ်။

သူ့အတန်းချိန်ပြီးသွားတော့ အဒေါ်ဆရာမက ကျွန်တော့်ကို လှမ်းခေါ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ညီလတ် . . . နင့်ကို ဆရာမကြီး ခေါ်ထားတယ်၊ သွားလိုက်ဦး . . . ကြားလား"

ကျွန်တော် အူတူတူဖြစ်သွားရတယ်။ ကျောင်းနောက်ကျရုံကိစ္စလောက်နဲ့ ဆရာမကြီးက ခေါ်ပြီး အပြစ်ပေးမလို့လား မသိဘူး။ အတန်းထဲက ကျွန်တော့်သူငယ်ချင်းတွေကို ကြည့်လိုက်တော့လည်း သူတို့ ဘာမှမသိဘူးဆိုတဲ့ ပုံစံတွေပဲ မြင်ရပြန်တယ်။ ကျွန်တော်လည်း ဆရာမကြီးရုံးခန်းဆီ သွားရပြန်ပြီပေါ့။ ရုံးခန်းရောက်တော့မှ ဆရာမကြီး ခေါ်ခိုင်းတာကို ရှင်းတော့တယ်။

"မောင်ညီလတ် . . . ခရိုင်ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲအတွက် ဆရာမကြီးတို့ကျောင်းက သားကို ရွေးထားတယ်၊ သားဖြေခဲ့တဲ့ ပထမအစမ်းနဲ့ ဒုတိယအစမ်းက စာစီစာကုံးတွေက ကျန်တဲ့ ကျောင်းသူကျောင်းသားတွေထက် အနေအထား, တင်ပြပုံနဲ့ လက်ရေးလက်သား ကောင်းမွန်ထူးခြားနေလို့ ရွေးချယ်လိုက်ရတာပဲ၊ လာမယ့် အပတ်ထဲမှာ ပြိုင်ရမယ်၊ သား ပြင်ဆင်ထားပါ . . . ကြားလား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ဆရာမကြီးက ပြိုင်ရမယ့် စာစီစာကုံးခေါင်းစဉ်နဲ့ ပြင်ဆင်ထားသင့်တာတွေကို ဆက်ရှင်းပြပါတယ်။ ဆယ့်ငါးမိနစ်လောက်ကြာမှ အတန်းထဲ ပြန်ရောက်တော့တယ်။ ပြန်ရောက်တာနဲ့ စုဘူးဆိုတဲ့ ဟာမက ကျွန်တော့်ခုံရှေ့အထိ လာပြီး စပ်စုတော့တာပဲ။

"ဟဲ့ ညီလတ် . . . ဘာအမှုတွဲလဲ"

ကျွန်တော်က အံ့ဩသလိုဟန်လုပ်ပြီး . . .

"ဟင် . . . နင်မသိသေးဘူးလား စုဘူး"

"အယ် . . . ငါက ဘာကိုသိရမှာတုံး"





"နင့်ကို မိုးဖြူ ဘာမှ မပြောဘူးလား"

စုဘူးမျက်နှာ ဇဝေဇဝါ ဖြစ်သွားတယ်။ မိုးဖြူဘက်ကို လှမ်းကြည့်တော့လည်း မိုးဖြူက ဘာမှမသိသလို သူ့စာသူလုပ်နေလို့ စုဘူး ရတက်ပွေသွားပုံပဲ။ လျှို့ဝှက်သတင်းတစ်ခု သိရတော့မယ်ဆိုတဲ့ပုံစံနဲ့ ကျွန်တော့် ရှေ့နားတိုးလာရင်း . . .

"ပြောစမ်းပါဟယ် . . . ငါ မသိသေးလို့ပါ"

"ဒီလိုဟ"

စကားစပြီး ခဏရပ်ထားလိုက်လို့ စုဘူးတင်မဟုတ်ဘူး . . . ဘေးနားက ဘာမှမသိရသေးတဲ့ ဖိုးဇော်တို့တောင် ဆတ်တင့်င့်တွေ ဖြစ်သွားတယ်။ မိုးဖြူဆိုတဲ့နာမည်က ပါလာတာကိုး။

သနားတာနဲ့ ကျွန်တော် ပြောပြလိုက်တယ်။

"အဟဲ . . . ငါက မိုးဖြူကို အုန်းလက်နွှားလေး ပေးလိုက်တယ်ဟာ၊ အဲဒါကို သူက ယူသွားပြီးမှ ဘယ်လိုတွေးမိတယ်မသိပါဘူး၊ မရိုးမသားအကြံနဲ့ ရည်းစားစာပေးတယ်လို့ ယူဆလိုက်တယ်ထင်ပါတယ်ကွာ၊ ငယ်ငယ်တုန်းက တို့လည်းလိုက်မယ် ချန်မထားနဲ့ အုန်းလက်နွှားလေးထားခဲ့မယ်ဆိုတဲ့ ကဗျာလေး ရှိခဲ့တာကိုး"

"ဟင် . . . ဘာဆိုင်လို့လဲ"

ညီညီနိုင် စကားဆုံးတော့ စုဘူးက . . .

"ဟုတ်သားပဲ၊ ဩော် . . . မိုးဖြူက အဲဒီလိုအမိပ္ပာယ် ကောက်ပြီး ဆရာမကြီးကို တိုင်လိုက်လို့ နင့်ကိုခေါ်ပြီး ဆော်လိုက်တာပေါ့ . . . ဒီလိုလား"

"ဟာ . . . မဟုတ်ရပါဘူး၊ ဆရာမကြီးက ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲအတွက် ငါ့ကိုရွေးထားလို့ ခေါ်ပြောတာ။

www.burmeseclassic.com

အားလုံး အူကြောင်ကြောင်ဖြစ်ကုန်ကြတယ်။

စုဘူးက ချက်ချင်း သဘောပေါက်သွားတာမို့ ...

"မသာ ညီလတ် ...အဲဒါနဲ့ မိုးဖြူနဲ့ ဘာဆိုင်လို့လဲ"

ရယ်ကျဲကျဲလုပ်ပြီး ကျွန်တော်ကပဲ ...

"နင်မေးတဲ့ မေးခွန်းရော, မိုးဖြူကို အုန်းလက်နွားလေး ပေးလိုက်တာရော တစ်ခါတည်း ပြောချင်လို့ပါဟာ ... အဟီး ... ဒီ အတိုင်းပြောရမှာ မရဲလို့"

ကျွန်တော့်ကို ကြည့်ပြီး စုဘူးမျက်နှာဟာ တည်သွားတယ်။

"ပြောရမှာ မရဲလို့ ... ဟုတ်လား၊ နင် ဒီအတိုင်းပဲ လုပ်နေ ညီလတ်"

"ဘာ ... ဘာဖြစ်လို့လဲ စုဘူးရာ ... ဒီအတိုင်းမနေလို့"

"အေး ... နင့်ကိုတော့ အသိပေးလိုက်မယ်၊ ခု စိုးနိုင်က မိုးဖြူကို ရည်းစားစကား တရားဝင်ပြောထားပြီ၊ နင်က အုန်းလက် နွား လုပ်နေ၊ အဲဒီအုန်းလက်နွားလိုပဲ နင် ကျန်ခဲ့ရလိမ့်မယ်"

"ဘာ ... စုဘူး ... ဘယ်လို"

"ဘာမှမလိုဘူး ... မိုးဖြူကလည်း စာမေးပွဲအောင်ရင် စိုးနိုင်ကို စဉ်းစားပေးမယ်တဲ့ ... သိပြီလား"

ကျွန်တော် ဘာမှ ဆက်မပြောနိုင်တော့ဘူး။ စုဘူးပြော သွားတဲ့အတိုင်း အုန်းလက်နွားလေးလို နေခဲ့ရဲ၊ ကြေကွဲရဲရဲ့လား။ နာကျင်မှုတွေဟာ ထစ်ထစ်ချုန်းချုန်း ရင်ထဲမှာ ဖူးငုံလာပါတော့တယ်။

❖ ❖ ❖



ဒီလိုနဲ့

ဒီလိုနဲ့

ဒီလိုနဲ့

ဒီလိုနဲ့

ဒီလိုနဲ့

ဒီလိုနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

ဒီလိုနဲ့ . . .

အဲဒီတစ်ရက်နှစ်ရက်မှာ စာတောင် ကောင်းကောင်းမကျက်နိုင်ဘဲ အိပ်မက်ဆိုးတွေ နေ့နဲ့ည မှားမက်နေရတယ်။ ဒီအတိုင်းကြီးပဲနေလို့ မဖြစ်မှန်း ကျွန်တော် ကိုယ့်ဟာကိုယ်သိတာပေါ့။ မိုးဖြူသိအောင်တော့ တရားဝင်ပြောရတော့မယ်။ ကျွန်တော် သူ့ကို မဆုံးရှုံးချင်ဘူး။ စိုးနိုင် ဖွင့်ပြောလိုက်ပြီဆိုတာနဲ့ မိုးဖြူက ဆယ်တန်းအောင်ရင် စဉ်းစားပေးမယ်ဆိုတဲ့စကားက ကျွန်တော့်ကို သွေးပျက်စေတယ်။

ကျွန်တော် ဖွင့်ပြောလိုက်ရင်ကော မိုးဖြူက စိုးနိုင်ကိုပြောသလို စဉ်းစားပေးမယ်တဲ့လား။ ကျွန်တော်နဲ့ စိုးနိုင်ရဲ့ ဘဝပေးအနေအထားက ကွာတယ်လေ။ မိုးဖြူ စဉ်းစားပေးမယ်ဆိုတာက အဲဒီအနေအထားတွေနဲ့ ပတ်သက်နေသေးလား။ ကျွန်တော့်မှာ အများကြီးစဉ်းစားရတယ်။

သူငယ်ချင်းတွေအားလုံးကတော့ တညီတညွတ်တည်း မြှောက်





ပေးကြပါတယ်။ သူတို့မြှောက်ပေးလို့တော့ မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်က မျိုသိပ်မနေနိုင်တော့လို့ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်တာပါ။

မနက်ဖြန် ဖွင့်ပြောတော့မယ်လို့ ရည်ရွယ်ထားတဲ့နေ့က . . . ကျွန်တော်ရယ်၊ ဖိုးချိုရယ်၊ ညီညီနိုင်ရယ်၊ ကိုညီရဲ့ ထူးကဲလက်ဖက်ရည်ဆိုင်လေးထဲမှာ ရှိနေခဲ့တယ်။ ကျောင်းမတက်ခင်မှာ လက်ဖက်ရည်ဝင်သောက်နေကြတာ။ တစ်ခါတလေ ဒီလိုပဲ နာရီဝက်လောက်စောလာပြီး ဝင်ထိုင်လေ့ရှိတယ်။

စာမေးပွဲအကြောင်း ပြောကြရင်းနဲ့ ဒီကောင်တွေစကားက မိုးဖြူဘက်ကို လှည့်လာတယ်။ အမှန်တော့ ကျွန်တော့်ကို မခံချင်အောင် စနေကြတာပါ။

''ဆိုစမ်းပါဦး ညီလတ်ရ . . . မင်း မိုးဖြူကို စတွေ့လိုက်ရတဲ့အချိန်မှာ ဘယ်လို ခံစားလိုက်ရလဲ . . . ဟဲ ဟဲ . . . အင်တာဗျူးပေါ့ကွာ''

ဖိုးချိုက စမေးလာတယ်။ ကျွန်တော်လည်း သိပ်ဖြေချင်နေတဲ့ကောင်ဆိုတော့ လာထားပဲ။

''ပြောရရင်တော့ကွာ . . . သူ့ကို ငါ စတွေ့လိုက်တဲ့အချိန်မှာ ဆုံဆို့နာဖြစ်သွားတယ်''

''ဘယ်လို''

''ဘာ . . . ဆုံဆို့နာ . . . ဟုတ်လား''

နှစ်ကောင်စလုံး ပြန်မေးလာတယ်။ ကျွန်တော်က ရီဝေဝေအသွင် လုပ်လိုက်ရင်း . . .

''ဟုတ်တယ်လေ . . . သူနဲ့ စဆုံလိုက်တဲ့အချိန်မှာ ရင်ထဲမှာဆို့ပြီး နာကျင်သွားတာကိုပြောတာ၊ အဲဒါ ဆုံဆို့နာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါပြီ . . . ထားပါတော့၊ မင်းတို့နှစ်ယောက် ချစ်သူ
ဖြစ်သွားကြရင် ဘာလုပ်ကြမလဲ ညီလတ်”

“မေးခွန်းကြီးကလည်းကွာ . . . ဒါပေမဲ့ ဖြေပါ့မယ်၊ ငါတို့
နှစ်ယောက်လုံး စာကြိုးစားကြမှာပေါ့”

“မင်းအဖြေကြီးကလည်း”

ညီညီနိုင်က မကျေမနပ်နဲ့ ညည်းလိုက်တယ်။ ဟုတ်တယ်
လေ . . . ဆင်ဆာမဲ့တွေတော့ ကျွန်တော်မဖြေနိုင်ပါဘူး။ ဒါတော်
ထပ်မေးလာသေးတယ်။

“ကဲကွာ . . . မင်းတို့ ချစ်ကြိုက်ပြီး ကြီးလာလို့ ယူကြ
ဆိုပါတော့ . . . ဘာလုပ်ကြမလဲ”

“ရှင်းနေတာပဲလေ . . . ကလေးတွေ မွေးမှာပေါ့”

“အင်”

နှစ်ကောင်စလုံး မျက်နှာတွေ မဲ့ရှုံ့သွားလေရဲ့။ သူတို့ နာ
ထောင်ချင်တဲ့အဖြေ မကြားရလို့လား မသိဘူး . . . ဖိုးချိုက အောက်
သိုးသိုးလေသံနဲ့ မေးလာသေးရဲ့ . . .။

“နောက်ဆုံးမေးခွန်းကွာ . . . မင်းဖြစ်ဖြစ်၊ မင်းမိန်းမကပဲ
ဖြစ်ဖြစ် ကလေးမရနိုင်ဘူးကွာ . . . ဘာထပ်လုပ်မှာလဲ”

“လွယ်လွယ်လေးပါကွာ . . . ရှေ့မှာထိုင်နေတဲ့ မင်းတို့နှစ်
ကောင်ကို မွေးစားလိုက်မယ်၊ ကမ္ဘာမှာ ဒီလောက်ခေတ်စားနေတာ
မင်းတို့အသိပဲ”

“တော်ပြီကွာ . . . တော်ပြီ တော်ပြီ”

“အေး . . . ဒီလောက်နဲ့ ရပ်ထားရင် မင်းတို့ကို ငါးသောင်း
ပေးမယ်”





“ဟမ်”

နှစ်ကောင်စလုံး ကြောင်နေကြပြီးမှ တခွီးခွီး ရယ်ကြတော့
တယ်။ ကျွန်တော်က ပဟေဠိနန်းတော်အစီအစဉ်က မောင်မောင်အေး
လေသံနဲ့ ပြောလိုက်တာကိုး။

အဲဒီအချိန်မှာပဲ ပြဿနာက မဖိတ်ခေါ်ဘဲ ရောက်လာပါ
တော့တယ်။ ကျွန်တော်တို့ထိုင်နေတဲ့ ရှေ့ကစားပွဲကို ဖြန်းခနဲ ပုတ်
လိုက်သံနဲ့အတူ ကြည့်လိုက်တော့ စိုးနိုင်ကို တွေ့လိုက်ရတယ်။

ဘာလိုင်းကြီးပါလား။ ဘာလဲဟ . . . ပေါ့။

ဖိုးချိုက ခပ်တည်တည် စပြောလိုက်တယ်။

“စိုးနိုင် . . . မင်း ဘာလုပ်တာလဲ”

စိုးနိုင်က ဖိုးချိုအမေးကို မဖြေဘဲ ကျွန်တော့်ကို မိုက်ကြည့်
ကြည့်ပြီး . . .

“ဟေ့ကောင် . . . မင်း ဘာဖြစ်လို့ မိုးဖြူအကြောင်းကို ပါးစပ်
အရသာခံပြီး ပြောနေတာလဲ”

“အဲဒီလိုသဘောနဲ့ မဟုတ်ပါဘူးကွာ . . . ငါတို့က အပျော်
သဘောနဲ့ ပြောနေတာပါ”

ကိုယ်ကလည်း ပြောနေမိတယ်ဆိုတော့ ကျွန်တော် အေးအေး
ဆေးဆေးပဲ ပြန်ပြောလိုက်တယ်။ ဒါကို ဒီကောင်က မရပ်သွားဘူး။

“အပျော်သဘောပြောရအောင် မိုးဖြူက အပေါစား မဟုတ်
ဘူးကွ”

“ဟုတ်ပါပြီ . . . မင်းနဲ့ကော ဘာဆိုင်လဲ၊ မင်း ဘာဖြစ်ချင်
တာလဲ စိုးနိုင်”

ခပ်တင်းတင်းပဲ ကျွန်တော် ပြန်မေးလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်မျက်နှာ ရှုံ့တွသွားရင်း ...

"ရာရာစစကွာ ... မိုးဖြူက ငါရည်ရွယ်ထားတာကွ၊ မင်းနဲ့ တူလား, တန်လား ဟေ့ကောင်"

"တူလား,တန်လား ဆိုတာတော့ ပေါင်းကြည့်မှ သိမှာပေါ့"

"ကဲကွာ"

'ဖုန်း'

ဒီကောင် ဖျတ်ခနဲ လှုပ်ရှားလိုက်တာသိလို့ ရှောင်လိုက်ပေမယ့် ဒီကောင့်လက်သီးက ကျွန်တော့်ပခုံးစွန်းကို ထိပြီး ထိုင်ခုံပေါ်က နောက်လန်သွားတယ်။ ကျွန်တော့်အသားကို ထိလာလို့ ဒေါသက ထိန်းမရတော့ဘူး။

အသားတွေ တဆတ်ဆတ် တုန်လာတယ်။ မျက်စိထဲ ဘာမှကို မမြင်တော့ဘူး။

'ဝုန်း'

"ဟာ"

"ဟေ့ကောင် ညီလတ် ... လွှန်မယ်"

၁။ စားပွဲပေါ်က ရေနွေးကြမ်းအိုးကြီး လိမ့်ကျသွားတယ်။

၂။ ဆိုင်ထဲမှာ ဝရုန်းသုန်းကား ဖြစ်သွားတယ်။

၃။ လူတွေ ဝိုင်းအုံလာကြတယ်။

၄။ ကျွန်တော့်လက်သီးဟာ သူ့တာဝန် သူထမ်းဆောင်လိုက်တယ်။

ဒီကောင့်နှာခေါင်းထိပ်မှာ သွေးတွေရဲပြီး ဖင်ထိုင်လဲကျသွားချိန်မှာတော့ ကျွန်တော့်ကို ဖိုးချိုနဲ့ညီညီနိုင်က ဆွဲထားကြပြီ။

စိုးနိုင် မျက်နှာကို လက်နဲ့အုပ်ပြီး လူးလဲထလာတယ်။ ခံပြင်း





ဟန်တွေနဲ့ ကျွန်တော့်ကိုကြည့်ပြီး ...

"မင်း ... မင်း ငါနဲ့တွေ့မယ် ဟေ့ကောင်"

ပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်။ ရပါတယ်။ ဘယ်လို အနေအထားပဲဖြစ်ဖြစ် ကျွန်တော်မကြောက်ပါဘူး။ ကျွန်တော်က မိုးဖြူနဲ့ပတ်သက်ရင် အမြဲ သွေးဆူနေတဲ့ကောင်ပါ။

ဒါပေမဲ့ ...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၉ )

ကျွန်တော်ထင်တဲ့အတိုင်းပဲ ...။ နောက်နေ့ ကျောင်းတက်တော့ မုန့်စားကျောင်းဆင်းချိန်မှာ မိုးဖြူ ကျွန်တော်တို့ဆီကို ရောက်လာတယ်။ မျက်နှာပေါ်မှာတော့ ဘာအရိပ်အယောင်မှ ရှိမနေဘူး။

ကျွန်တော့်ကို စိုက်ကြည့်ပြီး ...

"ညီလတ် ... နင်နဲ့ငါ စကားပြောစရာရှိလို့ ...ခဏ"

ပြောပြီး ရှေ့က လှည့်ထွက်သွားတယ်။ ညီညီနိုင်က ကျွန်တော့်ကို လက်တို့ပြီး မျက်ခုံးပင့်ပြတယ်။ ဘယ်လိုလုပ်မလဲပေါ့။ ဒီကိစ္စဟာ ဟိုကောင်စိုးနိုင်နဲ့ ရန်ဖြစ်တဲ့ကိစ္စပဲဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ပခုံးကို အသာတွန့်ပြရင်း မိုးဖြူနောက်က လိုက်သွားလိုက်တယ်။

အခန်းအပြင်ဘက် ကော်ရစ်တာမှာ ရပ်စောင့်နေတဲ့ မိုးဖြူက ကျွန်တော်လည်း အနားရောက်ရော သက်ပြင်းကြမ်းကြမ်းချသံကို အရင်ကြားလိုက်ရပါတယ်။ ပြီး ...

"နင်တို့ ဘယ်လိုဖြစ်ကြတာလဲ ညီလတ်"



"ဒီလိုပါပဲ ...ရန်ဖြစ်တာပေါ့"

"နင် အဲဒီလိုမပြောနဲ့ ညီလတ်၊ ခုကိစ္စက ငါနဲ့ပတ်သက်ပြီး ဖြစ်တာ၊ နင်တို့က ငါ့အကြောင်း မကောင်းပြောနေကြတာဆို"

စိုးနိုင် မိန်းမလို့မိန်းမရနဲ့ မိုးဖြူကို ပြောထားပြီထင်တယ်။ ဒါနဲ့ပဲ ကျွန်တော်က ...

"နင်ကကော တစ်ဖက်သတ်စကားတွေ ယုံကြည်တာပဲလား ... ပြောပါဦး"

မိုးဖြူမျက်နှာဟာ တွေခနဲ ဖြစ်သွားတယ်။ ကျွန်တော်က ဆက်ပြောလိုက်ပါတယ်။

"ငါတို့ နင့်အကြောင်းပြောနေမိတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ နင့်ကို စော်ကားတဲ့စကား၊ နင့်ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့သဘောတွေ မပါဘူး၊ သူ့ဟာသူ နင်က သူရည်ရွယ်ထားတဲ့သူဆိုပြီး ရန်လာရှာတာ၊ ပြီးတော့ သူစထိုးလို့ ငါပြန်ထိုးတာပဲ"

ခေါင်းကလေး ခါယမ်းပြီး မိုးဖြူ ပြန်ပြောလာတယ်။

"အဲဒါတွေ ငါမသိချင်ဘူးဟာ၊ ငါနဲ့ပတ်သက်ပြီး နင်တို့ ရန်မဖြစ်စေချင်ဘူး၊ ငါလည်း သိက္ခာကျတယ်၊ ဖြစ်တာက အပြင်မှာ ကြောင့်သာပေါ့၊ နောက်ထပ် မဖြစ်ပါနဲ့ညီလတ်ရယ် ...နော်"

"ငါကလည်း မဖြစ်ချင်ပါဘူးဟာ၊ သူကမှ နင့်ကို ပိုင်စိုးပိုင်နင်း ပြောလာတာလေ၊ ဒါနဲ့ နင်နဲ့စိုးနိုင်တို့အကြောင်း ငါ သိထားတာက ..."

"ဟုတ်တယ်ညီလတ် ...သူက ငါ့ကိုပြောထားတယ် ဒါလည်း ဒီအချိန်မှာ ဒါတွေ စိတ်မဝင်စားဘူး၊ [illegible] တော့ တစ်မျိုးပေါ့လို့ မယုတ်မလွန် ပြောထားတယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုက အဝင်အထွက်ရှိနေတော့လေ''

ရှင်းပြနေတဲ့ မိုးဖြူပုံစံလေးကို ကြည့်ပြီး ကျွန်တော့်ရင်တွေ ဆို့ကျဉ်လာတယ်။ စိတ်ကို အတည်ငြိမ်ဆုံးစုစည်းပြီး လှိုက်လှိုက်ခါခါ ကျွန်တော် ပြောလိုက်မိတယ်။

''မိုးဖြူ''

''ဘာလဲ''

''ငါ့ရော နင့်ကို ပြောခွင့်ရှိလားဟင်''

မျက်ဝန်းနက်နက်ကလေးနဲ့ အလန့်တကြား ကြည့်လာတယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ အကြည့်တွေဟာ လေထဲမှာ ဝတ်မှုန်ကူးလို့။ တစ်စက္ကန့် ...၊ နှစ်စက္ကန့် ...၊ သုံးစက္ကန့် ...။ မိုးဖြူ မျက်လွှာလေးချပြီး ခေါင်းလေးငုံ့သွားလေရဲ့။

''ပြောလေ မိုးဖြူ ... နင့်ကို ငါ ...''

''ခဏလေး ခဏလေး ညီလတ် ... နင်ပြောမှာကို ငါ ထားလို့မရပါဘူးဟာ၊ ဒါပေမဲ့ နင့်ကိုယ်နင်လည်း အသေအချာ ပြန်မေးကြည့်ပါဦး၊ ငါ့အပေါ် ထားတဲ့စိတ်ဟာ စိုးနိုင်အပေါ် မခံချင်စိတ်တွေနဲ့များ ရောထွေးနေလားလို့ပါ၊ ပြီးတော့ စာမေးပွဲအောင်အောင် ကြိုးစားပါ ညီလတ်ရယ်၊ နင်ပေးထားတဲ့ အုန်းလက်နွားလေးကို ငါ ခုထိ သိမ်းထားပါတယ်''

ပြောပြီး ကျွန်တော့်ရှေ့က ချာခနဲ လှည့်ထွက်သွားတော့တယ်။ ကျွန်တော် မတားမိဘူး။ လှမ်းမခေါ်မိဘူး။ မိုးဖြူ ကျွန်တော့်ကို နားလည်သွားတာလား၊ အားပေးသွားတာလား။ အဓိပ္ပာယ်တွေဟာ ဝေဝေဝါးဝါးနဲ့ ကျွန်တော့်စိတ်တွေ မွန်းဝေလာတော့တယ်။

ကျွန်တော် သူ့ကို တကယ်ချစ်ပါတယ်၊ ကောင်းကင်ကို ကိုင်း





ညွတ်ခစားချင်တဲ့ သက်တံတစ်ခုလိုမျိုး၊ လှို့ဝှက်လှပတဲ့ ကဗျာတစ်ပုဒ်ကို ချစ်သလိုမျိုး ကျွန်တော့်နှလုံးသားရဲ့ ထောင့်ပေါင်းစုံကနေ ချစ်ပါတယ်။

ပြီးတော့ ... ကျွန်တော့်မျက်လုံးထဲက ကျောက်စာပေစာ၊ မဟုတ်တဲ့ အက္ခရာတွေကို မိုးဖြူ ဖတ်မိသွားမှာပါ။

နောက်ဆုံး ...

စာမေးပွဲပြေပြီးတဲ့အထိ မိုးဖြူ စိတ်အနှောင့်အယှက်ဖြစ်စရာ လုပ်ရပ်မျိုး ကျွန်တော် မလုပ်တော့ဘူးလို့ ဆုံးဖြတ်မိပါတော့တယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

နောက်ပိုင်းရက်တွေမှာ မိုးဖြူနဲ့ကျွန်တော် မေးထူးခေါ်ပြောရှိကလွဲလို့ စကားတွေအများကြီး မပြောဖြစ်ခဲ့ကြပါဘူး။ တစ်ခါတလေ ကျွန်တော့်ရဲ့ ရီဝေဝေအကြည့်တွေနဲ့ ဆုံလိုက်တိုင်း မိုးဖြူ ပြုံးရင်း မျက်လွှာချသွားလေ့ရှိတယ်။ စာမေးပွဲက နီးကပ်လာပြီဆိုတော့ တချို့ကိစ္စတွေကို အတင်းမေ့ပြီး ကျောင်းစာကိုပဲ ဂရုစိုက်နေရတော့တာပေါ့။

ဒီကြားထဲ မိုးဖြူနဲ့ အမှတ်တမဲ့ဆုံလိုက်တိုင်း ပြောလာတဲ့စကားကတော့ စာတွေပိုင်နေပြီလားဆိုတဲ့ စကားပါပဲ။ သူမေးတိုင်း ကျွန်တော် ရယ်ပြမိတာကလည်း အခါခါပါ။

ဒီလိုနဲ့ စာမေးပွဲကြီးဖြေဖို့ နှစ်ပတ်လောက်အလို ရောက်လာတော့ ကျွန်တော်တို့ကျောင်းမှာ နှစ်စဉ်လုပ်လေ့ရှိတဲ့ ဆရာကန်တော့ပွဲနဲ့ နှုတ်ဆက်ပွဲလုပ်မယ့်နေ့ ရောက်လာတယ်။

ကျောင်းသူကျောင်းသားတွေဆီက အလှူငွေကောက်ခံပြီး အဲဒီ





ငွေနဲ့ပဲ ကန်တော့ပွဲနေ့မှာ ဒံပေါက်၊ အုန်းထမင်း ဒါမှမဟုတ် မုန့်ဟင်းခါး တစ်ခုခု ပြန်ကျွေးပါတယ်။ လာသမျှ ကျောင်းသူကျောင်းသားတွေကို ကျွေးတာမျိုးပေါ့။

အခု ဒီနှစ်ကျွေးမှာက မုန့်ဟင်းခါးပါ။ ဒံပေါက်တို့ ဘာတို့ဆိုရင် အော်ဒါမှာလိုက်လို့ ရပေမယ့် မုန့်ဟင်းခါးကျတော့ ကျောင်းက ဆရာ,ဆရာမတွေ လက်စွမ်းပြကြတာပေါ့။ မနက်ဖြန် ကန်တော့ပွဲဆိုရင် ဒီနေ့ညကပဲ ကျောင်းမှာ ချက်ပြုတ်ရပြီ။ ညနေကျောင်းဆင်းတော့ မိုးဖြူနဲ့ အခန်းဝမှာဆုံလို့ မေးလိုက်ပါသေးတယ်။

"မိုးဖြူ . . . နင် မနက်ဖြန်လာမှာလား"

"လာမှာပေါ့၊ မနက်ဖြန် တစ်ရက်ပြီးရင် ကျောင်းက ပိတ်ထားတော့မှာလေ၊ နင်ကော"

"ငါလား . . . ငါတို့က ဒီလိုညမျိုးဆို ကျောင်းနားကိုလာပြီး ဂစ်တာတွေ,ဘာတွေ တီးကြတာ၊ စာမေးပွဲဖြေရတော့မယ်ဆိုတော့ ဦးနှောက်ဆေးတာပေါ့ဟာ"

မိုးဖြူက ပြုံးပြီး . . .

"ညဉ့်နက်အောင်လည်း လုပ်မနေနဲ့ဦး၊ တစ်ရက်ဆိုလည်း တစ်ရက် စာကျက်ပျက်တာပဲ"

"ဘာလဲ . . . စိုးရိမ်လို့လား"

"အောင်မာ . . . ဘာလို့ စိုးရိမ်ရမှာလဲ"

"ငါ စာမေးပွဲကျမှာကိုလေ"

မျက်စောင်းလေးထိုးပြီး မိုးဖြူ လှည့်ထွက်သွားပါတယ်။ ကျွန်တော့်အတွက်တော့ မရိုးနိုင်တဲ့ ပီတိမြားချက်တွေလိုပါပဲ။

ညနေပိုင်း ထမင်းစားသောက်ပြီးတော့ စက်ဘီးယူပြီး လာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။ ကျွန်တော်ရောက်တော့ လူတောင်စုံနေကြပြီ။ မနှစ်တုန်းက ဒီလိုညမှာတော့ အတော့်ကို ပျော်ခဲ့ရတာ။ ကျွန်တော်တို့အဖွဲ့အပြင် (C) ခန်းက မြတ်ကျော်၊ နှစ်ကျအခန်းက တင်အောင်မိုးတို့ပါ ရောက်နေကြတယ်။

ထိုင်ရင်း ညကိုးနာရီလောက်ကျတော့ ဖိုးဇော်က သူ့အစ်ကို ဂစ်တာ သွားယူတယ်။ ပြီးတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး ကျောင်းနားကို ထွက်ခဲ့ကြတယ်။ ကျောင်းနဲ့ မလှမ်းမကမ်းမှာက တံတားရှည်တချို့ ရှိတယ်လေ၊ အဲဒီတံတားပေါ်မှာ ဂစ်တာတီး၊ သီချင်းဆိုကြပေါ့။ နောက်နေ့ကစပြီး စာမေးပွဲကြီးပြီးတဲ့အထိ စာတွေ ခေါင်းမဖော်နိုင်အောင် ကျက်ရတော့မှာကိုး။

ဂစ်တာတီးရင်း ကျွန်တော်တို့စိတ်တွေဟာ ပေါ့ပေါ့ပါးပါး ပျံ့လွင့်နေကြတယ်။ အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် နားလည်နေကြသလိုပဲ။ တင်အောင်မိုး တီးနေတဲ့၊ ကျွန်တော်တို့တွေ ဝိုင်းဆိုလိုက်ကြတဲ့ "အင်းယားဆောင်သူလေးရေ" ဆိုတဲ့အသံဟာ ကျွန်တော်တို့ မျှော်လင့်နေကြတဲ့ တက္ကသိုလ်ကျောင်းသားဘဝကို ပိုပြီး တမ်းတမှုဖြစ်စေတယ်။ သီချင်းဆုံးတော့ မြတ်ကျော်က ...

"ဟော့ကောင်တွေ ရေငတ်တယ်ကွ၊ ကျောင်းဝင်းထဲမှာ အုန်းသီး ဝင်ခူးပြီး အုန်းရည်သောက်ရအောင်"

"ဟုတ်တယ်၊ အဲဒါ အကောင်းဆုံးအစီအစဉ်ပဲ"

ဖိုးဇော်ရဲ့ထောက်ခံသံအဆုံးမှာ ကျွန်တော် ကပျာကယာ ဝင်တားလိုက်မိတယ်။

"ဟာ ... မလုပ်ကြပါနဲ့ကွာ၊ မနှစ်ကတောင် ငါတို့ရပ်ကွက်က အလှူအတွက် ဝင်ခူးမိတာ ငါ့မှာ ရုံးခန်းရောက်ရသေးတယ်"





ကျွန်တော့်စကားကို ဟန်လင်းဦးက စပြီး ငြင်းဆန်လာတယ်။

"ထားစမ်းပါကွာ၊ ရောက်တော့လည်း ရောက်ပေါ့၊ ခုဟာက အပျော်ပဲဟာကို"

ဖိုးဇော်ကလည်း ...

"အေးလေ ... ဘာဖြစ်လဲ၊ ခေါ်ခံရလည်း အတူတူပေါ့ကွာ၊ ဒီကိစ္စလောက် အပြစ်ကြီးကြီးမားမားလည်း မဟုတ်ပါဘူး"

ကျွန်တော် ဘာပြန်ပြောရဦးမှာလဲ၊ စဉ်းစားနေတုန်းမှာပဲ မြတ်ကျော်က ဆူအောင့်အောင့်နဲ့။

"မင်း မလိုက်ချင်ရင် နေခဲ့ကွာ ညီလတ်၊ သူငယ်ချင်းတွေ အားလုံး ပျော်ရမယ့်ကိစ္စကို မင်း ဒီလောက် အဖြစ်သည်းမနေနဲ့"

ဒီကောင့်စကားသံကြောင့် အကဲခတ်ကြည့်လိုက်တော့ အားလုံးက တက်ကြွနေကြပြီ။ ကျွန်တော်လည်း စွတ်မှိတ်ပြီး ပြန်ပြောလိုက်တော့တယ်။

"မင်းတို့ဆန္ဒဟာ ငါ့ဆန္ဒပဲကွာ၊ ငါတို့ရဲ့ပျော်စရာအချိန်လေးတွေကို အမှတ်တရ ပျော်ပျော်ရွှင်ရွှင် ကုန်ဆုံးချင်တယ်၊ ကဲ ... အားလုံးဆန္ဒအတိုင်းပဲနော်၊ ဘယ်လိုလဲ"

အားလုံးရဲ့အသံတွေက ဟေးခနဲ ညံ့ထွက်လာတယ်။ တစ်သားတည်းဖြစ်ပြီး ကျွန်တော်လည်း ပျော်ရွှင်သွားတာ အမှန်ပဲ။

ဒါပေမဲ့ ပျော်ရွှင်ဆူညံနေတဲ့အသံတွေကြောင့် ...

"ဟော့ကောင်တွေ ... ခပ်တိုးတိုး၊ ကျောင်းဝင်းထဲဝင်မယ်ဆိုရင် အော်ဟစ်မနေနဲ့"

အားလုံးတိတ်ဆိတ်သွားကြတယ်။ မသိရင် စစ်ကားထဲက ကိုမန်ဒိုရဲ့ခြေလှမ်းတွေလို တစ်လှမ်းချင်းနဲ့ပေါ့။ ကျောင်းခြံစည်းရိုးနား



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ညီညီနိုင်က လေသံတိုးတိုးနဲ့ ကပ်ပြောလာတယ်။

"ခြံထဲကိုတော့ ကျော်ဝင်ရမှာပဲကွ၊ ခက်တာက ညီလတ် စက်ဘီးနဲ့ ဖိုးဇော်ကြီးဂစ်တာပဲ ... အပြင်မှာ ထားခဲ့မှာလား"

"ဟာ ... မလုပ်နဲ့၊ စက်ဘီး အပြင်မှာထားခဲ့တော့ တော်ကြာ သူများ မ,သွားဦးမယ်"

ဖိုးချိုက ဝင်တားလိုက်တော့ ဖိုးဇော်ကပါ သူ့ဂစ်တာကိုကိုင်ပြီး

"အေး ... ငါလည်း ဂစ်တာမထားခဲ့နိုင်ဘူး"

ဒီလိုနဲ့ ကျောင်းခြံဝန်းထဲကို သုံးယောက်လောက် ကျော်ဝင်ပြီးချိန်မှာတော့ ဒီဘက်က စက်ဘီးနဲ့ ဂစ်တာကိုမ,ပြီး ခြံစည်းရိုးပေါ်ကနေ ကျော်ပေးလိုက်တယ်။

သုံးလေးမိနစ်လောက်အကြာမှာတော့ ကျွန်တော်တို့အားလုံး ကျောင်းဝန်းထဲကို ရောက်နေကြပါပြီ။ ဒီလိုညမျိုးမှာ အုန်းသီး ဝင်ခိုးတယ်ဆိုတာကလည်း အတော်လေး ရင်ခုန်ဖို့ကောင်းပါတယ်။ ကျောင်းဝန်းထဲမှာက ကျောင်းစောင့် ကိုလှိုင်ဝင်းတွန်းရယ်၊ မနက်ဖြန်အတွက် မုန့်ဟင်းခါးချက်နေတဲ့ ဆရာတွေလည်း ရှိတယ်မဟုတ်လား။

အုန်းသီးမရူးခင်မှာ မြတ်ကျော်က ကျွန်တော့်စက်ဘီးနဲ့ ဂစ်တာ ကို စာသင်ခန်းတစ်ခုထဲမှာ ခဏဝင်ထားဖို့ အကြံပေးတယ်။ စက်ဘီး ကို ဒီအတိုင်း တွန်းသွားနေရင်လည်း အသံမြည်နေမှာမို့ စက်ဘီးကို အသာမပြီး ဖိုးဇော်နဲ့ ကျွန်တော် သော့မခတ်ထားတဲ့ စာသင်ခန်းတစ်ခု မှာ သွားထားလိုက်တယ်။

ကျောင်းရဲ့တစ်ဖက်မှာ မီးရောင်သဲ့သဲ့နဲ့အတူ ဆရာတွေကို လှမ်းမြင်နေရလို့ ဒီဘက်အခြမ်းက အုန်းပင်တွေကို ရွေးချယ်လိုက်တာပေါ့။ အုန်းပင်တက်မှာက ဟန်လင်းဦး။ ဒီကောင်က





တောသားဆိုတော့ ကျွမ်းတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့အားလုံး ကွန်မန်ဒိုတွေလို အုန်းပင် အနားကို ကပ်လိုက်ကြတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးဟာ တိတ်ဆိတ်လို့။ လရိပ်ကလည်း ဟိုတစ်ကွက် ဒီတစ်ကွက် အပြောက်ခတ်ပြီး ကျနေရဲ့။ အဲဒီအချိန်မှာပဲ–

ဓာတ်မီးအလင်းရောင်တစ်ခုဟာ လက်ခနဲ ကျွန်တော်တို့ဘက် ရောက်လာပြီး ...

"ဟေ့ ... ဘယ်သူတွေလဲကွ"

"ဟာ ... ဆရာလား မသိဘူး"

"ပြေး ... ပြေးကြတော့"

ဘယ်သူမှ မဖြေနိုင်ဘဲ အားလုံး ဖရိုဖရဲနဲ့ ထွက်ပြေးကြပြီပေါ့။ နောက်က လိုက်လာကြတဲ့ ခြေသံတွေလည်း ကြားနေရပြီ။ ဓာတ်မီးတွေကလည်း လင်းခနဲ လင်းခနဲ။ ကျောင်းထဲ သူခိုးဝင်ပြီလို့ ထင်သွားကြလား မသိပါဘူး။

ဘာပဲဖြစ်ဖြစ် အဲဒီအချိန်မှာ ကျွန်တော် ဖျတ်ခနဲ သတိရလိုက်တာက ကျွန်တော့်စက်ဘီးကိုပဲ။ အဲဒါ ကျန်ခဲ့ရင်တော့ ကျွန်တော်နဲ့ အပေါင်းအပါတွေဆိုတာ သိသွားမှာ အသေအချာပဲ။ ကျွန်တော့် စက်ဘီးကို တစ်ကျောင်းလုံးက သိကြတာ။ ဟိုကောင့်ဂစ်တာက သိပ်ပြဿနာမရှိဘူး။

ကျွန်တော်လည်း ကော်ရစ်တာပေါ်တက်ပြေးပြီး စက်ဘီးထားခဲ့တဲ့ အခန်းဘက် ပြေးလာခဲ့တယ်။ စိတ်ထဲမှာလည်း ဗလောင်ဆူနေပြီ။ ကျောင်းဝန်းထဲမှာလည်း ပြေးသံလိုက်သံတွေ ကြားနေကြတယ်။ အခန်းရှေ့ရောက်တာနဲ့ တံခါးကိုတွန်းဖွင့်ပြီး စက်ဘီးကို အမြန်တွန်းထုတ်လိုက်တယ်။ ဖြစ်ချင်တော့ အခန်းထဲကအတွက်မှာ တံခါးက ဆောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နှိုးခဲ့ ပြန်နိုင်ခဲ့လာတယ်။ ကျွန်တော် တွန်းထုတ်လာတဲ့စက်ဘီးဟာ လည်း တံခါးနဲ့တိုက်မိပြီး လဲကျသွားပြန်ရော။

စက်ဘီးကို ပြန်ထူမလို့ လုပ်နေတုန်းမှာပဲ ကော်ရစ်တာပေါ်က ပြေးလိုက်လာသံတွေ ကြားရလို့ စက်ဘီးပြန်မယူတော့ဘဲ အခန်းထဲကထွက်ပြီး အပြင်ကို ထွက်ပြေးထွက်လိုက်တယ်။

"ဟော့ကောင် ... မပြေးနဲ့"

အဲဒီအသံနဲ့အတူ လက်မောင်းကိုလှမ်းဆွဲလိုက်တဲ့ အထိအတွေ့ကြောင့် ကျွန်တော် ရှန်းထွက်ရင်း ကြောက်စိတ်နဲ့ ပြန်တွန်းပစ်လိုက်မိတယ်။

'ဘုတ်'

"အင့်"

နောက်ကလူ ဟန်ချက်ပျက်ပြီး လဲကျသွားသလို အသံသဲ့သဲ့ကြားလိုက်ရပေမယ့်လည်း ကျွန်တော် ဘာမှ မစဉ်းစားနိုင်တော့ဘူး။ ပြေးလာပြီး ခြံစည်းရိုးကျော်တက်၊ ကျောင်းခြံအပြင်ရောက်တော့ တစ်ကိုယ်လုံး ချွေးတွေက ရွှဲနစ်နေပြီ။

ဟိုကောင်တွေလည်း ဘယ်ကောင်လွတ်ပြီး ဘယ်ကောင်တွေမိသွားလဲတော့ မသိဘူး။ အပြင်ရောက်တော့ တစ်ကောင်မှ အစအနရှာမတွေ့တာနဲ့ အိမ်ပဲပြန်လာခဲ့တော့တယ်။

စက်ဘီးကျန်ခဲ့တာကြောင့် နောက်နေ့ ရှင်းရတော့မယ်ဆိုတာ စဉ်းစားရင်း လေပူကြီးပဲ မှုတ်ထုတ်မိတော့တယ်။ ဘာတတ်နိုင်တော့မှာလဲ။

❖ ❖ ❖



( ၂၁ )

နောက်နေ့ ကျောင်းကိုလာရတာ ရင်တဒိတ်ဒိတ်နဲ့ပါ။ ကျောင်းကိုရောက်ရောက်ချင်း မနေ့ညက ကျွန်တော်တို့အဖွဲ့ဝင်တွေကို အရင်လိုက်ရှာလိုက်တယ်။ ဉာဏ်ထွန်းလင်းကလွဲပြီးတော့ အကုန်တွေ့ပါတယ်။ အဲဒီကောင်တော့ ကျွတ်ကျဲပြီး ကျောင်းကို မလာရဲတာလားမသိဘူး။

မနေ့က ကျွန်တော့်စက်ဘီး ကျန်ခဲ့တယ်ဆိုတာကို ပြောပြလိုက်တော့ အားလုံး စိတ်ပူသွားကြတယ်။ ဖိုးဇော်ကလည်း မျက်နှာအပျက်ပျက်နဲ့ ...

"ကျွတ်(စ်) ... အဲဒါမှ ကွိုင်ပဲကွာ၊ ငါ့ဂစ်တာက အကြောင်းမဟုတ်ဘူး ... မင်းစက်ဘီးကို တစ်ကျောင်းလုံးက သိကြတာ၊ လာကွာ ... အဲဒီအနားကို ခဏသွားကြည့်ရအောင်"

ကျွန်တော်တို့လည်း မနေ့ကအခန်းကို သွားကြည့်လိုက်ကြတယ်။ ထင်တဲ့အတိုင်းပါပဲ ...။ အခန်းထဲမှာ စက်ဘီးရော ဂစ်တာပါ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး။

အဲဒီတစ်မနက်လုံး ကျန်တဲ့ကျောင်းသူကျောင်းသားတွေ ပျော်နေကြပေမယ့် ကျွန်တော်တို့အဖွဲ့မှာ ဘာဖြစ်လာမလဲဆိုပြီး စိတ်ပူနေရတယ်။

ဆရာကန်တော့ပွဲက အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ အလှူအလှူ ပြန်နေကြတဲ့ ကျောင်းသားကျောင်းသူတွေကို ကြည့်ပြီး ကျွန်တော် တစ်ခုစဉ်းစားလိုက်တယ်။ အပြစ်ပေးခံရမယ့်အတူ ကျွန်တော်တို့က အရင်သွားပြီး ဝန်ခံလိုက်ရင် ကောင်းမလား ဆိုတဲ့ အတွေးပါ။

အားလုံးကို တိုင်ပင်ကြည့်တော့လည်း လက်ခံကြတာမို့ ကျွန်တော်တို့ ဆရာမကြီးရုံးခန်းဆီကို ထွက်လာခဲ့ကြတယ်။ အထဲရောက်တော့ ဉာဏ်ထွန်းလင်းကို မျက်နှာမသာမယာနဲ့ တွေ့လိုက်ရလို့ အားလုံး အံ့သြသွားကြတာပေါ့။

ကျွန်တော်က ဆရာမကြီးကို ကြည့်ပြီး ...

"ဆရာမကြီး ... မနေ့ညက ကျွန်တော်တို့ ..."

စကားမဆုံးခင်မှာဘဲ ဆရာမကြီးက ဖြတ်ပြီးပြောလာတယ်။

"အေး ... ငါ အားလုံး သိပြီးသွားပြီ၊ မင်းတို့ ဒါ လူအကုန်လား"

"ဟုတ်ကဲ့ပါ"

ကျွန်တော်တို့မျက်နှာတွေကို လိုက်ကြည့်ပြီး ဆရာမကြီး အတော်ကြာအောင် စဉ်းစားနေတယ်။

ပြီးမှ ကျွန်တော့်ကို စိုက်ကြည့်ရင်း ...

"စက်ဘီးက မင်းစက်ဘီးနော် မောင်ညီလတ်"





"ဟုတ်ကဲ့"

"မနေ့ညက မင်းတို့ ထွက်ပြေးကြတော့ မင်း အခန်းထဲက စက်ဘီးကို သွားပြန်ယူသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ယူပါတယ်၊ ဒါပေမဲ့ ကျွန်တော်နဲ့ ပါမသွားခဲ့ပါဘူး"

ဆရာမကြီးက ခေါင်းညိတ်ပြရင်း ...

"ကောင်းပြီ ... မင်းတို့ကတော့ အပျော်ဆိုပြီး လုပ်ကြတာပဲ၊ ဒါပေမဲ့ နောက်ဆက်တွဲ ဖြစ်သွားတာတွေက တော်တော်ဆိုးတယ်"

ကျွန်တော်တို့အားလုံး အထိတ်တလန့် ဖြစ်သွားကြတယ်။ ဘာတွေများ ဖြစ်သွားတာလဲပေါ့။

ဆရာမကြီးကပဲ ဆက်ပြောလာတယ်။

"မင်းတို့ကို ဘယ်လိုအပြစ်ပေးရမယ်ဆိုတာ မင်းတို့မိဘတွေနဲ့ ဒီက ဆရာ,ဆရာမတွေနဲ့ တိုင်ပင်မှ ဖြစ်မယ်၊ အဲဒါ မင်းတို့မိဘတွေကို မနက်ဖြန် ဆယ်နာရီ ကျောင်းကိုလာခိုင်းကြပါ၊ တချို့ဆရာ,ဆရာမတွေကတော့ ကျောင်းထုတ်လိုက်ဖို့အထိ စဉ်းစားထားကြတယ်။ အဓိက,ကတော့ မောင်ညီလတ်ပဲ"

"ဗျာ"

စိတ်ထဲမှာ ဒိန်းခနဲ ဖြစ်သွားရတယ်။ ကျွန်တော်က အဓိကဆိုပဲ။

"ဆရာ ... ဆရာမကြီး ... ကျွန်တော်က ဘာဖြစ်လို့ ..."

လက်ကာပြရင်း ဆရာမကြီးက ...

"မင်း စက်ဘီးထုတ်ရင်း ထွက်ပြေးတော့ လူတစ်ယောက်က လိုက်ဖမ်းတယ်၊ မင်းက ပြန်တွန်းခဲ့တယ်၊ သူ လဲကျပြီး ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ကျိုးသွားတယ်''

''ဗျာ ... လက်ကျိုးသွားတယ်''

''ဟုတ်တယ် မောင်ညီလတ် ... သူက ဆရာတစ်ယောက် မဟုတ်ဘူး၊ မင်းလိုပဲ နောက်နှစ်ပတ်မှာ စာမေးပွဲဖြေရမယ့် မောင်စိုးနိုင်ပဲ။ သူ စာမေးပွဲဖြေနိုင်တော့မှာ မဟုတ်ဘူး''

''ဗျာ''

❖ ❖ ❖

( ၂၂ )

နောက်ဆုံးတော့ ကျွန်တော်တို့မိဘတွေ သွားတောင်းပန်ကြလို့ ကျောင်းထုတ်ခံရတဲ့အထိတော့ မဖြစ်ခဲ့ပါဘူး။ စာမေးပွဲတော့ ဖြေခွင့်ရကြပါတယ်။ ကျွန်တော့်မှာ အိမ်က မိဘတွေရဲ့ ဆူပူမှုတွေရော၊ တခြားကျောင်းသားတွေရဲ့ အကြည့်ရိုင်းရိုင်းတွေကိုပါ ရင်ဆိုင်ခဲ့ရတယ်။

အဆိုးဆုံးက မိုးဖြူပဲ။ သူနဲ့ ကျွန်တော် တွေ့ချင်တယ်။ ကျွန်တော့်ကို အထင်လွဲသွားမှာကိုလည်း သိပ်ကြောက်တယ်။ ဖြစ်ချင်တော့ အဲဒီညက စိုးနိုင်တို့အုပ်စုကို ဆရာတွေက ကူညီပေးခိုင်းဖို့ ခေါ်ထားတာတဲ့။ ပြီးတော့ ကျွန်တော်တွန်းလိုက်လို့ လက်ကျိုးသွားတာဟာ စိုးနိုင်ဖြစ်နေတယ်။ သူ စာမေးပွဲဖြေလို့ မရတဲ့အဖြစ်ကို ကျွန်တော် တကယ်ပဲ စိတ်မကောင်းမိဘူး။

ကျွန်တော့်မိဘတွေကတော့ စိုးနိုင်တို့မိဘတွေကို သွားတောင်းပန်ပြီးပါပြီ။ သူတို့ကလည်း မတော်တဆဆိုပြီး ခွင့်လွှတ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင် စိုးနိုင်ကို တောင်းပန်ချင်တဲ့ ဆန္ဒကို

www.burmeseclassic.com

www.burmeseclassic.com



ညီညီနိုင်နဲ့အတူတူ ထွက်လာခဲ့ကြတယ်။

ဒါပေမဲ့ စိုးနိုင်က ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆိုလို့ အခန်းဝက လှည့်ပြန်ခဲ့ရတယ်။ ဆေးရုံကအထွက်မှာ မမျှော်လင့်ဘဲ မိုးဖြူနဲ့ သူ့အစ်မကို တွေ့လိုက်ရတယ်။

ကျွန်တော်က အနားသွားပြီး ...

"မိုးဖြူ ငါ ..."

မိုးဖြူရဲ့ တင်းမာခက်ထန်တဲ့ မျက်နှာပေးကြောင့် ကျွန်တော့်စကားဟာ ရပ်သွားရတယ်။ သူ့အကြည့်ထဲမှာ မီးညွန့်တွေ တွေ့လိုက်ရသလိုပဲ။ တစ်ခုခုတော့ မှားနေပြီ။

ကျွန်တော် ထပ်မပြောနိုင်ခင်မှာပဲ အေးအေးစက်စက် ပြောလာတယ်။

"ငါ နင်နဲ့မတွေ့ချင်ဘူး ညီလတ်၊ နင် သူ စာမေးပွဲမဖြေနိုင်အောင် တမင်လုပ်လိုက်တာ မဟုတ်လား"

"ဟာ ... မဟုတ်ဘူး မိုးဖြူ ငါ သူ့မှန်းတောင် သိတာမဟုတ်ဘူး"

"ဒါကတော့ နင့်အပြောလေ၊ နင်ပြောခဲ့သလို တစ်ဖက်သတ်ငါက ယုံကြည်ရမှာလား၊ နင် အဲဒီလောက်ထိတော့ မလုပ်သင့်ဘူးဟာ၊ မတော်တဆဆိုတဲ့စကားဟာ လူတစ်ယောက် ဒီလောက် ထိခိုက်သွားတာနဲ့ ကျေနပ်လိုက်ရမှာလား၊ တော်ပြီညီလတ် ... နင် ဘာမှ မပြောနဲ့တော့၊ နင့်ကို ငါမုန်းတယ်"

တစ်ချောင်းပြီးတစ်ချောင်း ရင်ထဲလာစိုက်တဲ့ မြားတွေလို စကားလုံးတွေနဲ့ ပစ်ခွင်းပြီး မိုးဖြူ လှည့်ထွက်သွားပါတယ်။

ကျွန်တော် ဘာလုပ်ပေးရမှာလဲ။ သူ လက်မခံနိုင်တာကို





လိုက်ရှင်းပြနေရဦးမှာလား။ ကျွန်တော့်ကြောင့်ဆိုပေမယ့် ဘယ်သူဆိုပြီး ထိခိုက်အောင် မလုပ်ခဲ့တာ ကိုယ့်ဟာကိုယ် အသိဆုံးပါ။ ခုတော့ မိုးဖြူ အထင်လွဲသွားခဲ့ပြီ။ စာမေးပွဲအောင်ရင် စဉ်းစားပေးမယ်ဆိုတဲ့ စကားနဲ့ပတ်သက်ပြီး ကျွန်တော် စိုးနိုင်ကို တမင်လုပ်လိုက်တယ်လို့ ထင်သွားတာ သေချာလောက်ပါတယ်။

ခုလည်း ကျွန်တော့်ကို မုန်းတယ် ...တဲ့လေ။

ကျွန်တော် ငူငူကြီး ရပ်နေမိသေးတယ်။ ညီညီနိုင်က ကျွန်တော့်ပခုံးကို လာဖျစ်ညှစ်ပြီး ...

"သွားရအောင် ညီလတ်၊ နောက်တော့လည်း မိုးဖြူ အမှန်ကို သိသွားမှာပါကွာ ...စိတ်မကောင်း ဖြစ်မနေပါနဲ့တော့"

ဟုတ်ပါတယ်။ နောက်ဆုံး အဖြစ်မှန်ကို သိသွားခဲ့ရင်တောင်မှ မိုးဖြူနဲ့ပတ်သက်ပြီး ကျွန်တော့်နှလုံးသား စုံလုံးကန်းခဲ့ရပြီဆိုတာပါ ကျွန်တော် နားလည်လိုက်ပါတယ်။

ကျွန်တော်ဟာ ချစ်တယ်လို့ မပြောလိုက်ရဘဲ အမုန်းခံခဲ့ရတဲ့ စုန်းပြူးတစ်ကောင်ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၃ )

ခုတော့ စာမေးပွဲကြီးလည်း ပြီးသွားခဲ့ပါပြီ။ ကျွန်တော် ရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့်လည်း မိုးဖြူက လက်မခံခဲ့ပါဘူး။ ကျွန်တော်နဲ့ကို အတွေ့မခံတာပါ။ လက် ပြန်ကောင်းသွားပြီဖြစ်တဲ့ စိုးနိုင်နဲ့တော့ ကွဲသွားတဲ့လာရှိတယ်လို့တော့ ကြားပါတယ်။ ကျွန်တော် မိုးဖြူနဲ့ပတ်သက်ပြီး မမျှော်လင့်ရဲတော့ပါဘူး။

တစ်ရက်တော့ မိုးမိုးလှိုင်က လာပြောတယ် ...။ မိုးဖြူ ကုန် ပြန်နေတော့မှာမို့လို့ သူငယ်ချင်းတွေနဲ့ နှုတ်ဆက်ပွဲလေး လုပ်မယ်တဲ့။ အားလုံးကို ဖိတ်တယ်ဆိုလို့ ကျွန်တော့်ကို လာခဲ့ဖို့ လာပြောတာပါ။ ကျွန်တော် ဘာမှ အဖြေမပေးလိုက်မိဘူး။

ဒါပေမဲ့ ကျွန်တော် သူ့ကို တွေ့ချင်သေးတယ်။ နောက်ဆုံး အကြိမ်ပဲဖြစ်ဖြစ် သူ့မျက်နှာလေးကို လွမ်းတနင့်နင့် ငေးစွဲချင်သေး တယ်။ မပြောလိုက်ရတဲ့စကားတွေ သူ့ဆီမှာ ထားခဲ့ချင်သေးတယ်။

ညနေပိုင်းရောက်တော့ သူတို့အိမ်ကို ကျွန်တော်ရောက်သွား





ခဲ့တယ်။ သူငယ်ချင်းတွေ တော်တော်များများလည်း ရှိနေကြတယ်။ ကျွန်တော်၊ မိုးဖြူနဲ့ စိုးနိုင်တို့အကြောင်းကို သိထားတဲ့သူတွေကတော့ တီးတိုးပြောကြလို့ပေါ့။

ကျွန်တော့်ကိုမြင်တာနဲ့ မိုးမိုးလှိုင်က လက်မောင်းဆွဲပြီး ...

"လာ ညီလတ် ... ငါတို့နဲ့ လာထိုင်"

ခြံထဲမှာ ချထားတဲ့ စားပွဲတစ်ခုမှာ ထိုင်ခိုင်းတယ်။ မိုးမိုးလှိုင် ကပဲ ...

"ဟိုမှာလေ မိုးဖြူ"

သူပြတဲ့နေရာကို ကျွန်တော် ကြည့်လိုက်မိတယ်။ မိုးဖြူ တစ်နေရာကို ငေးနေတယ်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်တဲ့အကြည့်နဲ့ ဆုံသွားတော့ အံ့ဩရိပ်လေး ဖြတ်ပြေးသွားတယ်။ ကျွန်တော် ကြည့်နေတုန်းမှာပဲ မျက်နှာကို ပြန်လွှဲသွားတော့တယ်။

ဩော် ... မိုးဖြူရယ်လို့ပဲ စိတ်ထဲ ညည်းမိတော့တယ်။

မိုးဖြူ သူ့အိမ်ထဲကို ပြန်ဝင်သွားတယ်။ ဆူညံပျော်ရွှင်နေကြတဲ့ ပတ်ဝန်းကျင်ဟာ ကျွန်တော်နဲ့ မဆိုင်သလိုပါပဲ။ ခဏနေတော့ သူ့အိမ်ထဲက စုဘူး ထွက်လာတယ်။ လက်ထဲမှာလည်း ပါဆယ်ဘူး တစ်ခုနဲ့။

စုဘူးက ကျွန်တော့်ရှေ့ကို လျှောက်လာပြီး မျက်နှာမကောင်း ဟန်လေးနဲ့ ပြောတယ်။

"ရော့ ညီလတ် ... နင့်ကို မိုးဖြူပြန်ပေးလိုက်တာ"

ကျွန်တော် ဖွင့်ကြည့်စရာမလိုပါဘူး။ အဲဒါ ကျွန်တော်ပေးခဲ့တဲ့ အနမ်းလက်နွားလေးပဲ ဖြစ်မှာ အသေအချာပါပဲ။

"ငါသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ထရပ်လိုက်တော့ မိုးမိုးလှိုင်က . . .

"ဟဲ့ . . . နေဦးလေ . . . အတူတူပြန်ကြတာပေါ့"

ခေါင်းအသာခါပြရင်း မိုးဖြူတို့အိမ်ဘက်ကို တစ်ချက် ကြည့်မိတယ်။ ကျွန်တော် လှမ်းတွေ့လိုက်ရတာကတော့ အိမ်ထဲက ထွက်လာတဲ့ မိုးဖြူနဲ့ စိုးနိုင်တို့ပါ။

ကျွန်တော် အိမ်ပြန်သင့်ပြီဆိုတာ နားလည်လိုက်ပါတယ်။

❖ ❖ ❖



## ငါး နှစ် ခန့် ကြာ သော် . . .

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၄ )

မနက်ဖြန် ကျောင်းသားဟောင်းတွေရဲ့ ဆရာကန်တော့ပွဲ ဆိုတဲ့အသိက ကျွန်တော့်ရင်ကို လှုပ်ရှားစေတာ အမှန်ပါ။ ဘယ်သူတွေက လာကြဦးမှာလဲ။ ကွဲကွာနေကြတဲ့ သူငယ်ချင်းတွေ ပြန်ဆုံရင်တော့ ပျော်စရာကောင်းမှာပဲ။

ရင်းနှီးတဲ့သူငယ်ချင်းတွေထဲကဆိုလို့ မြို့ပေါ်မှာ ကျွန်တော်ရယ်၊ ဖိုးဇော်ရယ်၊ စုဘူးရယ်ပဲ ရှိတာ။ ကျွန်တော်က အဝေးသင်နဲ့ ဘွဲ့ရပြီး မြို့ပေါ်မှာပဲ ကွန်ပျူတာဆိုင်လေး ဖွင့်ထားတယ်။ ဖိုးဇော်ကတော့ ဆယ်တန်းတောင် မအောင်ခဲ့ဘူး။ ဒါပေမဲ့ သူ့မိဘတွေရဲ့ ပွဲရုံကို ဦးစီးပြီး တော်တော်လေးကြီးပွားနေပါပြီ။ မိုးမိုးလှိုင်ကတော့ သဘော်သားတစ်ယောက်ကို ယူထားပြီး နိုင်ငံခြားရင်း ဇိမ်ကြနေပါတယ်။

ညီညီနိုင်လည်း ရန်ကုန်မှာ ပန်းထိမ်ဆရာလုပ်နေတယ် ဆိုပဲ။ ဖိုးချိုကလည်း ရန်ကုန်က ကုမ္ပဏီတစ်ခုမှာပါ။ ဉာဏ်ထွန်းလင်းနဲ့ ဟန်လင်းဦးကတော့ စစ်တပ်ထဲ ဝင်သွားတယ်။





စုဘူးတို့ ကေသီတို့လည်း နယ်အသီးသီးမှာ ရောက်နေကြတယ်။

သူတို့တွေအားလုံး အဲဒီနေ့မှာပြန်လာကြမယ်လို့ သတင်းရပြီးသားပါ။ မနေ့ကပဲ ညီညီနိုင်နဲ့ ဖိုးချိုတို့ ပြန်ရောက်ကြလို့ ကျွန်တော်နဲ့ ဖိုးဇော်တို့ကို လာခေါ်ပြီး ဘီယာသောက်ဖြစ်ကြသေးတယ်။

ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောနေရင်း ညီညီနိုင်က အမှတ်မထင်မေးလာတယ်။

"ဟေ့ကောင် . . . မိုးဖြူကော လာမှာတဲ့လား"

ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဒီမေးခွန်းကို ကျွန်တော့်ဟာကျွန်တော် တိတ်တိတ်ကလေး မေးနေခဲ့တာပါ။

ကျောင်းသားဟောင်းတွေ ဆရာကန်တော့ပွဲ ကျင်းပကြမယ် ဆိုတဲ့သတင်း ကြားကတည်းကပေါ့။

"မပြောတတ်ပါဘူးကွာ . . . သူက ဒီကျောင်းမှာ တစ်နှစ်ပဲ တက်ခဲ့တာကိုး"

"မင်းက မလာဘူးလို့ ထင်နေတာလား"

"မသိဘူးလေ"

မျက်နှာသေလေးနဲ့ ဖြေလိုက်တော့ ဖိုးချိုက ကြည့်ပြီး . .

"ညီလတ်ရာ . . . မင်း မိုးဖြူအကြောင်းတွေ ကျိတ်ပြီးစုံစမ်းနေတာ ငါတို့သိပါတယ်ကွ"

"ဘယ်လို"

ကျွန်တော် တော်တော်အံ့ဩသွားတယ်။ ကျန်ခဲ့တဲ့ ငါးနှစ်အတွင်း မိုးဖြူအကြောင်းတွေ စုံစမ်းနေခဲ့တာ ဒီကောင် ဘယ်လိုသိ

www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ။ ကျွန်တော်က တခြားလူတွေနဲ့တစ်ဆင့် စုံစမ်းတာပါ။ ဒါပေမဲ့ ဘာမှ ရေရေရာရာ မသိခဲ့ရဘူး။

"မင်းက ဘယ်လိုသိတာလဲ"

"ဩော် . . . ဝန်ခံပြီပေါ့ . . . ဟုတ်လား"

ရှက်ရှက်နဲ့ ဟီးခနဲ ရယ်ပြလိုက်လို့ ဖိုးချိုက ညီညီနိုင်ကို ပြုံးစိစိ လှမ်းကြည့်တယ်။ ကျွန်တော်လည်း မရှက်နိုင်တော့ဘဲ ပြောမိလိုက်ပါတယ်။

"သူ့ကို ငါ အရမ်းသတိရတယ်ကွာ၊ သူ ဘာတွေ ဖြစ်နေပြီလဲ, ဘာတွေလုပ်နေလဲဆိုတာလည်း သိချင်တယ်၊ အဲဒီနေ့မှာ ပြန်လာရင် သိပ်ကောင်းမှာပဲ"

"ပြန်လာပါပြီတဲ့ကွာ . . . ဒါပေမဲ့ ယောက်ျားရနေပြီဆိုရင် ဘယ်လိုလုပ်မလဲ"

"ဒါဆိုလည်း သူငယ်ချင်းပေါ့ကွာ"

မင်သေသေပြောလိုက်လို့ ညီညီနိုင်က မျက်ခုံးပင့်ပြီး . . .

"အဲ . . . မရသေးဘူးဆိုရင်ကော"

"ငါ သူ့ကို အုန်းလက်ခွာလေး ပြန်ပေးချင်တယ်"

ကျွန်တော် တကယ်လေးလေးနက်နက် ပြောလိုက်တာပါ။ တစ်ဝိုင်းလုံးဟာ တဒင် တိတ်ဆိတ်သွားကြတယ်။ မိုးဖြူအပေါ် ထားတဲ့ ကျွန်တော့်အချစ်တွေ မြူတစ်မှုန်မျှ မလျော့သေးဘူးဆိုတာ သူတို့ကို သိစေချင်ပါတယ်။ အနားလည်စေချင်ဆုံးလူကတော့ ကျွန်တော့်ရဲ့ ဘုရင်မလေး မိုးဖြူပဲ။

လွမ်းတယ် ကျောင်းတော်က ချစ်သူရယ်။

"အင်း . . . အဲဒီနေ့မှာတော့ စောင့်ကြည့်ရမှာပေါ့ကွာ"





ညီညီနိုင်နောက်ဆုံး ပြောလိုက်တဲ့စကားက ကျွန်တော့်အတွက် ပဟေဠိဆန်လွန်းပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၉ )

မလာခဲ့ဘူး ...။

သူ ... ရောက်မလာခဲ့ဘူး။

မိုးဖြူ ရောက်မလာခဲ့ပါဘူး။

ဆရာကန်တော့ပွဲဟာ ပြီးသွားခဲ့ပါပြီ။ ကျောင်းသားဟောင်းတွေလည်း တဖွဲဖွဲ ပြန်ကုန်ကြပြီ။ ကျွန်တော့်သူငယ်ချင်းတွေလည်း လူစုပြီး စားသောက်ဆိုင်တစ်ဆိုင်ကို သွားကြပါပြီ။ ကျွန်တော် ကျောင်းရှေ့က အုတ်ခုံလေးမှာ ထိုင်နေတုန်းပဲ။ တစ်ယောက်တည်း နေချင်သေးလို့ ပြီးမှ လိုက်ခဲ့မယ်ဆိုပြီး ကျန်နေခဲ့တာ။ အားလုံးက ကျွန်တော့်ကို နားလည်ကြပါတယ်။

နောက်ဆုံးတော့ ... ကျွန်တော်ရယ်၊ ကျောင်းကြီးရယ်ပဲ တိတ်တိတ်ဆိတ်ဆိတ် ကျန်နေခဲ့တယ်။

မဟုတ်သေးဘူး ...။

ကျွန်တော့်လက်ထဲက ဘူးထဲမှာ အုန်းလက်နွားလေး ရှိသေးတယ်။





ကိုယ်ဟာကိုယ်တွေးရင်း မချိပြုံး ပြုံးမိတယ်။ ကျွန်တော်ဟာ စိတ်ကူးများ ယဉ်လွန်းနေပြီလားမသိဘူးနော်။ တစ်နေရာမှာ ... ဒါမှမဟုတ် ရင်ခွင်တစ်ခုခုမှာ ချိုလွင်ငြိမ်းချမ်းနေတဲ့ မိုးဖြူက ကျွန်တော့်ကို သတိတောင်မှ ရနေမှာမဟုတ်ဘူး ထင်ပါရဲ့။ ကျောင်းက ဖိတ်စာရခဲ့ရင်တော့ စိတ်ကူးရိုင်းခဲ့တဲ့ ကောင်လေးတစ်ယောက်ဆိုပြီးတော့ နှင် ဖျတ်ခနဲ မှတ်မိလိုက်မှာပေါ့။

ဒါပါပဲ ...။

ဒါပါပဲကွယ် ...။

ကျောင်းတော်ကြီးကို တစ်ချက်လှည့်ကြည့်မိတယ်။ သက်ပြင်းကို ချရင်း အုန်းလက်နွားထည့်ထားတဲ့ ဘူးလေးကို အုတ်ခုံလေးပေါ်မှာ ချလိုက်တယ်။ သတိရစိတ်နဲ့ အိပ်မက်ကို ဒီအုန်းလက်နွားလေးနဲ့ပဲ ထားခဲ့ပါတော့မယ်။ မဖြစ်နိုင်တော့တဲ့ ဆင်ကန်းတောတိုးအိပ်မက်တွေ ကျွန်တော် မမက်ချင်တော့ပါဘူး။

ထိုင်နေရာက လေးလေးကန်ကန် ထရပ်လိုက်မိတယ်။ အဲဒီအချိန်မှာ အသံတစ်သံကြောင့် ကျွန်တော်ဟာ ကျောင်းစိမ်းကာလတွေဆီ ပြန်လည်ရောက်ရှိသွားလေရဲ့။

"အဲဒါကို မထားခဲ့နဲ့ ... ပိုင်ရှင်ရှိတယ်"

"ဟင် ... မိုးဖြူ"

အံ့ဩမှုတွေဟာ ဆွတ်ဆွတ်ဖြူသွားတော့တယ်။ ကျောင်းစိမ်းကောင်မလေး၊ ကျွန်တော့်ရဲ့ ကျောင်းတက်ဖော်လေး မိုးဖြူ ...ခုဒီ လှမ်းလှမ်းမှာ ရပ်နေတယ်။

ကျွန်တော့်အနားကို လျှောက်လာပြီး အုတ်ခုံ...

www.burmeseclassic.com

www.burmeseclassic.com



ဘူးကလေးကို ပြန်ယူလိုက်တယ်။ ပြီး ကျွန်တော့်ရှေ့မှာ ခေါင်းငုံ့ပြီး ရပ်နေတယ်။ ကျွန်တော် ...ကျွန်တော် ...

ကျွန်တော် တရှိုက်နင့်နင့် ကြည့်ရင်း ...

"မိုးဖြူ ... မိုးဖြူ ... နင် ရောက်လာတယ်နော်၊ ငါ တကယ် မယုံနိုင်ဘူးဟာ"

"ဒါဆိုလည်း မယုံနဲ့ပေါ့၊ ငါက ကိစ္စရှိလို့လာတာဟ"

"ဟင် ... ငါနဲ့တွေ့ရအောင် လာတာမဟုတ်ဘူးလား"

မိုးဖြူက မျက်စောင်းလဲ့လဲ့ထိုးတယ်။ ပြီး ...

"မဟုတ်ဘူး ... ဒီ အုန်းလက်နွှားလေး ပြန်လာယူတာ"

"ဘာလဲ ... ငါက စိုးနိုင်ကို တမင်လုပ်တာ မဟုတ်ဘူးဆိုတာရယ်၊ စိုးနိုင်က ဘယ်သန်မို့လို့ ဆေးရုံမှာ ဘယ်သူမှမသိအောင် စာမေးပွဲဖြေခဲ့တယ်ဆိုတာရယ်ကိုလား"

"ဟုတ်တယ် ... ငါ အစကတည်းက သိခဲ့တာပဲ"

"ဒါဆို ဘာဖြစ်လို့ ငါ့ကို အုန်းလက်နွှားလေး ပြန်ပေးခဲ့လဲ"

"မုန်းလို့"

အဲဒီစကားပြောလာတဲ့ သူ့မျက်နှာလေးဟာ ချိုရီနေပါတယ်။ ကျွန်တော်က ရယ်ပြီး ...

"မုန်းလို့ ... ဟုတ်လား၊ ငါ နင့်ကို ချစ်တယ်လို့တောင် မပြောရသေးဘူးနော် မိုးဖြူ"

"အောင်မာ ... ကောင်စုတ်နော် ...လုပ်လာပြီ"

ကျွန်တော်က အရယ်ရပ်ရင်း လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ငါလေ နင့်ကို အရမ်းချစ်တာပဲ မိုးဖြူရယ်"





မျက်ဝန်းလဲ့လဲ့ကလေးနဲ့ ကြည့်ပြီးမှ ခေါင်းလေးငုံ့သွားတဲ့ မိုးဖြူဆီက အသံတိုးတိုးလေး ထွက်လာတယ်။

"နင့်စိတ်ကို ငါသိချင်တာရယ်၊ ငါ့စိတ်ကို ငါသိနိုင်ဖို့ရယ် ဒီအချိန်ထိ စောင့်ခဲ့တာပါ ညီလတ်ရယ်၊ နင် ငါ့အကြောင်း စုံစမ်းနေတာ သိသလို ငါလည်း နင့်အကြောင်းတွေ စုံစမ်းနေခဲ့ပါတယ်"

"ဒါ ... ဒါဆို နင်က ..."

ရှက်ပြုံးလေးနဲ့ ခေါင်းမော့လာတဲ့ မိုးဖြူက ...

"သြော် ... ပိန်းလိုက်တာနော်၊ အုန်းလက်နွှားကလေးကို မထားခဲ့ဘူးဆိုမှပဲ"

"မိုးဖြူရယ်"

"အို"

လှိုက်လှိုက်ခါခါ ရေရွတ်ရင်း မိုးဖြူကို ရင်ခွင်ထဲ ဆွဲပွေ့လိုက်တာပါ။ အရှက်မျက်နှာကို ကျွန်တော့်ရင်မှာ ကွယ်ဝှက်ထားပေမယ့် သူ့နှုတ်ခမ်းမှာ အပြုံးလေးတစ်ခုတော့ ရှိနေမှာကိုတော့ ကျွန်တော် ဘယ်သူနဲ့မဆို ဒေါ်လာဆယ်သန်းကြေး လောင်းရဲပါတယ်။

ကျောင်းတော်ကြီးကလည်း ...

တစ်ချိန်က ကျောင်းစိမ်းကောင်လေးနဲ့ကောင်မလေးတို့ကို ပြုံးပြီး ကြည့်နေမှာမလွဲပါဘူး။

လေးစားစွာ

